# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်    ၂၀၁၅ ခုနှစ်၊ မေ ၁၅ ရက်၊ သောကြာနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၂၂]


**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျအခြေစိုက် ဝုဒ်ဆိုက်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

**“ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုများနှင့် ဒေသခံပြည်သူများအတွက် လူမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများဆွေးနွေး ”**



**နေပြည်တော်    မေ    ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံအခြေစိုက် ဝုဒ်ဆိုက်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ ပီတာကိုးလ်မန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုများနှင့် ဒေသခံပြည်သူများအတွက် လူမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများ၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ရေးအတွက် ထူးချွန်လူငယ်များကို ပြည်ပပညာတော်သင် စေလွှတ်သင်ကြားနိုင်ရေး၊ ပြည်တွင်း၌ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံအခြေစိုက် ဝုဒ်ဆိုက်ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ ပီတာကိုးလ်မန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)


အိန္ဒိယဝန်ကြီးချုပ် တရုတ်သို့ သုံးရက်ခရီးစတင် စာမျက်နှာ-၄

မြန်မာ့အသံ၏ မိုဘိုင်းလ်ရေဒီယိုလာပြီ စာမျက်နှာ-၉

ရန်ကုန်မြို့တွင်း အမှိုက်သိမ်းဆည်းသန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့ဆန္ဒခံယူပြီး ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည် စာမျက်နှာ-၁၀


# မြန်မာစကိတ်အဖွဲ့ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးစားသွားမည်

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန်    မေ    ၁၄**


မြန်မာစကိတ်အဖွဲ့အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုမှာ စကိတ်အဖွဲ့များ၏ ထောက်ပံ့အားပေးမှုကိုရရှိလာပြီဖြစ်၍ အရှေ့တောင်အာရှနိုင်ငံများသာမက ကမ္ဘာ့အိုလံပစ် စကိတ်ပြိုင်ပွဲများအထိ အဆင့်အတန်းမီဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း မြန်မာစကိတ်အသင်းဥက္ကဋ္ဌ ကိုလွင်လတ်က ပြောကြားသည်။

“အခြားနိုင်ငံတွေလို ကျွန်တော်တို့ မြန်မာစကိတ်အဖွဲ့ကို နိုင်ငံတော်က အသိအမှတ်ပြုပြီး စကိတ်ကွင်းတွေ သတ်သတ်မှတ်မှတ် လုပ်ပေးလာမယ်ဆိုရင် ကျွန်တော်တို့ မြန်မာစကိတ်အဖွဲ့အနေနဲ့ ကမ္ဘာ့အိုလံပစ် စကိတ်ပြိုင်ပွဲတွေအထိပါ အဆင့်အတန်းမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင် ကြိုးစားသွားမှာပါ” ဟု ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ Holiday Inn & Restaurant ၌ ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် တတိယအကြိမ် ကျင်းပမည့် စကိတ်ပြိုင်ပွဲအကြို မီဒီယာရှင်းလင်းပွဲတွင် အသင်းဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

အဆိုပါ တတိယအကြိမ်ကျင်းပမည့် တစ်နိုင်ငံလုံးဆိုင်ရာ စကိတ်စီးပြိုင်ပွဲကြီးကို ရန်ကုန်တိုင်းဒေသကြီးထောက်ကြန့်မြို့ မြို့ရှောင်လမ်းရှိ မီနီစကိတ်ကွင်းကြီး၌ လာမည့် ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ထည့်သွင်းထားသည့်ပြိုင်ပွဲဝင် အမျိုးအစားများမှာ Racing Men (Time Trial) - ( 3 Medals), Racing Women (Time Trial)-(3 Medals),U-13 Junior Kid (Jam) -( 5 Medals),Inline Open Jam -(5 Medals),Junior Slalom(Basic + one foot)-(3 Medals),Junior Freestyle Slalom( Classic + one foot)-(5 Medals), Junior Aggressive Inline - (3 Medals),Senior Aggressive Inline-


စာမျက်နှာ ၈ ကော်လံ ၁ ✻





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ယာယီသက်သေခံလက်မှတ်များ အမြန်ဆုံးအပ်နှံကြပါစို့

မြန်မာနိုင်ငံတွင် အခြေအနေအရ တစ်ချိန်က ထုတ်ပေးခဲ့သော ယာယီသက်သေခံလက်မှတ် (White Card) များကို ယခုအခါ သက်တမ်းကုန်ဆုံးပြီဖြစ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြန်လည်အပ်နှံရေး ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါသော်လည်း အဆိုပါ သက်သေခံ လက်မှတ်များအပ်နှံမှုမှာ နှေးကွေးလျက်ရှိပါသည်။ ယာယီသက် သေခံလက်မှတ်များကို အမြန်ဆုံးအပ်နှံသွားရန်လို အပ်ပါသည်။

ယာယီသက်သေခံလက်မှတ်ဟူသည်ကား သက်သေခံကတ်ပြား အစားထုတ်ပေးသည့် ကာလအပိုင်းအခြားအလိုက် အတည်ဖြစ်သော မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ဆိုလိုသည်ဟု ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ အပိုဒ် ၂ (င) တွင် ဖွဲ့ဆိုထားပါသည်။ ဤလက်မှတ်သည် သက်သေခံကတ်ပြား ချက်ချင်းမထုတ်ပေးနိုင်သေးသည့် ကိစ္စရပ်များတွင် သက်သေခံကတ်ပြားအစားထုတ်ပေးသည့် လက်မှတ်ဖြစ်ပါသည်။

ဤယာယီသက်သေခံလက်မှတ်များကို ၁၉၉၅ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အစိုးရလက်ထက်တွင် စတင်ထုတ်ပေးခဲ့ပြီး အရေအတွက်အားဖြင့် မြန်မာနိုင်ငံအတွင်း အသက် ၁၈ နှစ်ပြည့်ပြီး ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူ ငါးသိန်းကိုးသောင်း တစ်ဆယ့်ခြောက်ဦးရှိကြောင်း သိရသည်။

ဤယာယီသက်သေခံလက်မှတ်များကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ ယာယီသက်သေခံလက်မှတ်များ ပြန်လည်အပ်နှံရေးကာလကို နှစ်လကြာသတ်မှတ်ခဲ့ပြီး ယခုမေလ ၃၁ ရက်တွင် အပ်နှံရေးကာလ ပြီးဆုံးမည်ဖြစ်ပါသည်။ ဤကဲ့သို့ ယာယီသက်သေခံလက်မှတ်များ ပြန်လည်အပ်နှံရေးဆောင်ရွက်ရခြင်းသည်ကား မြန်မာနိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို အားဖြည့်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း သိရပါသည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံး ယာယီသက်သေခံလက်မှတ်အပ်နှံမှုစာရင်းမှာ မေ ၁၁ ရက်အထိ ၃၈၆၃၁၉ ကတ်ရှိသွားပြီဖြစ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပ်နှံမှုမှာ ၅၀ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။ ယာယီသက်သေခံလက်မှတ်များ အပ်နှံခြင်းကို ဧပြီလမှ စတင်ဆောင်ရွက်ခဲ့ရာ မေလကုန်တွင် အပ်နှံရေးကာလပြီးဆုံးမည်ဖြစ် ပါသည်။ သို့ပါသောကြောင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများအနေဖြင့် သက်ဆိုင်ရာသို့ အမြန်ဆုံးအပ်နှံသွားကြရန် အသိပေးတိုက်တွန်းအပ်ပါကြောင်း။ ။

## သမိုင်းဝင် ပန်းအိုင် ရွှေမုဋ္ဌောဆုတောင်းပြည့် မြတ်စွာဘုရား ဗုဒ္ဓပူဇနိယ ပွဲတော်ကျင်းပမည်

မလှိုင် မေ ၁၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သမိုင်းဝင် ပန်းအိုင် ရွှေမုဋ္ဌောဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဘုရားကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တာဝန်ရှိအဖွဲ့အစည်း အဆင့်ဆင့်တို့၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို မေ ၂၇ရက်မှ ဇွန် ၁ ရက်အထိ နေ့ည အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပပြီး ပွဲတော်ကြီးကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဘုရားပွဲတော်ကာလကို ဇွန် ၁ ရက်မှ ၁၈ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# မြန်မာနိုင်ငံရှိ ထားဝယ်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမည့် ဂျပန်အစိုးရ

**ကျော်သဲအိမ်**

ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံရှိ ထားဝယ်ဆိပ်ကမ်းနှင့် စက်မှုဇုန်စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လုပ်ဆောင်နေစဉ် ထိုင်းနိုင်ငံရှိ အမြန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းပါ တစ်ပါတည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း မေ ၁၁ ရက်က ထုတ်ဖော်ပြောကြားသည်ဟု ဒေသတွင်းမီဒီယာများ၌ ဖော်ပြထားသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ စီးပွားရေး အထူးအကြံပေးဖြစ်သူ ဟီရိုတို အီဇူမိနှင့် ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာတို့ မကြာသေးမီက တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အဆိုပါ သတင်းများ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုင်းအမြန်ရထားလမ်း အကောင်အထည်ဖော်ရေးအတွက် ထိုင်းပို့ဆောင်ရေး ဒုတိယဝန်ကြီး အာခွန်တန်ပီရာပိုင်ဆစ်က မေလ ၂၆၊ ၂၇ ရက်တွင် ဂျပန်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်အတွင်း သဘောတူ လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။ ထိုင်း အမြန်ရထားလမ်းစီမံကိန်းအပြင် ဂျပန်အစိုးရသည် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်များကို ပူးတွဲအကောင်အထည်ဖော်ရန် ဇူလိုင်လတွင် ထိုင်း၊ မြန်မာတို့နှင့်အတူ သုံးပွင့်ဆိုင် သဘောတူညီချက် လက်မှတ်ရေးထိုးရန် မျှော်လင့်နေကြောင်း ဝန်ကြီးချုပ် အာဘေး၏ အထူးစီးပွားရေးအကြံပေး ဟီရိုတိုအီဇူမိက ပြောကြားသည်။

ထို့ပြင် ဟီရိုတိုအီဇူမိက ဒေါ်လာဘီလီယံများစွာကုန်ကျမည့် ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် စက်မှုဇုန်များ တည်ဆောက်ရေးတွင် မြန်မာ၊ ထိုင်းတို့နှင့်အတူ ဆောင်ရွက်ကြမည်ဖြစ်ပြီး ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဂျပန်ဘက်မှ ဂျိုက်ကာ (JICA) နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဂျပန်ဘဏ်တို့က အဓိက အေဂျင်စီများအဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းများသည် ကန်ချနာဘူရီနှင့် နီးစပ်သဖြင့် ကန်ချနာဘူရီ-ဗန်ကောက်၊ ဆာကွေးရထားလမ်းဖောက်လိုက်ခြင်းအားဖြင့် မြန်မာနှင့် ထိုင်းနိုင်ငံများရှိ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားသည်။






## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး

**ရန်ကုန် မေ ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အထွေထွေအတွင်းရေးမှူး ဦးဇော်မိုးလွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှေ့နေ ဦးခင်ဇော်နှင့် အဖွဲ့ဝင်များ၊ မြို့တော်သတင်းဌာနမှ သတင်းထောက် ဦးမြင့်ဝေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားစုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး ဦးသန်းနိုင်က အဖွင့်စကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ရှေ့နေက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး ဆောင်ရွက်မည့် အစီအစဉ်များကို ဟောပြောပို့ချခဲ့သည်။

**မောင်မောင်**

## မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

မိုးမောက် မေ ၁၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးလှတင် ဦးဆောင်သည့် ဝန်ထမ်းများနှင့်အဖွဲ့က မေ ၈ ရက်မှ ၉ ရက်အထိ မြို့နယ်အတွင်းရှိ နှစ်ခြင်းဘုရားကျောင်းနှင့် ကက်သလစ်ဘုရားကျောင်းရှိ ယာယီရွှာရှောင်စခန်းနေ ပြည်သူ ၁၇၂ ဦးကို အမျိုးသားမှတ်ပုံတင်ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅-၁၁၀၉ |
| ဥရောပ | တစ်ယူရို | ၁၂၄၀-၁၂၅၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၅-၈၃၅ |
| ထိုင်း | တစ်ဘတ် | ၃၄-၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၈-၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၅-၁၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၈ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၈၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၂၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၄၅၀-၂၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၈၀-၇၀၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ရေတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၄၀၀ |
| သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ တင်ပြသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နိုင်ငံနှင့် ဆားဘီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရာမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်နိုင်ငံနှင့် ဆားဘီးယားနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး မေ ၁၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့ Nikola Tesla အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ယူအေအီးနိုင်ငံမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့က Mobile ဖုန်းအသုံးပြုသူများ အခမဲ့ ရယူနိုင်မည့် UCSB Mobile App Application အား မိတ်ဆက်ဖြန့်ဝေ

**နေပြည်တော် မေ ၁၄**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့သည် အဖွဲ့၏ Website ဖြစ်သည့် www.ucsb.gov.mm နှင့် Web Portal http://ucsb.imis.com.mm ကို ၂၀၀၅ ခုနှစ်မှ စတင်တည်ထောင်လွှင့်တင်ခဲ့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က အဓိကတာဝန်ယူဆောင်ရွက်ရသည့် ပြန်တမ်းဝင်အဆင့် နိုင်ငံ့ဝန်ထမ်းအရာထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ကောက်နုတ်ချက်များကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်ခြင်းနှင့် စပ်လျဉ်း၍ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားလျက်ရှိသော သင်တန်းဆိုင်ရာအချက်အလက်များနှင့် နိုင်ငံခြားပညာတော်သင် စေလွှတ်ရွေးချယ်မှုအခြေအနေများကိုလည်းကောင်း အချိန်နှင့်တစ်ပြေးညီလွှင့်တင် အသိပေးခြင်းဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိသည်။

ယခုအခါ ပြန်တမ်းဝင်အဆင့် နိုင်ငံ့ဝန်ထမ်း အရာထမ်းဝင်ပေါက် ရာထူးများခေါ်ယူသည့် ကြော်ငြာများ ထုတ်ပြန်ခြင်း၊ လူတွေ့စစ်ဆေးခံမည့်သူများစာရင်း၊ အပြီးသတ်ရွေးချယ်စာရင်းများ ကြေညာခြင်းစသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Update News ကို ပြည်သူများက တိုးတက်လာသော ခေတ်ကာလနှင့်အညီ သတင်းအချက်အလက်များကို လွယ်ကူစွာ လေ့လာသိရှိအသုံးပြုနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် Information Web Portal Mobile Friendly Site အဖြစ် UCSB Mobile App Application ကို ရေးဆွဲပြီး ပြည်သူ့ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

**Google Play Store တွင် တွေ့မြင်နိုင်သည့် UCSB Mobile Application Logo**

ယခုခေတ်ကာလသည် ပြည်သူများအနေဖြင့် Mobile Phone များမှတစ်ဆင့် Internet အသုံးပြုမှု ပိုမိုမြင့်မားလာသည့်အတွက် ခေတ်ကာလနှင့်လျော်ညီစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Web Portal ကို Information Web Portal Mobile Friendly Site အဖြစ် တိုးချဲ့ဆောင်ရွက်ပြီး Mobile ဖုန်းအသုံးပြုသူများ အခမဲ့ရယူ အသုံးပြုနိုင်မည့် UCSB Mobile App Application အား မိတ်ဆက်ဖြန့်ဝေခြင်းဖြစ်ပါသည်။

UCSB Mobile App Application ကို Version 4.0 နှင့်အထက်၊ Zawgyi-One Font ထည့်သွင်းထားသည့် Android အသုံးပြု Mobile Phone များနှင့် Tablet များတွင် Google Account၊ Google Play Store မှတစ်ဆင့် Download ရယူနိုင်သကဲ့သို့ ဤအဖွဲ့၏ website ဖြစ်သည့် www.ucsb.gov.mm တွင်လည်း Download ပြုလုပ်နိုင်ပြီး Install ပြုလုပ်ရမည့် လုပ်ငန်းစဉ်များကို ဖော်ပြထားရှိသည်။

အဆိုပါ Mobile App Application တွင် ပြန်တမ်းဝင်အဆင့် နိုင်ငံ့ဝန်ထမ်းအရာထမ်း ဝင်ပေါက်ရာထူးများခေါ်ယူသည့် ကြော်ငြာများ၊ လူတွေ့စစ်ဆေးခံမည့်သူများစာရင်း၊ အပြီးသတ်ရွေးချယ်စာရင်းများ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ကောက်နုတ်ချက်နှင့် နိုင်ငံခြားပညာတော်သင် စေလွှတ်မှုဆိုင်ရာ သတင်းအချက်အလက်များပါဝင်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ websiteနှင့် ချိတ်ဆက်၍ အဖွဲ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေဖြင့် Internet အသုံးပြုနိုင်သော မည်သည့်နေရာဒေသမှမဆို Mobile Handset များနှင့် Tablet အသုံးပြု၍ အဆိုပါ Mobile App Application ကို အလွယ်တကူ ရယူကြည့်ရှုနိုင်သောကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တစ်ပြေးညီ ရရှိခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်အားလျှော့ချနိုင်စေခြင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများအတွက် သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာရရှိနိုင်ခြင်း၊ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသော သတင်းအချက်အလက်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများလွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်ခြင်း စသည်ဖြင့် ပြည်သူ့ဝန်ဆောင်မှုအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး နေပြည်တော်၌ကျင်းပမည်

**နေပြည်တော် မေ ၁၄**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်သော (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMIT ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်ရန် မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ ထွက်ခွင့်ကတ်များကို ဇွန် ၂၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း ၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၅နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကနေဒါဧည့်သည်အဖွဲ့ ပုဗ္ဗသီရိမြို့နယ် မူကြိုကျောင်းသို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၁၄**

ကနေဒါနိုင်ငံမှ Mr. Miehcel Mcgarry သည် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒေါက်တာဝေမြင့်၊ ဒေါက်တာ သက်နိုင်ဦးတို့နှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီက ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက်ရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ Mr .Miehcel Mcgarry သည် မူကြိုကျောင်းရှိ ဆရာမများ၊ ကလေးငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကလေးငယ်များသင်ကြားနေမှု သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းဝင်းအတွင်းရှိ ရေတွင်း၊ ရေကန်များကို လိုက်လံကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို အပြန်အလှန် ဆွေးနွေးခဲ့ပြီး ကလေးငယ်များနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

Mr. Miehcel Mcgarry သည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လက်အောက်ရှိ ဆေးခန်းများ၊ သားဖွားခန်းများ၊ မူကြိုကျောင်းများ၏ လိုအပ်ချက်များကို ကနေဒါနိုင်ငံမှ ကူညီထောက်ပံ့နိုင်ရန် ရှေးဦးစွာ မြန်မာနိုင်ငံသို့ အကြိုလာရောက် လေ့လာခြင်းဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**အောင်ကို (iprd)**



# အီရန်အပေါ် ပင်လယ်ကွေ့မဟာမိတ်နိုင်ငံများ၏စိုးရိမ်မှု အိုဘားမားနှစ်သိမ့်ဆွေးနွေး

**ဝါရှင်တန် မေ ၁၄**

အိမ်ဖြူတော်၌ မေ ၁၃ ရက်နေ့က ကျင်းပခဲ့သော ပင်လယ်ကွေ့နိုင်ငံများပူးပေါင်းဆောင်ရွက်ရေးကောင်စီ အစည်းအဝေး တက်ရောက်သည့် ဆော်ဒီမင်းသား မိုဟာမက်ဘစ်နာရိဖ်နှင့် အမေရိကန်သမ္မတ ဘားရတ်အိုဘားမားတို့ တွေ့ဆုံကြသည်။

အီရန်နျူကလီးယားအရေးဖြင့် ပတ်သက်၍ အမေရိကန်အနေနှင့် အာရပ်ခေါင်းဆောင်များအကြား ၎င်းတို့၏ လုံခြုံရေးဆိုင်ရာကိစ္စများကို ကျူးလွန်မိသလို ဖြစ်ခဲ့သောကြောင့် ဆော်ဒီအာရေဗျအပါအဝင် ပင်လယ်ကွေ့မဟာမိတ်နိုင်ငံများနှင့် ယုံကြည်မှုတည်ဆောက်ရန် အိုဘားမားအနေနှင့် ကြိုးစားလျက်ရှိသည်။

မေရီလင်း၌ ကျင်းပမည့် အဆင့်မြင့်အစည်းအဝေးတွင် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးရန် အိုဘားမားနှင့် ပင်လယ်ကွေ့ပူးပေါင်းရေး အဖွဲ့ဝင်များဖြစ်သော ဆော်ဒီ၊ ကူဝိတ်၊ ကာတာ၊ ဘာရိန်းစသောနိုင်ငံများမှ ကိုယ်စားလှယ်များ တွေ့ဆုံမည်ဖြစ်သည်။



အီရန်၊ ဆီးရီးယားနှင့် အာရပ်နိုင်ငံများအပေါ်ထားသော အမေရိကန်မူဝါဒများကို အစည်းအဝေးများတွင် ဆွေးနွေးခြင်းဖြစ်သည်။ နျူကလီးယားအရေးနှင့်ပတ်သက်၍ အီရန်အပေါ် အနောက်နိုင်ငံများက အရေးယူပိတ်ဆို့မှုများ ဖယ်ရှားပေးမည်ကို အာရပ်ခေါင်းဆောင်များက စိုးရိမ်နေကြသည်။ **(ရိုက်တာ)**

# ဖိလစ်ပိုင် ဖိနပ်စက်ရုံ မီးလောင်မှု ၇၂ ဦးသေ

**မနီလာ မေ ၁၄**

ဖိလစ်ပိုင်မြို့တော် မနီလာရှိ ရော်ဘာဖိနပ်စက်ရုံတွင် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၇၂ ဦး သေဆုံးခဲ့သည်။ ဗုဒ္ဓဟူးနေ့က ဗယ်လင်ဇွဲလားမြို့ရှိ နှစ်ထပ်စက်ရုံကို မီးလောင်ခဲ့ခြင်းဖြစ်သည်။ မီးသတ်သမားများသည် ခုနစ်နာရီကြာအောင် မီးငြိမ်းသတ်ခဲ့ရသည်ဟု ဒေသမီဒီယာများက ဖော်ပြသည်။ စက်ရုံလုပ်သားများအပါအဝင် လူ ၇၂ဦး သေဆုံးခဲ့သည်ဟုသိရသည်။

မီးစတင်လောင်ချိန်၌ ဂဟေဆော်ခြင်းလုပ်ကိုင်နေသော အလုပ်သမား ၂၀၀ ကျော်တို့ စက်ရုံအတွင်း၌ ရှိနေကြသည်။ စက်ရုံအတွင်းရှိ ဂဟေဆော်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းမှ လွင့်စဉ်ထွက်လာသော မီးပွားများကြောင့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားသည်ဟု အာဏာပိုင်များက ယူဆကြသည်။

သေဆုံးသူများသည် စက်ရုံဒုတိယအထပ်မှ ထွက်ပြေးလွတ်မြောက်နိုင်ခြင်းမရှိဘဲ သေဆုံးရခြင်းဖြစ်သည်ဟု ရဲများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်တည်းခိုရိပ်သာပစ်ခတ်မှု ငါးဦးသေဆုံး

**ကဘူးလ် မေ ၁၄**

သေနတ်သမားတစ်ဦးသည် ဗုဒ္ဓဟူးနေ့က နိုင်ငံခြားသားများနေထိုင်ရာ တည်းခိုရိပ်သာတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အနည်းဆုံးလူငါးဦးသေဆုံးပြီး သေဆုံးသူများထဲတွင် အမေရိကန်တစ်ဦးနှင့် အိန္ဒိယလူမျိုးနှစ်ဦးတို့ပါဝင်သည်။ အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်များကြောင့် အာဖဂန်နစ္စတန်သည် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သိရသည်။ ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ပွားပြီး မကြာမီမှာပင် သက်ဆိုင်ရာအာဏာပိုင်များက အခင်းဖြစ်ပွားရာ နေရာတစ်ဝိုက်တွင် အစောင့်များချထားခဲ့သည်။ ကဘူးလ်မြို့၏ ကိုလိုလာပွတ်ရှ်တာဒေသရှိ ပါ့ခ်ပဲလေ့စ်တည်းခိုရိပ်သာ၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းဒေသသည် ကဘူးလ်မြို့တော်ရှိ နိုင်ငံခြားသား ခရီးသွားများ တည်းခိုနေထိုင်သည့် တည်းခိုရိပ်သာအများဆုံးရှိသည့် နေရာဖြစ်သည်။

အခင်းဖြစ်ရာနေရာ၌ လူနာတင်ကားများ ထွက်ခွာသွားပြီး ရဲများဖြင့် ရှုပ်ထွေးနေသည့် အခြေအနေသည် ငါးနာရီကြာပြီးနောက် အဆုံးသတ်သွားခဲ့သည်။

တိုက်ခိုက်ခြင်းကို မည်သူကပြုလုပ်ခဲ့ကြောင်း အတိအကျမသိရသေးပေ။ သို့သော် ယခင်ကဖြစ်စဉ်များကို ပြန်ပြောင်းသုံးသပ်ရာတွင် တာလီဘန်နှင့် အယ်လ်ကေးဒါးနှင့်ဆက်နွှယ်နေသော ဟက်ဂနီတို့ကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်ထားသည်။

ပြီးခဲ့သည့်နှစ်က ရက်စက်သော တိုက်ခိုက်မှုများကို ကဘူးလ်မြို့တွင် တာလီဘန်တို့ပြုလုပ်ခဲ့ကြသည်။ ကဘူးလ်မြို့၏ ရဲတပ်ဖွဲ့အကြီးအကဲ အက်ဘ်ဒူရာဟမ်ရာဟီမီက ကြာသပတေးနေ့အစောပိုင်းက အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်ကြောင့် လူငါးဦးသေဆုံးခဲ့ပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက အဆိုပါတိုက်ခိုက်မှုတွင် အမေရိကန်နိုင်ငံသားတစ်ဦး သေဆုံးခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ထို့ပြင် အိန္ဒိယလူမျိုးနှစ်ဦးလည်း အဆိုပါတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပြီး ၎င်းတည်းခိုရိပ်သာတွင် တည်းခိုနေသော အခြားဧည့်သည်သုံးဦးကိုလည်း အိန္ဒိယသံရုံး၌ နားခိုစရာနေရာပေးထားကြောင်း သံတမန်တစ်ဦးကပြောခဲ့သည်။

တည်းခိုခန်းတွင် အခင်းဖြစ်ပွားချိန်၌ လူ ၄၄ ဦးလုံးပိတ်မိနေပြီး ရဲတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့များက ၎င်းတို့ကိုကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ ကနဦးတင်ပြချက်များအရ တိုက်ခိုက်မှုဖြစ်စဉ်တွင် သေနတ်ယူလာသူနှစ်ဦးပါဝင်ခဲ့ကြောင်း သိရသော်လည်း တစ်ဦးသာလျှင် တိုက်ခိုက်ခဲ့ကြောင်း သက်သေပြနိုင်ခဲ့သည်။

**(ရိုက်တာ)**

# အိန္ဒိယဝန်ကြီးချုပ် တရုတ်သို့ သုံးရက်ခရီးစတင်



**နယူးဒေလီ မေ ၁၄**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် နှစ်နိုင်ငံအပြန်အလှန်ယုံကြည်မှု နည်းပါးနေသော်လည်း တရုတ်နိုင်ငံသို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သုံးရက်ကြာခရီးအဖြစ် ထွက်ခွာသွားသည်။

နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်ကာလကြာရှည်စွာ နယ်စပ်ပြဿနာကြောင့် လိပ်ခဲတည်းလည်းဖြစ်နေကြသည်ဟု ဆိုသည်။ မစ္စတာမိုဒီသည် သမ္မတရှီကျင့်ဖျင်နှင့် မြို့တော်ပေကျင်းရှိနေအိမ်သို့ သွားရောက်တွေ့ဆုံမည်ဖြစ်ကြောင်း၊ ယင်းမှ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့များသို့ လှည့်လည်မည်ဖြစ်ကြောင်း သိရသည်။

မစ္စတာမိုဒီက ၎င်းသွားရောက်လည်ပတ်မှုသည် အာရှ၏အလားအလာကို တိုးပွားစေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ မိမိ၏ သွားရောက်လည်ပတ်မှုသည် တရုတ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတုတ်မြစ်ကို ချမှတ်နိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံကျော်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရထားလမ်းချော်မှုတွင် အရှိန်ထိန်းလုံခြုံရေးစနစ်တပ်ဆင်ထားခြင်းမရှိ

**ဖီလာဒဲဖီးယား မေ ၁၄**

ဖီလာဒဲဖီးယား၌ လူသေဆုံးခဲ့သည့် အန်းထရက်ရထားလမ်းချော်မှုဖြစ်ပွားခဲ့ရာတွင် အမြန်နှုန်းထိန်းလုံခြုံရေးစနစ်တပ်ဆင်ထားခဲ့လျှင် လမ်းချော်တိမ်းမှောက်မှု မဖြစ်ပွားနိုင်ဟု အမေရိကန်သယ်ယူပို့ဆောင်ရေး အာဏာပိုင်များက ပြောသည်။

ရထားသည် အင်္ဂါနေ့ညက သတ်မှတ်အမြန်နှုန်း တစ်နာရီ ၈၀ ကီလိုမီတာ ထက်နှစ်ဆကျော်လွန်လျက် ခုတ်မောင်းလာခဲ့ပြီး လမ်းကြောင်းပေါ်မှ ချော်ထွက်လာခဲ့သည်ဟု အမေရိကန်အမျိုးသားသယ်ယူ ပို့ဆောင်ရေးလုံခြုံမှု အဖွဲ့အစည်းရှိ စုံစမ်းစစ်ဆေးသူများက ဆိုသည်။

ရထားလမ်းချော်မှု ဖြစ်ပွားခဲ့သည့်နေရာ၌ သတ်မှတ်အမြန်နှုန်းထက်ပို၍ မောင်းနှင်လာခဲ့လျှင် အလိုအလျောက်အရှိန်နှုန်းလျော့ကျစေမည့် စနစ်ကို တပ်ဆင်သွားမည်ဟု ၎င်းတို့က ဗုဒ္ဓဟူးနေ့တွင် သတင်းထောက်များကို ပြောခဲ့သည်။

အဆိုပါစနစ်ကို စက်ရုံများ၌ နှစ်အကုန်တွင် တပ်ဆင်ရမည်ဟု ဥပဒေပြဋ္ဌာန်းလိုက်ပြီးနောက်ပိုင်း အရှေ့ဘက်ကမ်းရိုးတန်းဒေသအချို့တွင် တော်တော်များများ တွေ့မြင်လာရပြီဖြစ်သည်။ သို့သော် ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် အချို့ကုမ္ပဏီများတွင် တပ်ဆင်ရန်ကြန့်ကြာနေဆဲဖြစ်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

ရထားသည် ကွေ့ရန်ကြိုးပမ်းစဉ် တစ်နာရီလျှင် ၁၇၀ ကီလိုမီတာ အရှိန်နှုန်းဖြင့် ခုတ်မောင်းလျက်ရှိသည်ဟု သယ်ယူပို့ဆောင်ရေးအာဏာပိုင်များက ဆိုသည်။ နယူးယောက်မှ ဝါရှင်တန်သို့ ခုတ်မောင်းသော အဆိုပါရထားပေါ်တွင် ခရီးသည် ၂၄၀ ပါဝင်သည်။

**(အင်န်အိတ်ချ်ကေ)**



# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

---

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

---

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်-

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

---

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

# မုဒုံမြို့နယ်၌ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲပြန်လည်ကုစားဖြေဆို

**မုဒုံ မေ ၁၄**

အခြေခံပညာမူလတန်း စတုတ္ထတန်းနှင့် အခြေခံပညာအလယ်တန်း အဋ္ဌမတန်းစာမေးပွဲ မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာရပ် ပြန်လည်ကုစားဖြေဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ကျင်းပလျက်ရှိသည်။

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အခြေခံပညာမူလတန်းစတုတ္ထတန်းအတွက် ပြန်လည်ကုစားဖြေဆိုရန် စာဖြေဌာန ကိုးခုတွင် မြန်မာစာ ဘာသာရပ်၌စာရင်းရှိ ၂၉၅ ဦးအနက် ပျက်ကွက်သူ ၁၄၂ ဦးရှိပြီး ဖြေဆိုသူ ၁၅၃ ဦးရှိသည်။ အင်္ဂလိပ်စာ ဘာသာရပ်၌ စာရင်းရှိ ၃၉၇ ဦးအနက် ပျက်ကွက်သူ ၁၅၇ ဦးရှိပြီး ဖြေဆိုသူ ၂၄၀ ရှိသည်။

အခြေခံပညာ အလယ်တန်း အဋ္ဌမတန်းအတွက် ပြန်လည်ကုစားဖြေဆိုရန် မုဒုံမြို့နယ်၌ စာဖြေဌာန ခုနစ်ခုတွင် မြန်မာစာဘာသာရပ်၌ စာရင်းရှိ ၁၅၆ ဦးအနက် ပျက်ကွက်သူ ၉၄ ဦးရှိပြီး ဖြေဆိုသူ ၆၂ ဦး ရှိသည်။ အင်္ဂလိပ်စာ ဘာသာရပ်၌ စာရင်းရှိ ၂၃၂ ဦးအနက် ပျက်ကွက်သူ ၁၂၆ ဦးရှိပြီး ဖြေဆိုသူ ၁၀၆ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကိုချစ် (မုဒုံ)**

**စာပေမြင့်မှ လူမျိုးတင့်မည်**



# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ရာထူး၊ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာမြင့်ဟန် ညွှန်ကြားရေးမှူးချုပ် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာဒေါ်နွဲ့နွဲ့ဦး ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဆေးဘက်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှင့်စီမံခန့်ခွဲရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာကျော်ဇင်သန့် ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်ရီရီမြင့် ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |
| (င) | ပါမောက္ခဒေါက်တာဇော်ဝေစိုး ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျန်းမာရေးဝန်ကြီးဌာန |
| (စ) | ဦးမင်းထိန် ညွှန်ကြားရေးမှူးချုပ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန |
| (ဆ) | ဦးဆန်းအောင် ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး ဗဟိုပို့ဆောင်ဆက်သွယ်ရေး ကျောင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန |
| (ဇ) | ဦးကျော်စွာစိုး ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာ ဦးစီးဌာန၊သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် စက်မှုနည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီး ဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန |
| (ဈ) | ဦးဝင်းခိုင်မိုး ညွှန်ကြားရေးမှူးချုပ် မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေ သနဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် သုတေသနနှင့်တီထွင်ဆန်းသစ် မှုဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန |
| (ည) | ဦးဝင်းမော်ထွန်း ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် နည်းပညာနှင့်သက်မွေးပညာ ဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာရဲတင့်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးမြသန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန သမဝါယမဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန သမဝါယမဝန်ကြီးဌာန |
| (ဂ) | ဦးခန့်ဇော် ဒုတိယအင်ဂျင်နီယာချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| (ဃ) | ဒေါက်တာဒေါ်ကေသီလွင် ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(သန်လျင်) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (သန်လျင်)၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန |
| (င) | ဒေါက်တာဒေါ်သီဂီ ဒုတိယပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းနည်း ပညာတက္ကသိုလ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ရန်ကုန်အနောက်ပိုင်းနည်း ပညာတက္ကသိုလ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (စ) | ဒေါက်တာကြည်စိုး ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မှော်ဘီ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မှော်ဘီ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (ဆ) | ဒေါက်တာမောင်မောင်လတ် ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(တောင်ငူ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (တောင်ငူ)၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန |
| (ဇ) | ဒေါက်တာညွန့်စိုး ဒုတိယပါမောက္ခချုပ် ပြည်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ပြည်နည်းပညာတက္ကသိုလ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာကြည်သွင် ဒုတိယပါမောက္ခချုပ် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ည) | ဒေါက်တာဒေါ်စန်းစန်းရီ ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(တောင်ကြီး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (တောင်ကြီး)၊ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန |
| (ဋ) | ဒေါက်တာဆင့်စိုး ဒုတိယပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဌ) | ဒေါက်တာမြင့်သိန်း ဒုတိယပါမောက္ခချုပ် မန္တလေးနည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် မန္တလေးနည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဍ) | ဒေါက်တာဒေါ်ဝင်းအေး ဒုတိယပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (ဎ) | ဒေါက်တာဒေါ်စောစန္ဒာအေး ဒုတိယပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ်(ပြည်) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ် (ပြည်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ဏ) | ဒေါက်တာဒေါ်မိုးပွင့် ဒုတိယပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် မန္တလေးကွန်ပျူတာတက္ကသိုလ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |

# ကုန်သည်လောက၌ဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေများစွာလိုအပ်နေသည်ဆိုသောအချက်မှာ ခိုင်လုံမှုမရှိ

နေပြည်တော် မေ ၁၄

**ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ (၁/၂၀၁၅)အစည်းအဝေးကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက အခြေခံစားကုန်တွင် အရေးကြီးကုန်စည်ဖြစ်သည့် ဆန်နှင့်ပတ်သက်၍ ယခုနှစ်အတွင်း မိုးစပါးလက်ကျန်များစွာကျန်ရှိပြီး နွေစပါးအတွက်နှုန်းယခင်နှစ်ထက်ပိုမိုသည့်အတွက် လုံလောက်မှုရှိကြောင်း၊ စားဆီနှင့်ပတ်သက်၍လည်း လွယ်ကူစွာ တင်သွင်းခွင့်ပြုထားသည့်အတွက် စိုးရိမ်ရန်မရှိကြောင်း၊ ပြည်တွင်းမှာ လွတ်လပ်စွာကူးသန်းရောင်းဝယ်နိုင်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်နည်းတူ ပြည်ပသို့ တင်ပို့ရောင်းချမှုများ၊ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းသူများနှင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် ကုန်သွယ်မှုလုပ်ငန်းများတွင် ဖြေလျှော့မှုများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကုန်သွယ်မှုပမာဏများ တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက်လာခဲ့ကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များတွင် ကုန်သွယ်မှု ပမာဏ ၁၈ ဘီလီယံကျော်သာရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၅ ဘီလီယံရရှိခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၉ ဘီလီယံရရှိခဲ့ရာ ပို့ကုန်ရော သွင်းကုန်ပါ သိသိသာသာတိုးတက်ခဲ့ပါကြောင်း၊ သွင်းကုန်ပမာဏသည်ပို့ကုန်ပမာဏထက် ၄ ဘီလီယံကျော်ရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ အကြောင်းမှာ ယခုနှစ်များအတွင်း ထုတ်လုပ်မှုအခြေပြု ရင်းနှီးမြှုပ်နှံမှုများ၊ စွမ်းအင်ကဏ္ဍ၊ ဟိုတယ်ဆောက်လုပ်ရေးလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန် တည်ဆောက်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အထူးဦးစားပေးတင်သွင်းနေသည့်အတွက် ဖြစ်ပါကြောင်း၊ သွင်းကုန်ရင်းနှီးမြှုပ်နှံမှုကုန်စည်များအနက် Draw back ခေါ်သည့် ပြန်လည်ထုတ်ကုန်များဖြစ်သည့် အကြီးစားစက်ယန္တရားကြီးများသည် တန်ဖိုးသင့်၍ ဝင်လာသည်ဖြစ်သော်လည်း အမှန်တကယ်ငွေပေးချေမှုမရှိပါကြောင်း၊ အဆိုပါပစ္စည်းများသည် Project ပြီးချိန်၌ ပြည်ပသို့ ပြန်လည်ထုတ်ယူသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုသောလုပ်ငန်းများ၏ စုပေါင်းရင်းနှီးမြှုပ်နှံမှု တင်သွင်းတန်ဖိုးငွေ ဒေါ်လာ ၄ ဘီလီယံဖြစ်သည့်အတွက် မိမိနိုင်ငံမှ သိသိသာသာ နိုင်ငံခြားငွေစီးထွက်ခြင်းမရှိပါကြောင်း၊ ဝန်ဆောင်မှု ပို့ကုန်လုပ်ငန်းများဖြစ်သည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများ၊ ဆက်စပ်နေသော ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်းမှ ရရှိသည့် နိုင်ငံခြားငွေများ၊ ပြည်ပသို့ သွားရောက် လုပ်ကိုင်နေသည့် သန်းနှင့်ချီသော ရွှေ့ပြောင်းလုပ်သားများ၏ နိုင်ငံခြားဝင်ငွေများကြောင့် တစ်နိုင်ငံလုံး၏ လုပ်ငန်းပေါင်းစုံ နိုင်ငံခြားငွေအဝင်အထွက် မျှတသည်ကို တွေ့ရှိရပါကြောင်းနှင့် နိုင်ငံ၏ နိုင်ငံခြားရန်ပုံငွေကို မထိခိုက်နိုင်ပါကြောင်း။

> **အထွေထွေကုန်ဈေးနှုန်းတက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေမှုများအားလုံးကို သက်ဆိုင်ရာဌာနအသီးသီးမှ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ လိုအပ်သလို ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်**

သို့ဖြစ်၍ ယခုအချိန်တွင် ကုန်သည်လောက၌ ဖြစ်ပေါ်နေသည့် နိုင်ငံခြားငွေ များစွာလိုအပ်နေသည်ဟုဆိုသောအချက်မှာ ခိုင်လုံမှုမရှိပါကြောင်း၊ ကုန်သည်များအနေနှင့် လိုအပ်မှုမရှိဘဲ ရေတိုမိမိ၏အကျိုးစီးပွားအတွက် လုပ်ဆောင်နေမှုများကြောင့် အခြားနိုင်ငံများထက် ဒေါ်လာဈေးတက်မှု ရာခိုင်နှုန်းပိုများနေသည်ကို တွေ့ရပါကြောင်း၊ အထွေထွေကုန်ဈေးနှုန်းတက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေမှုများအားလုံးကို သက်ဆိုင်ရာ ဌာနအသီးသီးမှ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ လိုအပ်သလို ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ အခက်အခဲများကြောင့် ဈေးနှုန်းတက်မှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ အမြန်ဆုံးဖြေရှင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်ကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ လုပ်ငန်းကဏ္ဍအလိုက် ကုန်သည်အသင်းအဖွဲ့လိုက်များမှ တာဝန်ရှိသူများက မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်သည့် ကိစ္စရပ်များနှင့် အခက် အခဲရှိသည်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြု



**နေပြည်တော် မေ ၁၄**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၅ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပပြီး **(ယာပုံ)**အဆိုတစ်ခု တင်သွင်းခြင်း၊လူဦးရေတိုးပွားနှုန်းထိန်းညှိ ခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥပဒေကြမ်းတို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅) အရေးပေါ်အခြေအနေ ကြေညာခြင်းအပေါ် ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်စေရေးအတွက် လွှတ်တော်က အတည်ပြုပေးရန်**အဆိုကို ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က လွှတ်တော်သို့ တင်သွင်းသည်။

အဆိုတင်သွင်းရာတွင် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်များ၊ တာဝန်များ၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို စတင်အပ်နှင်းခဲ့သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်မှ ရက်ပေါင်း ၉၀ ပြည့်မြောက်မည့် ၂၀၁၅ ခုနှစ် မေလ ၁၇ ရက်အထိ ကာလအတွင်း ၎င်းဒေသ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ တရားစီရင်ရေးနှင့် စီမံခန့်ခွဲမှုအခြေအနေများသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်း မရှိသေးသည့်အတွက် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ထို့ကြောင့် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အရေးပေါ်အခြေအနေကြေညာထုတ်ပြန်ထားသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အား ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်၍ အတည်ဖြစ်စေနိုင်ရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းပါကြောင်းဖြင့် တင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းကို မေ ၁၅ ရက်တွင် ဆောင်ရွက်ရန်လျာထားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းဆွေးနွေးနိုင်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကြမ်း**ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်က ဆွေးနွေးပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်း**တို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# စီပိုးရောဂါကုသရန် ရရှိသည့်ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ ဆောင်ရွက်ရန်စီစဉ်လျက်ရှိ

**နေပြည်တော် မေ ၁၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နတ်တလင်း မဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး၏ **နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တန်းပြည့်စစ်မှုထမ်းချိန် သတ်မှတ်ထားသည့် စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်တို့တွင် လစာနှင့်ညီမျှသော ထောက်ပံ့သောငွေ ချီးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က



**ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး ဖြေကြားစဉ်။** (သတင်းစဉ်)

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ကြရာတွင် အချိန်ပြည့် ၂၄ နာရီ တာဝန်ရှိပြီး သက်စွန့်ကြိုးပမ်း စွန့်လွှတ်စွန့်စား ဆောင်ရွက်နေကြရသဖြင့် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ်အား လစဉ်ယခင် ကျပ် ၅၀၀၀ စီကို ယခု ကျပ် ၁၀၀၀၀ စီအဖြစ် တိုးမြှင့်ပြီး တပ်သားအဆင့်မှ ဗိုလ်ချုပ်မှူးကြီးအဆင့် အထိ ခံစားခွင့်ပြုထားပါကြောင်း။

တပ်မတော်သားများအတွက် လစာနှုန်းထားများကို စစ်ဆင်ရေး၊ လုံခြုံရေးတာဝန် ထမ်းဆောင်နေချိန်နှင့် သာမန်တာဝန်ထမ်းဆောင်နေချိန်ဟူ၍ ခွဲခြားသတ်မှတ်ထားခြင်း မရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား တန်းပြည့်စစ်မှုထမ်းချိန် သတ်မှတ်ထားသည့် စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်ထမ်းဆောင်ချိန်တို့တွင် လစာနှင့်ညီမျှသော ထောက်ပံ့



**ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် မေးမြန်းစဉ်။** (သတင်းစဉ်)

ငွေချီးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်၏ **မြန်မာနိုင်ငံတွင် စီပိုးရောဂါ ကုသရန် စီမံချက် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါ စီပိုးရောဂါကုသရန် စီမံချက်များ ယခုအချိန် မရှိသေးပါကြောင်း၊ အဆိုပါစီမံချက် ဆောင်ရွက်ရန်အတွက် စီမံချက်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း၊ National Hepatitis Programme အတွက် Country Representative Data များ ရရန်နှင့် တစ်နိုင်ငံလုံး၏ အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှု အချက်အလက်များ ရရှိရန် စစ်တမ်းကောက်ယူခြင်းကို ၂၀၁၅ ခုနှစ်တွင် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အသည်းဖောင်ဒေးရှင်း၊ ကလင်တန် ကျန်းမာရေးဖောင်ဒေးရှင်းတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိသည့် ကိန်းဂဏန်းအချက်အလက်များအပေါ်အခြေခံ၍ ရေ့လုပ်ငန်းစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **၁၉၅၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**ကို တင်သွင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု (မီးခိုးကန်ကွင်း)ရှိ တပ်မတော်မှ ပြန်လည်စွန့်လွှတ်လိုက်သည့် လယ်မြေများကို မူလပိုင်ရှင် လယ်သမားများလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့် ပုံစံ (၇)များကို ပေးအပ်ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် မေ ၁၄**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု (မီးခိုးကန်ကွင်း)ရှိ တပ်မတော်မှ ပြန်လည်စွန့်လွှတ်လိုက်သည့် လယ်မြေများကို မူလပိုင်ရှင်လယ်သမား ၇၇ ဦးမှ ပြန်လည်လျှောက်ထားခြင်းကိစ္စအပေါ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား သမ္မတရုံးဝန်ကြီးဌာန (၄) ဒုတိယဝန်ကြီး ဦးအောင်သိမ်းက အဆိုပါ ပြန်လည်စွန့်လွှတ်လယ်မြေများအား မူလလယ်သမားများထံ ယာယီလုပ်ပိုင်ခွင့်ပုံစံ(၇)ပြန်လည်ပေးအပ်နိုင်ရေး (ရပ်/ကျေး) မြို့နယ်/ခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီတို့မှ စိစစ်ဆောင်ရွက်ခဲ့ရာတွင် ကျွန်းကုန်းကျေးရွာအုပ်စုရှိ လယ်မြေ ၆၀၆ ဒသမ ၁၀ဧကအား လယ်သမား ၇၇ ဦးနှင့် ဆားတလင်းကျေးရွာ အုပ်စုမှ လယ်မြေ ၁၉ ဒသမ ၃၅ ဧကအား လယ်သမားတစ်ဦး စုစုပေါင်းလယ်သမား ၇၈ ဦးတို့အား စိစစ်နိုင်ခဲ့ကြောင်း၊ စုစုပေါင်း ဧရိယာ ၆၂၅ ဒသမ ၄၅ ဧကကို လယ်သမား ၇၈ ဦးတို့အား ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ကြီးမှူး၍ ၃၁-၃-၂၀၁၅ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ အခမ်းအနားဖြင့် လယ်သမားများလက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့် ပုံစံ (၇)များကို ပေးအပ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **မော်တော်ယာဉ်များ မှတ်ပုံတင်သက်တမ်းတိုးခြင်းကို နှစ်နှစ်တစ်ခါ ကာလအပိုင်းအခြားဖြင့်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင် လိုင်စင်စာအုပ်၊ စာရွက်စာတမ်းများအစား Smart Card System ကျင့်သုံးဆောင်ရွက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုအတွက် အိမ်စီးမော်တော်ယာဉ်များကို ကန့်သတ်တားမြစ်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များအတွက် မော်တော်ယာဉ်မှတ်ပုံတင်ကြေးများကို ထိရောက်သည့် ပမာဏတစ်ရပ်အထိ တိုးမြှင့်ဆောင်ရွက်ရန် ကြယ်ပွင့်ပြ မေးခွန်းနှင့်စပ်လျဉ်း၍** ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များအား တစ်နှစ်လျှင် တစ်ကြိမ်သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၁၅-၁၁-၂၀၁၂ မှစ၍ Brand New ကိုယ်ပိုင်လူစီး မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်သက်တမ်းသုံးနှစ်အထိ တိုးမြှင့်သတ်မှတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများ ပိုမိုအဆင်ပြေစေရေးအတွက် ကိုယ်ပိုင်လူစီးယာဉ်ငယ်များအား ယာဉ်အိုး ယာဉ်ဟောင်းအပ်နှံ၍ အစားထိုးတင်သွင်းမှတ်ပုံတင်မှုစတင်သည့် “၆ဂ” အက္ခရာနှင့် အထက်အက္ခရာ ယာဉ်ငယ်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

# ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အိမ်ခန်းပေါင်း ၃၃၃၅၉ ခန်းအား ယခုဘဏ္ဍာနှစ်အပြီး တည်ဆောက်လျက်ရှိ

နေပြည်တော် မေ ၁၄

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် မေ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့တော်ရှိ အိမ်ရာစီမံကိန်းများအား သွားရောက်စစ်ဆေးသည်။**

အဆိုပါ အိမ်ရာစီမံကိန်းများမှ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စီမံကိန်းသစ်ခြောက်ခုဖြစ်သော ဧရာဝဏ်-ရတနာ စီမံကိန်းတွင် လူနေအခန်းပေါင်း ၁၉၆၀၀၊ ကမ်းနား-ရွှေလီစီမံကိန်းတွင်လူနေအခန်းပေါင်း ၁၃၉၈ ခန်း၊ ပုဏ္ဏမီ-ရွှေလီစီမံကိန်းတွင် လူနေအခန်းပေါင်း ၆၁၈၉ ခန်း၊ ဧရာဝဏ်-ရွှေလီစီမံကိန်းတွင် လူနေအခန်းပေါင်း ၁၀၆၄ ခန်း၊ ယုဇနတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ (၂)၊ (၃)တွင် လူနေအိမ်ခန်းပေါင်း ၃၆၀၈ ခန်း၊ မြို့လယ်အိမ်ရာစီမံကိန်းတွင် လူနေအခန်းပေါင်း (Town Centre) ၁၅၀၀ စုစုပေါင်း ၃၃၃၅၉ ခန်းအား ယခု ဘဏ္ဍာရေးနှစ်တွင် အပြီးဆောက်လုပ်လျက်ရှိသည်။ ယခင် ဖော်ထုတ်ပြီး ယုဇနဥယျာဉ်အိမ်ရာစီမံကိန်းတွင် အခန်းပေါင်း ၁၈၀၀၀ ခန်းရှိသဖြင့် စုစုပေါင်း ၅၁၃၅၉ ခန်း ရှိလာမည်ဖြစ်သည်။

အဆိုပါအခန်းများတွင် လူဦးရေ စုစုပေါင်း ၂၅၆၈၀၀ နေထိုင်နိုင်မည်ဖြစ်ပြီးလူဦးရေများပြားသဖြင့် အဆိုပါစီမံကိန်းများအနီးတွင် အဓိကလိုအပ်ချက်များ ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပေးရန်အတွက် မေ ၁၃ ရက်တွင် သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ညှိနှိုင်းဆွေးနွေးရာ အဆိုပါစီမံကိန်းကြီးများတွင် အဓိကဆောင်ရွက်ပေးရမည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ၊ တယ်လီဖုန်းလိုအပ်ချက်များ၊ သစ်ပင်များစိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ဈေးများ၊ ဆိုင်ခန်းများ၊ ကားရပ်နားရန်နေရာနှင့် ယာဉ်လိုင်းများ စီစဉ်ပေးရေးလုပ်ငန်းများ၊ စုပေါင်းရုံးဆောက်လုပ်ရန် ကိစ္စရပ်များ စသည်တို့ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့် ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

*အမျိုးသားလွှတ်တော်မှ*

များအား နှစ်လဲသက်တမ်းတိုးခြင်းကို တစ်နှစ်လျှင် တစ်ကြိမ်သို့ ပြောင်းလဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အငှားယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ယာဉ်ကြီးများ၊ စက်မှုဇုန်ထုတ်ယာဉ်များ၊ **“ဖ”အက္ခရာအောက်**၊ ယာဉ်ငယ်များအား လက်ရှိအတိုင်း တစ်နှစ်လျှင် တစ်ကြိမ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



**ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။** (သတင်းစဉ်)

လက်ရှိအသုံးပြုနေသော မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် တန်ဖိုးမှာ ငွေကျပ် ၅၀၀ ဖြစ်ပြီး သက်တမ်းငါးကြိမ် အသုံးပြုနိုင်ကြောင်း၊ Smart Card အား ပြောင်းလဲမည်ဆိုပါက သက်တမ်းသုံးကြိမ်သာ အသုံးပြုနိုင်ပြီး ငွေကျပ် ၅၀၀၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထိုအခြေအနေများအရ Smart Card ပြောင်းလဲသုံးစွဲခြင်းသည် ယာဉ်ပိုင်ဆိုင်သည့်ပြည်သူများထက် Smart Card ပြုလုပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းရောင်းချသူတို့သာ ပို၍ အကျိုးဖြစ်နိုင်ကြောင်း သုံးသပ်ရရှိသဖြင့် လတ်တလောအခြေအနေများအရ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း၊ စီးပွားရေးမြို့တော် ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ခုံးကျော်တံတားကြီးများ တည်ဆောက်ခြင်း၊ ယာဉ်မရပ်ရလမ်းများ သတ်မှတ်ပြီး အရေးယူဆောင်ရွက်ခြင်း၊ ဘတ်စ်ကားကြီးများအား လမ်းကြောင်း သတ်မှတ်ပြီး ပြေးဆွဲစေခြင်း၊ မီးပွိုင့်များအား ဂျပန်နည်းစနစ်ဖြင့် အလိုအလျောက် ဆောင်ရွက်သည့်



**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) ဦးဆွေအောင် မေးမြန်းစဉ်။** (သတင်းစဉ်)

စနစ်သို့ ပြောင်းလဲတပ်ဆင်ပေးခြင်း၊ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်သည့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာဉ်များအား မြို့ဝင်ကြေးတိုး၍ ကောက်ခံခြင်းများ ဖြေရှင်းဆောင်ရွက်နေပြီး ၁-၁-၂၀၁၅ ရက်မှစ၍ ပြည်ပမှ တင်သွင်းသည့်ကားများအား မော်တော်ယာဉ်ရပ်နားရန်နေရာ (Car Parking)ရှိမှ မော်တော်ယာဉ်တင်သွင်းခွင့်ပြုခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့တွင်း မြို့နယ်များသို့ မော်တော်ယာဉ် စုံဂဏန်း၊ မဂဏန်းအလိုက် နေ့ရက်များပိုင်းခြား ကန့်သတ်ထားခြင်းအား လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း၊ ယခင်က တစ်နိုင်ငံလုံးရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများတွင် ယာဉ်စစ်ဆေးခကို ငွေကျပ်၂၀၀ မှ ငွေကျပ် ၄၀၀ အထိနှင့် နှစ်လဲမှတ်ပုံတင်ခကို ငွေကျပ် ၅၀၀ မှ ငွေကျပ် ၄၀၀၀ ထိ ကောက်ခံခဲ့ရာမှ ၁-၈-၂၀၁၄ ရက်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အုပ်စု(၃) စုခွဲပြီး ရန်ကုန်နှင့် မန္တလေးတို့ ပါဝင်သော အုပ်စု(၁)တွင် ယာဉ်စစ်ဆေးခနှုန်းထားများမှာ ယာဉ်ငယ်/ယာဉ်ကြီးတစ်စီးလျှင် ငွေကျပ် ၅၀၀၀မှ ငွေကျပ် ၁၀၀၀၀ သို့ လည်းကောင်း၊ အုပ်စု(၁)၏ ယာဉ်မှတ်ပုံတင်ခမှာ ငွေကျပ် ၁၅၀၀၀ မှ ငွေကျပ် ၄၀၀၀၀ အထိသို့ တိုးမြှင့်ပြောင်းလဲကောက်ခံလျက်ရှိပါကြောင်း၊ ယာဉ်စစ်ဆေးခအား ၂၅ဆ၊ ယာဉ်မှတ်ပုံတင်ခအား ၁၀ ဆမှ ၃၀ အထိ အသီးသီးတိုးမြှင့်ကောက်ခံ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# ကျေးရွာဗဟိုပြုအမျိုးသမီးများ၏ လူနေမှုပုံစံမြှင့် စံပြကျေးရွာဖြစ်မြောက်ရေးသင်တန်းဖွင့်လှစ်ပြီးစီးမှု လုပ်ငန်းဆန်းစစ်

**သံဖြူဇရပ် မေ ၁၄**

ကျေးလက်ဒေသနေ အမျိုးသမီးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်အသိပညာဗဟုသုတ မြင့်မားစေရေးအတွက်ရည်ရွယ်ပြီး ယမန်နှစ်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပဒိုင်လေးကျေးရွာ၌ ဖွင့်လှစ်ခဲ့သည့် အမျိုးသမီးများကိုယ်တိုင် စွမ်းဆောင်သည့်ကျေးရွာဗဟိုပြုအမျိုးသမီးများ၏ လူနေမှုပုံစံမြှင့် စံပြကျေးရွာဖြစ်မြောက်ရေး သင်တန်းသူများအား လုပ်ငန်းစွမ်းဆောင်နိုင်မှု ဆန်းစစ်ခြင်းအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မာထွန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် မေ ၁၄ ရက် နံနက် ၉ နာရီက သံဖြူဇရပ်မြို့နယ် ပဒိုင်လေးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း



အတွင်း၌ ပဒိုင်လေး၊ကွမ်သတ်၊နှစ်ကိုင်း ကျေးရွာတို့မှ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့၍အာဟာရပစ္စည်းနှင့်ဆေးဝါးများ ထောက်ပံ့ပေးခဲ့သည်။

ဆက်လက်၍ ကျေးရွာမှသင်တန်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြန်မာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်စိုး၊ ဒေါ်ခင်စန္ဒာထွန်းတို့က တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်း၏ အားသာချက် အားနည်းချက်များ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာဗဟုသုတတိုးတက်ရရှိမှုများ၊ အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုမခံရရေး ဗဟုသုတများကို တက်ရောက်လာကြသည့် ကျေးရွာမှ အမျိုးသမီးများနှင့် ဆန်းစစ်ဆွေးနွေးပြီးနောက် ပါမောက္ခ ဒေါက်တာ ခင်မေအုန်းက အိမ်သုံးဆေးဝါးများ မမှန်မကန်သုံးစွဲခြင်းကြောင့်နောက် ဆက်တွဲဖြစ်လာနိုင်သည့် အန္တရာယ်ဆိုးကျိုးများကို အသိပေးဟောပြောသည်။

ထို့နောက် အမျိုးသမီးများအတွက် အထောက်အကူပြုပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီများက ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ၊ သံဖြူဇရပ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ နှစ်ကိုင်းကျေးရွာရှိ ဦးသောင်းအေး၊ ဒေါ်ခင်သီနေအိမ်၌ ကျေးရွာမှ အမျိုးသမီးများနှင့်တွေ့ဆုံ၍ အမျိုးသမီးများ၏ လူနေမှုပုံစံမြှင့် စံပြကျေးရွာဖြစ်မြောက်ရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကာ ထိုမှတစ်ဆင့် ကျိုက္ခမိမြို့ဆံတော်ရှင် ရေလယ်ဘုရားအား သွားရောက်ဖူးမြော်ပြီး နာယကနှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များက အလှူငွေများကို ကျိုက္ခမိရေလယ်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းညွန့်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

*✻ ရှေ့ဖုံးမှ*

(7 Medals),Skateboard Racing-(3 Medals),Skateboard Set Line Combo–(5 Medals), Skateboard Open Jam (7 Medals)တို့ ပါဝင်ထည့်သွင်းထားကာ စုစုပေါင်း အမျိုးအစား ၁၁ မျိုး ထည့်သွင်းထားပြီး ဆုအမျိုးအစား ၄၀ ကျော်ကိုလည်း ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ မြန်မာစကိတ်အဖွဲ့ကို ပြီးခဲ့တဲ့နှစ်ကလည်း ထိုင်းနိုင်ငံစကိတ်အဖွဲ့က သူတို့ဆီမှာကျင်းပတဲ့ နိုင်ငံတကာစကိတ်စီးပြိုင်ပွဲကို ဖိတ်ခေါ်လို့ သွားရောက်ယှဉ်ပြိုင်ခဲ့တာ ကွာတားအထိ တက်ရောက်ခဲ့ပါတယ်။ ဒါတောင် ကျွန်တော်တို့ဆီမှာ သူတို့နိုင်ငံတွေလို အဆင့်မြင့်စကိတ်ကွင်းတွေ မရှိသေးဘူး။ ဒီပြိုင်ပွဲပြီးရင်တော့ ကျွန်တော်တို့ မြန်မာစကိတ်အဖွဲ့အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနကို အရင်လို အဆင့်မီစကိတ်ကွင်းလေး ပြန်လည်ရရှိပေးအောင် တင်ပြတောင်းခံဖို့ရှိပါတယ်”ဟု အသင်းဥက္ကဋ္ဌ ကိုလွင်လတ်က ဆက်လက်ပြောကြားသည်။

မြန်မာစကိတ်အဖွဲ့ အနေဖြင့် စကိတ်စီးပြိုင်ပွဲများကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ရန်ကုန်မြို့ နားမကြားသောကလေးများ ကျောင်း၏ အားကစားရုံကွင်း၌ ပထမဦးဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့ပြီး ဒုတိယအကြိမ်ကို လသာ အထက(၁)၌ ကျင်းပခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကလည်း မန္တလေးမြို့တွင် တစ်နိုင်ငံလုံး ဖိတ်ခေါ်စကိတ်စီးပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၁၀၀ ကျော် လာရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခု ထောက်ကြန့်မြို့တွင် ကျင်းပမည့် တတိယအကြိမ် နိုင်ငံတစ်ဝန်းစကိတ် စီးပြိုင်ပွဲတွင် လက်ရှိပြိုင်ပွဲဝင် ၁၅၀ ကျော် လာရောက်စာရင်းပေးထားပြီး စုစုပေါင်း ပြိုင်ပွဲဝင် ၃၀၀ ကျော် လာရောက်ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**




**မြန်မာစကိတ်အားကစားသမားတစ်ဦး ပြိုင်ပွဲဝင်နေစဉ်။** (ဓာတ်ပုံ-မိုးမခ)

# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၄**

**အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။**



အဆိုပါ အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေး၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတအကြံပေးဒေါက်တာဇော်ဦး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီးတိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်တို့က Video Conferencing စနစ်ဖြင့် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် မေ ၂၃ မှ ၂၄ ရက်အထိ နေပြည်တော်တွင် ပြုလုပ်သွားမည်ဖြစ်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး၊ ဗဟိုဦးစီးစနစ်လျှော့ချခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်းခေါင်းစဉ်များဖြင့် အဓိကထားဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း။

ဆွေးနွေးရာတွင် အစိုးရသစ်လက်ထက် ဆောင်ရွက်ပေးနိုင်မှုများ၊ အောင်မြင်မှုများ၊ တွေ့ကြုံခဲ့ရသည့် အဓိကစိန်ခေါ်မှုများ၊ အနာဂတ်ဆောင်ရွက်မည့်အစီအမံများကို တက်ရောက်လာသူများအနေဖြင့် ရှင်းရှင်းလင်းလင်းသိရှိစေရေး၊ အဓိကထားတင်ပြဆွေးနွေးသွားကြရန် လိုအပ်ပါကြောင်း၊ တက်ရောက်လာသူများမှ အကြံပြုဆွေးနွေးချက်များကို အပြန်အလှန်ဆွေးနွေးခြင်းဖြင့် မူဘောင်ရေးဆွဲနိုင်မည့် ရလဒ်ကောင်းများ ရရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲသည် ပွင့်လင်းမြင်သာမှုကို အခြေခံဆောင်ရွက်သွားရမည်ဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူများက ရရှိသည့်အချိန်ကို တိကျစွာစီမံခန့်ခွဲပြီး အကျိုးရှိသည့်ရလဒ်ရရှိအောင် ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ အစိုးရသက်တမ်းအတွင်း ဆောင်ရွက်နိုင်မည့်အစီအမံများနှင့် နောင်တက်လာမည့် အစိုးရအတွက် ဗျူရိုကရေစီယန္တရားတွင် အထောက်အကူပြုရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တတိယအဆင့် ပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်မဟာဗျူဟာ အခြေခံအုတ်မြစ်နှင့် ကောင်းမွန်သောအမွေအနှစ် မှတ်တမ်းအဖြစ် ကျန်ရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အကြံပြုအလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ကော်မတီဒုတိယဥက္ကဋ္ဌများ၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်နှင့်ဒေါက်တာဇော်ဦး၊ ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆင်းရဲမွဲတေမှုကို အမြစ်ပြတ်တွန်းလှန်မည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သတင်းဆောင်းပါးဆု မြန်မာမှပါဝင်ယှဉ်ပြိုင်နိုင်

**သတင်း-ခင်ရတနာ**

**ရန်ကုန် မေ ၁၄**

ယခုနှစ်အတွက် ဆင်းရဲမွဲတေမှုကို အမြစ်ပြတ်တွန်းလှန်နိုင်မည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းဆောင်းပါးဆု Lorenzo Natali Media Prize 2015 ဆုကို မြန်မာနိုင်ငံမှ သတင်းသမားများလည်း ဝင်ရောက်ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဥရောပသမဂ္ဂမှ သတင်းထုတ်ပြန်သည်။

အီးယူ၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မရှင်နာမင်းကြီး Neven Mimica က "အီးယူအဖွဲ့ဝင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကနေ ကမ္ဘာ့အများပြားဆုံးသော အကူအညီပေး ထောက်ပံ့ကူညီမှုအဖြစ် အောင်မြင်မှု ရနေတာကို အီးယူနဲ့ အဖွဲ့ဝင်နိုင်ငံသားတွေကို သတင်းပေးလိုတာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက်တွေနဲ့ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်တဲ့ သတင်းတွေကို ပိုင်နိုင်စွာ ရေးသားနိုင်သူ အရည်အချင်းပြည့်ဝတဲ့ ဝါရင့်သတင်းထောက်တွေနဲ့ အပျော်တမ်း သတင်းထောက်တွေအတွက် ယခုလို ဆုချီးမြှင့်ပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယခုနှစ် အတွက် "ဒီနေ့ရဲ့ အတွေ့အကြုံတွေဟာ အနာဂတ်ကို ပြောင်းလဲပေးနိုင်တယ်" ခေါင်းစဉ်သတ်မှတ်ထားပြီး အီးယူ၏ ၂၀၁၅ ဖွံ့ဖြိုးတိုးတက်ရေးကာလနှင့် ကိုက်ညီသည့်အတွက် ယခုခေါင်းစဉ်ကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆုသည် ဖွံ့ဖြိုးတိုးတက်သောပတ်ဝန်းကျင်မှ စာနယ်ဇင်းသမားများအတွက် အချက်အလက်စုဆောင်းရန် အခွင့်အရေးနည်းပါးနိုင်သော်လည်း ကမ္ဘာပေါ်ရှိ အများစုသော စာနယ်ဇင်းသမားများအတွက် လူမှုစီးပွားဘဝ မြှင့်တင်ခြင်းဆိုင်ရာ သတင်းဆောင်းပါးများမှတစ်ဆင့် မိမိနေထိုင်ရာ ပတ်ဝန်းကျင်ရှိ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ကြောင်း ပြသနိုင်မည်ဖြစ်သည်။

အဆိုပါဆုကို ပထမဆုံးအကြိမ် အနေဖြင့် ဘလော့ဂ်ါများအပါအဝင် အပျော်တမ်းသတင်းထောက်များကိုလည်း ထည့်သွင်းစဉ်းစားကာ သီးခြားဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အာရပ်နွေဦးကာလအတွင်းက အပျော်တမ်းစာနယ်ဇင်းပညာရှင်များက လူထု၏ ထင်မြင်ချက်များကို အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံရေးအဖြစ်အပျက်များကိုလည်း လွှမ်းမိုးနိုင်ခဲ့သည့်အတွက် အပျော်တမ်းသတင်းထောက်များကိုလည်း ထည့်သွင်း ဆုချီးမြှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့နေရာ အနှံ့အပြားတွင်လည်း စာနယ်ဇင်းလွတ်လပ်ခွင့် အနည်းနှင့်အများ ကျဆင်းလာကြရသည်ကို မြင်တွေ့ရသည့်အပြင် စာနယ်ဇင်းသမားများကို တိုက်ခိုက်ခံရခြင်းနှင့် အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းကို ခံစားနေရပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ထို့ကြောင့် အီးယူမှ စာပေလွတ်လပ်ခွင့်ရဖို့ ဝိုင်းဝန်းကြိုးပမ်းပေးလျက်ရှိသည့်အပြင် တရားမျှတမှုမရှိခြင်းနှင့် လူသားတို့အခွင့်အရေးဆိုင်ရာ ဆုံးရှုံးခြင်းတွေကို ဖွင့်လှစ်ပြသသော စာနယ်ဇင်းသမားများ၏ အရေးကြီးဆောင်းပါးများကို အသိအမှတ်ပြုသည့်အနေဖြင့် ဆုပေးအပ်ခြင်းဖြစ်သည်။

အပျော်တမ်းသတင်းစာဆရာဆု၊ ဝါရင့်သတင်းစာဆရာဆုတို့ကို ပေးအပ်သွားမည်ဖြစ်ကာ ဥရောပ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အာရပ်ကမ္ဘာ၊ လက်တင်အမေရိကနှင့် ကာရေဘီယန်ဒေသ၊ အာရှနှင့် ပစိဖိတ်ဒေသများမှ သတင်းထောက်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဆုရရှိသူအတွက် တစ်ဦးလျှင် ယူရိုငွေ ၅၀၀၀ ရရှိမည်ဖြစ်ကာ ပြင်ပစာနယ်ဇင်းအတတ်ပညာကျွမ်းကျင်သူ ပညာရှင်ကို ဖိတ်ကြားကာ စိစစ်ရွေးချယ်ဆုံးဖြတ်စေပြီး ဆုချီးမြှင့်ပေးရန်ရည်ရွယ်ထားကြောင်းနှင့် ဆုရရှိသူများသည် လာမည့်ဒီဇင်ဘာတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ ဆုပေးပွဲသို့ တက်ရောက်ကာ ဆုလက်ခံရယူရမည်ဖြစ်သည်။

Lorenzo Natali ဆုကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေး၊ လွတ်လပ်စွာ ပြောဆိုခွင့်ဆိုင်ရာ အီးယူကော်မရှင်နာမင်းကြီးကို အစွဲပြုကာ ပေးအပ်ခြင်းဖြစ်ပြီး ကမ္ဘာကြီးကိုပြောင်းလဲစေနိုင်သည့် ဖြစ်ရပ်များကို မီးမောင်းထိုးပြထားသည့် သတင်းဆောင်းပါးလက်ရာများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်သည်။

ကမ္ဘာလောကကြီးကို ကောင်းကျိုးပြုနိုင်သည့် အခွင့်အလမ်းများကို ဖော်ပြသည့် သတင်းများကို ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကာ သတင်းစာဆရာများအနေဖြင့် မိမိတို့ တင်ပြလိုသည့် သတင်းဆောင်းပါးကို ရေဒီယို၊ အွန်လိုင်း၊ ပုံနှိပ်မီဒီယာနှင့် တီဗွီ ရုပ်သံများမှတစ်ဆင့် ဩဂုတ် ၃၁ ရက်မတိုင်မီ တင်သွင်းယှဉ်ပြိုင်နိုင်ကြောင်းသိရှိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာ့အသံ၏ မိုဘိုင်းလ်ရေဒီယိုလာပြီ

**စံကားဝါ**

**ရန်ကုန် မေ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသည့် မြန်မာ့အသံ၏ သတင်းအစီအစဉ်များကို မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် ဖမ်းယူနားဆင်နိုင်ရန် မြန်မာ့အသံ၏ မိုဘိုင်းလ်ရေဒီယိုကို ယနေ့ စတင်ထုတ်လွှင့်ပြီဖြစ်သည်။

လတ်တလောတွင် သတင်းမီဒီယာအချို့က ဒီဂျစ်တယ် အွန်လိုင်းသတင်းစာအဖြစ် ပြောင်းလဲမှုများနှင့် ရုပ်သံ၊ ရေဒီယိုအစီအစဉ်များကိုလည်း သုံးစွဲသူ ဈေးကွက်ကျယ်ပြန့်လာသည့် မိုဘိုင်းလ်ဆက်သွယ်ရေးတွင် ဖုန်းဖြင့် သတင်းအချက်အလက်ဖြန့်ဝေသည့်အစီအစဉ်ကို စတင်လာကြသည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ပြီး သတင်းအချက်အလက်များကို မြန်မာ့အသံက ပံ့ပိုးကာ Blue Ocean က နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်သည်။

"မြန်မာ့အသံက သတင်းတိုတွေကို ပြည်တွင်းသတင်း တစ်မိနစ်လောက်နဲ့ ကျန်တဲ့ နိုင်ငံတကာနဲ့ အားကစားသတင်းတိုတွေက မိနစ်ဝက်စာလောက်ဖြစ်မှာပါ။ မိုဘိုင်းလ်ဖုန်းကနေ သတင်းအချက်အလက်တွေကို မြန်မြန်ဆန်ဆန်နဲ့ ပြည်သူတွေဆီရောက်နိုင်ဖို့ အကျိုးအမြတ်မပါဘဲ မြန်မာ့အသံရဲ့ သတင်းအချက်အလက်တွေကို ပေးသွားမှာဖြစ်ပါတယ်၊ ပြန်ကြားရေးက ဝန်ဆောင်မှုသက်သက်လုပ်ပေးတာပါ" ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးမြင့်က ပြောသည်။

အဆိုပါမိုဘိုင်းလ်ရေဒီယိုအစီအစဉ်တွင် အချိန်နှင့်တစ်ပြေးညီ ဖြစ်ပေါ်နေသော ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ အားကစား၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာသတင်းများကို တစ်မိနစ်ခွဲ(စက္ကန့် ၉၀)စာကို တစ်နေ့လျှင် သုံးကြိမ် နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီနှင့် ည ၇ နာရီအချိန်များတွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းများ ထုတ်လွှင့်ချိန်ကြားကာလတွင် ထူးခြားသတင်းရှိပါကလည်း အခမဲ့ ဖြည့်စွက်ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်ကြောင်း Blue Ocean ကုမ္ပဏီမှ Chief Operation Officer ဦးတင်ကိုကိုဝင်းက ပြောကြားသည်။

"Technical ပိုင်းက ကျွန်တော်တို့ ကုမ္ပဏီက Call Centre လက်ရှိဆောင်ရွက်နေတာဖြစ်လို့ မိုဘိုင်းလ်ရေဒီယိုက Call Centre System ပေါ်က မိုဘိုင်းလ်ဖုန်းတွေကို အလိုအလျောက်ဖုန်းခေါ်တဲ့စနစ်ကို ကျွန်တော်တို့က ဆောင်ရွက်ပေးမှာပါ" ဟု ၎င်းက ပြောကြားသည်။

မြန်မာ့အသံရေဒီယိုကို မိုဘိုင်းလ်ဖုန်းမှ နားဆင်လိုသူများအနေဖြင့် မိမိဖုန်းဖြင့် သတ်မှတ်နံပါတ်ကို ဖုန်းခေါ်ဆိုကာ တစ်ဖက်မှ ညွှန်ကြားချက်များကို လိုက်ပါဆောင်ရွက်ပြီး စတင်အသုံးပြုနိုင်မည်ဖြစ်သည်။

"Subscribe လုပ်တာက သတ်မှတ်ထားတဲ့ နံပါတ်ဖြစ်တဲ့ ၀၁-၂၃၉၉၁၀၃ ကို သုံးစွဲလိုသူက ဖုန်းခေါ်ရပါမယ်။ ဖုန်းခေါ်လိုက်ရင် အသင့်အသံသွင်းထားတဲ့ လမ်းညွှန်ချက်ကိုလိုက်ပြီး ဆောင်ရွက်ရပါမယ်။ သတ်မှတ်ထားတဲ့ အချိန်တိုင်းမှာ Subscribe လုပ်ထားတဲ့ မိုဘိုင်းလ်ဖုန်းသုံးစွဲသူဆီကို ဖုန်းခေါ်ပြီး သတင်းထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ ကျန်တဲ့သတင်းဌာနတွေထက် သက်သာပြီး MPT ကို ပေးဆောင်ရမယ့် ဖုန်းခေါ်ဆိုခနဲ့ တခြားနည်းပညာ အသုံးပြုမှုအတွက် စရိတ်စကတွေရှိတဲ့အတွက် နှုန်းထားတစ်ခုသတ်မှတ်ခြင်းဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

မိုဘိုင်းလ်ဖုန်းများတွင် မြန်မာ့အသံ ရေဒီယိုသတင်းတစ်ကြိမ် နားဆင်ခြင်းအတွက် စက္ကန့် ၉၀ တစ်ကြိမ်စာကို မြန်မာကျပ်ငွေ ၅၄ ကျပ် ကျသင့်မည်ဖြစ်ကာ တစ်နေ့လျှင် သုံးကြိမ်အတွက် ၁၆၂ ကျပ်ကို ဖုန်းလက်ကျန်ငွေထဲမှ ကောက်ခံသွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် မိုဘိုင်းလ်ဖုန်းဖြင့် ရေဒီယိုသတင်းထုတ်လွှင့်ခြင်းအစီအစဉ်များကို ဘီဘီစီသတင်းဌာနနှင့် မဇ္ဈိမသတင်းမီဒီယာများက ထုတ်လွှင့်လျက်ရှိပြီး ဘီဘီစီသတင်းများအတွက် တစ်ကြိမ်နားဆင်ခကျပ် ၇၀ နှင့် မဇ္ဈိမသတင်းများအတွက် တစ်ကြိမ်နားဆင်ခကျပ် ၆၀ ကျသင့်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့အသံမိုဘိုင်းလ်ရေဒီယို အစီအစဉ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ MPT ဖုန်းလိုင်းအသုံးပြုသူများ စတင်နားဆင်နိုင်ပြီဖြစ်ကာ ပုဂ္ဂလိကဆက်သွယ်ရေး အော်ပရေတာများဖြစ်သည့် တယ်လီနောနှင့် အော်ရီးဒူး ဖုန်းလိုင်းအသုံးပြုသူများလည်း နားဆင်နိုင်အောင် ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ကြောင်း Blue Ocean ကုမ္ပဏီမှ သိရသည်။

# တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ၌ မေ ၁၆ ရက်တွင် ကျင်းပမည့် (၆၇)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစမ်းလေ့ကျင့်မှုများကို အဆိုပါ မဟာပါသာဏလိုဏ်ဂူအတွင်း၌ မေ ၁၃ ရက် နံနက် ၁၀ နာရီကကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနား အစမ်းလေ့ကျင့်ရာနေရာသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေ၊ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာသန့်ဇင်နိုင်နှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာသင်္ဘောသားများ ပြည်ပငါးဖမ်းသင်္ဘောလိုက်ခွင့်ပိတ်ပင်

**ရန်ကုန် မေ ၁၄**

မြန်မာ သင်္ဘောသားများအား ပြည်ပငါးဖမ်းသင်္ဘောပေါ်တွင် သွားရောက် အလုပ်လုပ်ကိုင်ခြင်းကို တားမြစ်ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောများအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာသင်္ဘောသားတွေကို ပြည်ပ ငါးဖမ်းသင်္ဘောလိုက်ခြင်း ပိတ်ပင်လိုက်ပြီဖြစ်ပါတယ်။ ပြည်ပငါးဖမ်းသင်္ဘောတွေပေါ်မှာ ကျန်ရှိနေတဲ့ မြန်မာသင်္ဘောသားတွေကိုလည်း မြန်မာနိုင်ငံမှာရှိတဲ့ သင်္ဘောသားကုမ္ပဏီအေဂျင်စီတွေနဲ့ မြန်မာနိုင်ငံကို ပြန်လည်ခေါ်ယူဖို့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ပငါးဖမ်းသင်္ဘောတွေမှာ မြန်မာသင်္ဘောသားတွေအနေနဲ့ အာမခံချက်တွေကို ထိရောက်စွာ ဖြေရှင်းနိုင်မှုအားနည်းချက်တွေကြောင့် ပိတ်ပင်လိုက်ခြင်းဖြစ်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

အဆိုပါ မြန်မာသင်္ဘောသားများ ပြည်ပငါးဖမ်းသင်္ဘောလိုက်ခြင်းကို ပိတ်ပင်လိုက်ခြင်းသည် မကြာသေးမီက ရုရှားငါးဖမ်းသင်္ဘော နစ်မြုပ်ရာတွင် မြန်မာသင်္ဘောသားများပါသွားခဲ့ပြီးနောက် ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာသင်္ဘောသားများ အနေဖြင့် ပြည်ပငါးဖမ်းသင်္ဘောများတွင် လစာဝင်ငွေ နည်းပါးသော်လည်း ပင်လယ်ပြင်အတွေ့အကြုံရရှိစေရန် လိုက်ကြခြင်းဖြစ်ကြောင်း သိရသည်။ ပြည်ပငါးဖမ်းသင်္ဘောများပေါ်တွင် လိုက်ပါသည့် မြန်မာသင်္ဘောသားများ အနေဖြင့် မြန်မာငွေကျပ်သုံးသိန်းမှ လေးသိန်းအထိသာ ရရှိကြပြီး အခြားသင်္ဘောသားများထက် ဝင်ငွေနှစ်ဆ နည်းပါးရရှိနေကြကြောင်း သိရသည်။

ပြည်ပငါးဖမ်းသင်္ဘောများ အနေဖြင့်လည်း လုပ်ခလစာနည်းနည်းသာ ပေးရသော သင်္ဘောသားအတွေ့အကြုံရယူလိုသူများကိုသာ အဓိကအားဖြင့် ခေါ်ယူလျက်ရှိသော်လည်း သင်္ဘောသားများအတွက် အာမခံချက်ပေးမှု အလွန်နည်းပါးလျက် ရှိကြောင်း သိရသည်။ သင်္ဘောမတော်တဆ နစ်မြုပ်၍ အသက်ဆုံးရှုံးပါက လျော်ကြေးရရှိရန် အလွန်ပင်ခက်ခဲကြောင်း သိရသည်။

**ကြဲတိုင်းအောင်**

✳ *ကျော်ဖုံးမှ*

နောက်တစ်ဆင့်သို့ တက်ရောက်ရန် အခြေအနေကောင်းလျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဆော်ဒီအသင်းနှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းမှာ မော်လ်ဒိုက်နှင့် ထိုင်းအသင်းတို့ကို နှစ်ပွဲဆက် အနိုင်ရရှိထားသည်။

❇ *ကျော်ဖုံးမှ*

ဂျူဗင်တပ်စ်ဟာ ဒီနိုင်ပွဲကြောင့် ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးသော ချန်ပီယံလိဂ်ဖလားကို မျှော်မှန်းနိုင်ပြီလို့ ဆိုပါတယ်။ သို့ပေမယ့် တိုက်စစ်အားကောင်းတဲ့ ဘာစီလိုနာအသင်းကပဲ ဒီနှစ်အတွက် ချန်ပီယံ ဖြစ်သွားနိုင်တဲ့ အနေအထားရှိပါတယ်။



# လမ်းဆုံမီးပွိုင့်ပျက်၍ ပြည်သူတစ်ဦးက ဝင်ရောက်ယာဉ်ထိန်းပေးရ

**ရန်ကုန် မေ ၁၄**

မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်း ယခုရက်ပိုင်းတွင် လျှပ်စစ်မီးပြတ်တောက်မှု မကြာခဏဖြစ်ပွားလျက်ရှိနေသဖြင့် လျှပ်စစ်မီးပျက်နေချိန်တွင် ယာဉ်ထိန်းရဲမရှိသည့် လမ်းဆုံလမ်းခွမီးပွိုင့်များ၌ ယာဉ်မောင်းသူများက အပြိုင်အဆိုင်တိုးဝှေ့မောင်းနှင်မှုကြောင့် အများပြည်သူများ သွားလာမရဖြစ်ကာ လမ်းပိတ်ဆို့ပြီး အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်ဆို့ ကျပ်တည်းမှုဖြစ်ပွားခဲ့ရသည်။

မေ ၁၄ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ယာဉ်အသွားအလာများပြားလှသော မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းဆုံ မီးပွိုင့်တွင် မီးပျက်ချိန်၌ ယာဉ်ထိန်းရုံးရှိသော်လည်း ယာဉ်ထိန်းရဲမရှိ၍ လမ်းလေးသွယ်မှ ယာဉ်စီးရေ ၁၀၀ ကျော်ခန့် အချိန် ၁၀ မိနစ်ကြာ လမ်းပိတ်ဆို့မှုဖြစ်ခဲ့သည်။ ယာဉ်ကြောပိတ်မိနေသူ ယာဉ်မောင်းတစ်ဦးက ကားပေါ်မှဆင်းလာပြီး ယာဉ်များသွားလာနိုင်စေရန် ဝစီမှုတ်(ခရာ) မပါဘဲ လက်ပြအချက်ပေး ထိန်းသိမ်းပေးမှုကြောင့် ယာဉ်များသွားလာနိုင်ခဲ့ရသည်။ မိနစ် ၃၀ ခန့်အကြာ အဆိုပါလမ်းဆုံသို့ ပြန်လည်ရောက်ရှိလာချိန်တွင် ယာဉ်ထိန်းရဲတစ်ဦး ရောက်ရှိနေပြီး စနစ်တကျ ယာဉ်ထိန်းပေးနေသည်ကို မြင်တွေ့ခဲ့ရသဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့သည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# ရပ်စောက်၌ ရေထိန်းနံရံနှင့် ရေထိန်းတံခါးဖွင့်

**ရပ်စောက် မေ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု တပ်ဦးကျေးရွာတွင် မေ ၁၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လျာဒါန်းငွေကျပ်သိန်း ၃၀၀၊ ပြည်သူ့လုပ်အားဖြင့် ထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၃၃၀ အကုန်အကျခံကာ တည်ဆောက်ပြီးစီးခဲ့သည့် ရေထိန်းနံရံနှင့် ရေထိန်းတံခါးဖွင့်ပွဲကျင်းပခဲ့ရာ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေထိန်းနံရံနှင့် ရေထိန်းတံခါးကို ဇော်ဂျီချောင်းပေါ်တွင် ၁-၂-၂၀၁၄ ရက်က စတင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး မိုးတွင်းကာလရေကြီးရေလျှံမှုကြောင့် ကျရောက်လာမည့် ရေနစ်မြုပ်မှု အန္တရာယ်ကို ကာကွယ်နိုင်မည့်အပြင် သဘာဝရေအရင်းအမြစ်ကို ယာမြေ လယ်မြေများအတွက် ရာသီမရွေး ခွဲဝေသုံးစွဲနိုင်တော့မည် ဖြစ်သဖြင့် တောင်သူများ တစ်သီးစားစိုက်ပျိုးရာမှ သီးထပ်များပါ စိုက်ပျိုးလုပ်ကိုင်နိုင်ကြတော့မည်ဖြစ်သည်။ ယခုတည်ဆောက်ပြီးစီးသည့် ရေထိန်းနံရံနှင့် ရေထိန်းတံခါးမှာ အရှည်ပေ ၁၃၀၀ ဖြစ်ပြီး လယ်ယာမြေဧက ၃၂၃ ဧကကို အကျိုးပြု စိုက်ပျိုးလုပ်ကိုင်သွားနိုင်မည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# ရန်ကုန်မြို့တွင်း အမှိုက်သိမ်းဆည်းသန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့ဆန္ဒခံယူပြီး ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည်

**ရန်ကုန် မေ ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့တွင်း မြို့သာယာသန့်ရှင်းမှုအတွက် အမှိုက်သိမ်းဆည်း၊ စွန့်ပစ်လုပ်ငန်းများကို ပြည်သူ့ဆန္ဒခံယူပြီး တင်ဒါအောင်မြင်ထားသည့် ပုဂ္ဂလိကကုမ္ပဏီနှစ်ခုသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

"အခု မေ ၁၈ ရက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၃၃ မြို့နယ်မှာရှိတဲ့ ပြည်သူလူထုရဲ့ သဘောထားကို အဆိုပြုသွားမှာ ဖြစ်ပါတယ်။ ကုမ္ပဏီနှစ်ခုရဲ့ ကောက်ခံမယ့် အမှိုက်သိမ်းဆည်းခကို ပြည်သူတွေအနေနဲ့ သဘောတူလို့ရတယ်၊ မတူလည်းရတယ်။ လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်တယ်။ ပုဂ္ဂလိကကုမ္ပဏီနှစ်ခုက အဆိုပြုထားတဲ့ အမှိုက်သိမ်းဆည်းဝန်ဆောင်ခစရိတ်ကို ပြည်သူတွေက နှစ်သက်သဘောကျလို့ အဆိုပြုလွှာရာခိုင်နှုန်းများမယ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချမှတ်ထားတဲ့အတိုင်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို လွှဲပြောင်းပေးအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ သဘောဆန္ဒအတိုင်းပါပဲ"ဟု မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက ၃၈ လမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရုံး၌ကျင်းပသည့် မီဒီယာရှင်းလင်းပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဌာနမှူး ဦးမင်းအောင်က ပြောကြားသည်။

ရန်ကုန်မြို့တွင်း သန့်ရှင်းရေးလုပ်ငန်းများကို တင်ဒါအောင်မြင်ထားပြီး လုပ်ကိုင်ခွင့်ရထားသည့် ပြည်တွင်းကုမ္ပဏီနှစ်ခုမှာ City Environmental, Co., Ltd နှင့် TYTC Service Co., Ltd တို့ဖြစ်ကြပြီး ပြည်သူလူထုက အဆိုပါ ကုမ္ပဏီနှစ်ခု၏ အမှိုက်သိမ်းဆည်းဝန်ဆောင်ခကို နှစ်သက်သဘောကျ၍ ထောက်ခံသည့် ရာခိုင်နှုန်းများလျှင် ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်သည်။ ယင်းကုမ္ပဏီနှစ်ခု၏ အမှိုက်သိမ်းဆည်းဝန်ဆောင်ခများကို ပြည်သူများထံ ယခုလာမည့် မေ ၁၈ ရက်တွင် စတင်ဝေငှပြီး ဆန္ဒခံယူသွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်မှ ပြည်သူလူထု၏ သဘောထားကို ဇွန်လကုန်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး ပြည်သူ့ဆန္ဒခံယူမှုတွင် ထောက်ခံမှုရာခိုင်နှုန်းများပါက ယခုလာမည့် စက်တင်ဘာလတွင် စတင်လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ကောက်ခံနေသည့် အမှိုက်သိမ်းဆည်းဝန်ဆောင်ခမှာ Down Town မြို့နယ် ခြောက်မြို့နယ်တွင် တစ်လ ငွေကျပ် ၆၀၀၊ အဆိုပါမြို့နယ်များနှင့် ဆက်စပ်မြို့များတွင် ငွေကျပ်၄၅၀ နှင့် ဆင်ခြေဖုံးမြို့နယ်များတွင် ငွေကျပ် ၃၀၀ နှုန်းဖြင့် ကောက်ခံလျက်ရှိသည်။ မေ ၁၈ ရက်မှ စတင်ကာ မြို့နယ် ၃၃ မြို့နယ်အတွင်းရှိ ပြည်သူလူထုအား ဆန္ဒခံယူ အဆိုပြုသွားမည့် တင်ဒါအောင်ကုမ္ပဏီနှစ်ခု၏ အမှိုက်သိမ်းဆည်း ဝန်ဆောင်ခမှာ Down Town မြို့နယ်များတွင် တစ်လ ငွေကျပ် ၁၆၀၀၊ ၎င်းနှင့်ဆက်စပ်မြို့များတွင် ငွေကျပ် ၁၄၀၀ နှင့် ဆင်ခြေဖုံးမြို့နယ်များတွင် ငွေကျပ် ၁၂၀၀ နှုန်းဖြင့် ကောက်ခံသွားရန် အဆိုပြုထားခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုရဲ့ ဆန္ဒခံယူမှုမှာ ထောက်ခံမှုရာခိုင်နှုန်းများပြီး လုပ်ကိုင်ခွင့်ရခဲ့မယ်ဆိုရင်တော့ အမှိုက်သိမ်းဆည်းခြင်းနဲ့ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းတွေကို အကောင်းဆုံးလုပ်ကိုင်နေတဲ့ ဂျပန်အခြေစိုက် Bioism Co., Ltd နဲ့ ဟောင်ကောင်အခြေစိုက် Dongjiang Environmental Co., Ltd တို့နဲ့ပူးပေါင်းပြီး ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာအောင် အတတ်နိုင်ဆုံး လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ ကနဦး လုပ်ဆောင်ရတာဖြစ်တာကြောင့် ပြောရရင် အကျိုးအမြတ်ကို ရှေ့တန်းမတင်ပါဘူး။ နိုင်ငံတကာလို အဆင့်မြင့် အမှိုက်သိမ်းယာဉ်တွေနဲ့ဝန်ဆောင်မှုပေးပြီး ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပအောင် ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးသွားမှာပါ"ဟု တင်ဒါအောင်မြင်ထားသည့် City Environmental, Co., Ltd မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃ မြို့နယ်မှ အိမ်ထောင်စု ခုနစ်သိန်းကျော်၏ နေ့စဉ်ထွက်ရှိနေသည့် အမှိုက်တန် ၁၆၀၀ ကျော်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ နေ့စဉ် ဝန်ထမ်း ၄၀၀၀ ခန့်ဖြင့် ရှင်းလင်းပေးလျက်ရှိကာ တစ်နေ့ငွေကျပ် ၁၃၃ သိန်း အကုန်အကျခံလုပ်ဆောင်ပေးလျက်ရှိသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှိုက်ပုံး စုစုပေါင်း ၈၇၀၇ လုံးကိုလည်းချထားပေးထားပြီး အမှိုက်များကို နေ့စဉ်ရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။



**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မိုးမခ**

# ဧပြီလအတွင်း မူးယစ်ဆေးဝါးအများအပြားဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၄**

၂၀၁၅ ခုနှစ် ဧပြီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့မှ ဘိန်းအမှု ၄၀၊ အလေးချိန် ၅၀ ဒသမ ၁၆၆၅ ကီလို၊ ဘိန်းဖြူ ၂၁၆ မှု၊ အလေးချိန် ၅ ဒသမ ၈၂၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅ မှု ၊ ၇၉၉၂၃၂ ပြား၊ ဆေးခြောက် ၂၄ မှု၊ အလေးချိန် ၁ ဒသမ ၉၆၃၉ ကီလို၊ ဘိန်းဆီခဲ ခုနစ်မှု၊ အလေးချိန် ၁၀ ဒသမ ၅၂၇၈ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၄ မှု၊ အလေးချိန် ၀ ဒသမ ၅၃၆၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုနှံ့ သုံးမှု၊ အလေးချိန် ၁ ဒသမ ၃၅၂၀ ကီလို၊ အိုက်စ် ငါးမှု၊ အလေးချိန် ၅၄ ဒသမ ၁၈၃၉ ကီလို၊ ကဖင်းတစ်မှု၊ အလေးချိန် ၂၅ ကီလို၊ အက်ဖီဒရင်း တစ်မှု၊ အလေးချိန် ၁၅ ဒသမ ၇ ကီလို။

ဘိန်းစာမှုနှံ့ သုံးမှု၊ အလေးချိန် ၁၀ ဒသမ ၉၃၄၅ ကီလို၊ ဗျူပရီနော်ဖင်းတစ်မှု၊ ၄၃၆ ပုလင်း၊ ဒိုင်ယာဇီပမ်ဆေးပြား နှစ်မှု၊ ၂၀၁၆၃၀ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး သုံးမှု၊ ၂၇၉၄ ပုလင်း၊ ထရာမဒေါလ်တစ်မှု၊ ၁၈၅၇၀ တောင့်၊ ထရာမဒေါလ်ထိုးဆေး( )မှု၊ ပုလင်း ၈၀၊ ဘိန်းရည် တစ်မှု၊ ၂ ဒသမ ၁ လစ်တာ၊ အက်စီတစ်အင် ဟိုဒ်ဒြိုဒ် ( )မှု၊ အလေးချိန် ၃၀ကီလို၊ ဆူဒိုအက်ဖီဒရင်း တစ်မှု၊ ၄၇၀၀၀ ပြား၊ Sedil ဆေးရည်( )မှု၊ ၀ ဒသမ ၀၀၂ လစ်တာ၊ အယ်ပရာဇိုလမ်ဆေးပြား တစ်မှု၊ ၁၀ပြား၊ အခြားမူခြောက်မှု၊ မှတ်ပုံတင်ပျက် ကိုးမှုတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၈၄ မှ ဖမ်းဆီးခဲ့ရာတွင် တရားခံ(ကျား) ၇၅၄ ဦး၊ (မ) ၈၂ ဦး စုစုပေါင်းတရားခံ ၈၃၆ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်-လားရှိုး-မန္တလေးလမ်း ပြည်ထောင်စုလမ်းကြီး ယာဉ်ကြောပိတ်ဆို့မှု အန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် လေးလမ်းသွားအဖြစ် အကောင်အထည်ဖော် ဖောက်လုပ်နေစဉ်။ မိုင်း(iprd)

# တာလေမှ တာချီလိတ်သို့ မောင်းနှင်လာသည့်ယာဉ်မှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့နယ်ခွဲ တောင်သုံးလုံးကျေးရွာအနီး၌ တပ်မတော်သားများနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ညနေပိုင်းက သတင်းအရ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် တာလေဘက်မှ တာချီလိတ်ဘက်သို့ စိုင်းတစ်ဆိုသူ မောင်းနှင်လာသည့် မတ်တူးအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး ယာဉ်နောက်ဖုံးအတွင်းမှ ကာလတန်ဖိုး ငွေကျပ် ၁၉၅၅ သိန်းခန့်ရှိ အိုက်စ်မူးယစ်ဆေးဝါး ၈ ဒသမ ၅ ကီလိုဂရမ်ကို ဖမ်းဆီးရမိသည်။

အဆိုပါ ဖမ်းဆီးရမိသူအား စစ်ဆေးမေးမြန်းချက်အရ မိုင်းဖျန်ရှိ အိုက်ကျိုင်းကော် ဆိုသူ၏ မူးယစ်ဆေးဝါးများဖြစ်ပြီး ၎င်း၏ငွေပေးစေခိုင်းချက်အရ မိုင်းဖြတ်မှ တာချီလိတ်သို့ ပို့ဆောင်စဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူအား အရေးယူနိုင်ရန်နှင့် အမှုနှင့်ဆက်စပ်သူများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



မူးယစ်ဆေးဝါးများ၊ မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိသူအား တွေ့ရစဉ်။

# မြေကွက်ရောင်းရငွေအပေါ် ကျေနပ်မှုမရှိ၍ အဖေနှင့်ညီကို သတ်ဖြတ်

**လင်းခေး မေ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့၌ မေ ၁၁ ရက်ည ၁၀ နာရီက သားအဖနှစ်ဦးကို သတ်ဖြတ်ခဲ့သည့်အမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ လင်းခေးမြို့ ဝမ်လွိုင်ရပ်ကွက် အိမ်အမှတ်( ၂၂) နေထိုင်သူ စိုင်းလံ (၄၂နှစ်) သည် မေ ၁၁ ရက် ည ၁၀ နာရီက ၎င်း၏ ညီအရင်း စိုင်းခမ်းပန်နှင့် စကားများရန်ဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦး လုံးထွေးထိုးကြိတ်၍ ညီဖြစ်သူ စိုင်းခမ်းပန် လဲကျသွားစဉ် စိုင်းလံက မီးဖိုချောင်အတွင်းရှိ ဓားဦးချွန်ဖြင့် ၎င်း၏လည်ပင်းနှင့် ဝဲဘက်လက်ပြင်တို့ကို ထိုးခုတ်သတ်ဖြတ်ခဲ့ပြီးနောက် အိပ်ရာ၌ အိပ်ပျော်လျက်ရှိသည့် ဖခင်လုံးကောတ ( ၆၅ နှစ်) ကိုလည်း လည်ပင်းနှင့်ဦးခေါင်းတို့ကို ဆက်လက်ထိုးခုတ်သတ်ဖြတ်ခဲ့ရာ စိုင်းခမ်းပန်နှင့် လုံးကောတတို့အခင်းဖြစ်ပွားသောနေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း မေ ၁၂ ရက်နံနက်က အဆိုပါ အိမ်နီးချင်းများ၏ လာရောက်သတင်းပေးချက်အရ ပြစ်မှုကျူးလွန်သူ စိုင်းလံ(စိုင်းလျှံ)အား ယင်းနေအိမ်၌ပင် ဖမ်းဆီးလိုက်ကြောင်း သိရသည်။

စိုင်းလံသည် ၂၀၁၄ ခုနှစ်က ဝမ်ဟတ်ရဲစခန်းအပိုင်နယ်မြေ၌ ပြစ်မှုတစ်ခု ကျူးလွန်ခဲ့ပြီးထောင်မှ ထွက်လာခဲ့သည်မှာ ၁၅ ရက်ကျော်ခန့်သာရှိသေးကြောင်း၊ ၎င်းထောင်မှထွက်လာပြီး အဆိုပါ အိမ်တွင်သားအဖသုံးဦး အတူနေထိုင်စဉ် အိမ်ခြံမြေကွက်ရောင်းရငွေ မိသားစုကိစ္စနှင့်ပတ်သက်ကာ ဖခင်ဖြစ်သူနှင့်ညီတို့အပေါ်၌ မကျေနပ်မှုများကြောင့် ယင်းညတွင် အဆိုပါဖြစ်စဉ်ကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စိုင်းလံက ထွက်ဆိုခဲ့သည်ဟု သိရသည်။ စိုင်းလံကို လင်းခေး မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**စိုင်းဇော်လတ်(iprd)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# လွိုင်ကော် ဂေါက်ကလပ်၌ မီးလောင်မှုဖြစ်ပွား

**လွိုင်ကော် မေ ၁၄**

လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက် လွိုင်ကော် ဂေါက်ကလပ်၌ မေ ၁၄ ရက် နံနက် ၁ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချက်ပြုတ်ကြော်လှော်သည့်အခန်း၌ သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲပြီး အနီးရှိအဝတ်များပေါ်သို့ မီးပွားကျစတင်ကူးစက်လောင်ကာ မီးလောင်မှုကြောင့် ဝမင်းကုမ္ပဏီပိုင် ဂေါက်ကလပ် ပေ (၆၀×၆၀) သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်အဆောက်အအုံ၏ အဝတ်လဲခန်းရှိဗီရိုများ၊ မျက်နှာကြက်များ မီးလောင်ဆုံးရှုံးခဲ့ပြီး နံနက် ၂ နာရီ ၁၅ မိနစ်တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဦးကျော်တီး (၆၁ နှစ်)ကို လွိုင်ကော်မြို့နယ် ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**


## ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းနေရာတွင် မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် လက်ရှိအသံလွှင့်စက်ပစ္စည်းများကို ပြောင်းရွှေ့တည်ဆောက်ရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပိုင် ရေကူးထပ်ဆင့်လွှင့်စက်ရုံဝင်းနေရာသည် လူနေထူထပ်သည့်နေရာသို့ရောက်ရှိလာပြီး Radio Frequency Radiation ကြောင့် ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်းနှင့် မြို့ပြအဆောက်အအုံများကြောင့် အသံထုတ်လွှင့်မှုပိုင်းဆိုင်ရာအနှောင့်အယှက်များဖြစ်ပေါ်စေခြင်းစသည်တို့ကြောင့် လက်ရှိတည်ဆောက်ထားသည့် စက်ရုံ၊ စက်ပစ္စည်းနှင့် ဝန်ထမ်းအိမ်ရာများကိုထပ်ဆင့်လွှင့်စက်ရုံများအတွက် သင့်လျော်သောနေရာသို့ ပြောင်းရွှေ့နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ရေကူးစက်ရုံဝင်းအတွင်း မီဒီယာဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်ခွင့်ရမည်ဖြစ်ရာ ဆောင်ရွက်လိုသော ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) **တည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ရေကူးအသံလွှင့်စက်ရုံဝင်းမြေနေရာ
(ခ) **မြေဧရိယာ။** လက်ရှိ Studio များ၏မြေနေရာချန်လှပ်ပြီး ကျန်မြေ ဧက (၈၀) ကျော်

၂။ တင်ဒါပုံစံများကိုပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် ငွေကျပ်(၁,၀၀၀,၀၀၀/-) (ကျပ်ဆယ်သိန်းတိတိ)ဖြင့် ၁၈-၅-၂၀၁၅ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာကို ၁၉-၆-၂၀၁၅ ရက်နေ့ (၁၄း၀၀)နာရီ နောက်ဆုံးထား၍ မြန်မာ့အသံနှင့်ရုပ်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆောင်ရွက်လိုသည့် အသေးစိတ်စီမံချက်နှင့်အတူ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ ဖုန်းနံပါတ် (၀၆၇-၇၉၄၅၆၊ ၀၆၇-၇၉၄၇၄၊ ၀၆၇-၇၉၄၄၃ ) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ e-mail လိပ်စာ management. mrtv.npt @gmail.com သို့လည်း စုံစမ်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ**
**ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ**



## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်။

(က) 315 KVA, 11/0.4 KV Transformer & Two Pole 6 Lot Structure တည်ဆောက်ခြင်းလုပ်ငန်း
(ပဲခူး၊ ညောင်လေးပင်၊ ဘိုကလေး၊ လပွတ္တာ၊ မုံရွာ၊ စစ်တွေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၅-၂၀၁၅ ရက်မှ ၁၃-၆-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ ရက်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း၊ ၀၆၇-၇၉၄၈၃၊ ၀၆၇- ၇၉၁၃၅၊ ၀၆၇- ၇၉၄၁၁**



## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရေပေးရေးလုပ်ငန်းသုံးပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| Lot(1) | | |
| 1. | 6-3/4" Dia Wing Bit | 10 Nos |
| 2. | 6-3/4" Dia Tri-cone Bit | 10 Nos |
| 3. | 8-5/8" Dia Wing Bit | 20 Nos |
| 4. | 8-5/8" Dia Tri-cone Bit | 20 Nos |
| 5. | DTH Penetration Bit | 4 Nos |
| Lot(2) | | |
| 1. | 3½" Drill Rod | 200 Nos |
| Lot(3) | | |
| 1. | BQ Pipe (Air Lifting Pipe)3m | 200 Nos |
| Lot(4) | | |
| 1. | Logging Instrument | 1 No |
| Lot(5) | | |
| 1. | BoreHole Camera (RCam 1000XS) | 1 No |
| Lot(6) | | |
| 1. | Air Compressor(310 CFM) | 2 Nos |

၂။ ပစ္စည်းများ၏နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၁၁-၆-၂၀၁၅ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၁-၆-၂၀၁၅ရက် မွန်းလွဲ ၁ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ရုံးအမှတ် ၁၄၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၄၀၇၊ ၄၀၈၂၁၅တို့သို့ သတ်မှတ်ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**



## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အထူးကုဆေးရုံ (မင်္ဂလာဒုံ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန အထူးကုဆေးရုံ(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDAအသိအမှတ်ပြု ဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများ စာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံ (မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးကုဆေးရုံ (မင်္ဂလာဒုံ)**
**ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၁-၆၃၅၂၉၉၊ ၆၃၇၅၄၁**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပေါင် မေ ၁၄**

ယခုအချိန်ကာလသည် မြန်မာနိုင်ငံအနေဖြင့် မိုးဦးကာလမုန်တိုင်းရာသီဖြစ်ပြီး မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည့် ဘေးအန္တရာယ်များကို အထူးသတိထားရမည့် အချိန်ကာလဖြစ်၍ အချိန်မရွေး ဖြစ်ပွားနိုင်သည့် ငလျင်ဘေးအန္တရာယ်နှင့် ယင်းနှင့်ဆက်စပ်ဖြစ်ပေါ်နိုင်သည့် ဆူနာမီဘေးအန္တရာယ်များအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဒေသအတွင်းဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ကြိုတင်ပြင်ဆင်မှုများနှင့်အတူ သရုပ်ပြလေ့ကျင့်ခန်းများကို ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ကြီးကြပ်မှု၊ မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် IOM အဖွဲ့တို့ပူးပေါင်း၍ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မေ ၁၀ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပေါင်မြို့နယ် အလှပ်ကျေးရွာ၌ ကျင်းပသည်။

ဘေးလွတ်ရာခိုလှုံနေရာသို့ ရွှေ့ပြောင်းမှုအနေဖြင့် သရုပ်ပြလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်သူများကို ထော်လာဂျီရှစ်စီး၊ မော်တော်ဆိုင်ကယ် ၂၄ စီးဖြင့် တာဝန်ရှိသူများက ကြိုတင်သတ်မှတ်ထားပြီးဖြစ်သည့် ဘေးလွတ်ကင်းရာ လမ်းကြောင်းများမှ စနစ်တကျရွှေ့ပြောင်းပေးသည်။ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ရာတွင် အချိန်တစ်နာရီခန့် ကြာမြင့်သည်။

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ပြုလုပ်ခဲ့ခြင်းအားဖြင့် ပင်လယ်ကမ်းစပ်တွင်နေထိုင်ကြသည့် ပြည်သူများအနေဖြင့် မုန်တိုင်းဘေး၊ ဆူနာမီဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်ရရှိပါက တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက် ဆောင်ရွက်ရမည့်အချက်များကို သိရှိနားလည်စေပြီး အချိန်တိုအတွင်း ဘေးလွတ်ရာနေရာများသို့ အချိန်မီ ရွှေ့ပြောင်း ကယ်ဆယ်ဆောင်ရွက်နိုင်သည့်အကျိုးကျေးဇူးနှင့် ပြည်သူတစ်ဦးချင်း ဘေးဖြစ်ပွားချိန်တွင် လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ စီမံခန့်ခွဲသူများ၏ တာဝန်ဝတ္တရားများကို ကဏ္ဍအလိုက် သိရှိသွားကြသည့်အပြင် အချိန်မီ ကယ်ဆယ်ဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ဆင်းရွှေလီသကြားစက်ရုံအမှတ် (၂) ရေအေးကန်အတွင်း ရေဆင်းချိုးရာမှ သေဆုံးမှုဖြစ်ပွား

**နောင်ချို မေ ၁၄**

နောင်ချိုမြို့နယ် အင်းဝိုင်းကျေးရွာ ဆင်းရွှေလီသကြားစက်ရုံအမှတ်(၂) ရေအေးကန်အတွင်း မေ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက အမျိုးသားသုံးဦး ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သကြားစက်ရုံနေ့စားဝန်ထမ်းဖြစ်သူ ငြိမ်းချမ်းအောင်၊ ကြည်စိုးပိုင်၊ ရဲဇော်ထွန်းတို့ သုံးဦးသည် စက်ရုံရေအေးကန်အတွင်း စီးဝင်သော အကျယ် ၁၅ ပေ၊ အနက် ရှစ်ပေရှိ ရေမြောင်းတွင် ရေဆင်းချိုးကြရာ ငြိမ်းချမ်းအောင်မှာ ရေမြောင်းအတွင်း မျောပါသွားသော ဘောင်းဘီကိုလိုက်လံဆယ်ယူစဉ် ရေမြုပ်သွားသဖြင့် ကြည်စိုးပိုင်နှင့် ရဲဇော်ထွန်းတို့က လိုက်လံဆယ်ယူကြရာ ၎င်းတို့နှစ်ဦးပါ ရေနစ်မြုပ်သွားပြီး သေဆုံးသွားကြသည်။

ရေနစ် သေဆုံးသွားကြသည့် ကြည်စိုးပိုင် (၁၈ နှစ်)၊ ငြိမ်းချမ်းအောင် (၁၈ နှစ်)၊ ရဲဇော်ထွန်း (၁၇ နှစ်) နေ့စားဝန်ထမ်းတို့သည် ပန်းတိုင်းတောရွာ မြိုင်မြို့နယ် မကွေးတိုင်းဒေသကြီးနေထိုင်သူများ ဖြစ်ကြသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နောင်ချိုမြို့မရဲစခန်းက သေမှုသေခင်း အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**(ဝဇိရ)**

# ရထားမတော်တဆမှုဖြစ်ပွားခြင်းများကြောင့် ဒဏ်ရာရ၊ သေဆုံးသူများပြား ရထားအန္တရာယ်သတိပြုကြပါရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် မေ ၁၄**

မြန်မာ့မီးရထားလမ်းပိုင်း အသီးသီးတွင် ရထားမတော်တဆမှုဖြစ်ခြင်း၊ ရထားဖြင့်တိုက်မိခြင်းနှင့် စည်းကမ်းမလိုက်နာ၍ ရထားပေါ်မှ လိမ့်ကျခြင်းများကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် မတ်လအတွင်း အဆိုပါဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဒဏ်ရာရသူ ခြောက်ဦး၊ သေဆုံးသူ ရှစ်ဦး စုစုပေါင်း အမှု ၁၄ မှု အထိ ရှိလာသဖြင့် မြန်မာ့မီးရထားတွင် မတော်တဆမှု ဖြစ်စဉ်များ များပြားနေသည်ကို စိစစ်တွေ့ရှိလာရသည်။

သို့ဖြစ်ပါ၍ ရထားဖြင့်ခရီးသွားလာရာတွင် ရထားတွဲအတက်အဆင်းလှေကားများတွင် တွဲလောင်းခိုစီးခြင်း၊ ထိုင်စီးခြင်း၊ ရပ်စီးခြင်းများ မပြုလုပ်ရန်၊ တွဲတစ်တွဲနှင့်တစ်တွဲ ကူးသန်းသွားလာရာတွင် ဂရုစိုက် ကူးသန်းသွားလာကြရန် ခရီးသွားပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်သူများသည် ရထားများမရပ်တန့်မီနှင့် ပြန်လည်ထွက်ခွာချိန်များတွင် ရထားတွဲပေါ်သို့ ပြေးတက် ပြေးဆင်းများ ရှောင်ကြဉ်သွားရန် လိုအပ်သည်။

ထို့အပြင် ရထားလမ်းကူးများ၌ ဂိတ်ပိတ်ထားလျှင် အလျင်စလိုဖြတ်မကူးပါရန်နှင့် တရားမဝင် ရထားလမ်းကူးများတွင် ကား၊ ဆိုင်ကယ်၊ လှည်းများဖြတ်ကူးရာ၌ သေချာစွာ ဂရုစိုက်ပြီးမှသာ ဖြတ်ကူးကြပါရန် ရထားလမ်းဘေး သွားလာရာတွင် မလွတ်မကင်း မထီမဲ့မြင်ပြုလုပ်ခြင်း၊ ရထားသံလမ်းများ၌ အရက်သေစာ သောက်စားမူးယစ်ပြီး အိပ်နေခြင်းများကိုမပြုလုပ်ကြရန် မြန်မာ့မီးရထားမှ တိုက်တွန်းနှိုးဆော်ထားကြောင်းသိရသည်။

**(မြန်မာ့အလင်း)**



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများအနေဖြင့် လုပ်ငန်းခွင်မပျက်ဘဲ စာပေဖတ်ရှုလေ့လာနိုင်ရန် မြို့ပေါ်နှင့်ကျေးလက်ဒေသရှိ လူစည်ကားရာနေရာများတွင် နံရံကပ် စာပေရေချမ်းစင်များ ဖြန့်ဝေထားရှိပေးပြီး စာစဉ်အသစ်များကို ပုံမှန်ဖြည့်တင်းပေးလျက်ရှိရာ ထန်တလန်မြို့နယ် ပြန်/ဆက် ဦးစီးဌာနက မေ ၇ ရက်က အသစ်ရောက်ရှိလာသော စာစဉ်အသစ်များ လဲလှယ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

# အများပြည်သူ သိရှိလိုက်နာနိုင်ရန် မန္တလေးငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်

**မန္တလေး မေ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းသည် မန္တလေးမြို့၏ကျက်သရေဆောင် သမိုင်းဝင်အင်းတစ်အင်းဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ အများပြည်သူ ငါးရိက္ခာဖူလုံပြည့်စုံမှုရှိစေရန်၊ မန္တလေးမြို့နေပြည်သူများ၏ ငါးစားသုံးမှုလိုအပ်ချက်ကို အဆက်မပြတ် ဖြည့်ဆည်းနိုင်စေရန်၊ ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးထိန်းသိမ်းခြင်းများဆောင်ရွက်လျက်ရှိသော အင်းတစ်အင်း ဖြစ်သည်။

ယခုနှစ် ဧပြီ ၁၂ ရက်နှင့် ၃၀ ရက်တို့တွင် တောင်သမန်အင်းအတွင်း ရေဆိုးများဝင်ရောက်၍ ရေထုညစ်ညမ်းလျက် ငါးများ၏နေထိုင်မှုပတ်ဝန်းကျင် ထိခိုက်ခဲ့ပြီး အောက်ဆီဂျင်ပြတ်တောက်မှုကြောင့် ငါးများအစုလိုက်၊ အပြုံလိုက် အမြောက်အမြား သေဆုံးမှု ဖြစ်ပွားခဲ့သည်။

မန္တလေးမြို့ရှိ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းရှင်များ၊ အင်းပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်များအနေဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အမှိုက်စသည့် အညစ်အကြေးများ၊ ရေဆိုးများစွန့်ပစ်ခြင်းကြောင့် ရေ၊ မြေ၊ လေနှင့် သဘာဝအခြေအနေများ ပျက်စီးယိုယွင်းပြီး သဘာဝပတ်ဝန်းကျင်နှင့် မြို့နေပြည်သူများကို ဆိုးကျိုးမသက်ရောက်စေရေးအတွက် သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို အလေးထားလိုက်နာသွားကြရမည်ဖြစ်သည်။

ငါးများနေထိုင်ကျက်စားရှင်သန်ပွားများရာ မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်တမံ၊ ရေလှောင်ကန်စသည့် ရေချိုရေပြင်များအတွင်းသို့ ရေဆိုးများ၊ အမှိုက်သရိုက်၊ အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်း စွန့်ပစ်ခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ ဥပဒေအရလည်း အရေးယူခံရနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ရွှေထူးလွှင် ချောင်းသာ (စားတည်းငြိမ်း) ၃၀၀၀၀ိ/-၊ (မော်တင်စွန်း) (ငွေဆောင်)
ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး (၃) ရက်၊ (မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း မုံရွာ၊ မိုးကုတ်) (၅/၆/၇/၈) ရက်၊ (တောင်ကြီး အင်းလေး ပင်းတယ၊ လွိုင်ကော်) (၄/၅/၇) ရက်၊ အားလုံးပါ ဘုရားစုံ (၁၀/၁၁/၁၂) ရက်၊ ရခိုင်၊ မြောက်ဦး စစ်တွေ၊ ငပလီ (လားရှိုး မူဆယ်၊ ရွှေလီ)၊ (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ပျော်ရစ်၊ မြိတ်)၊ ကန်ချနားမှို ကျိုက်ထီးရိုး မဲလံဆံတော်ရှင်၊ ကျောက်ပီရုဟန္တာ၊ (မြဝတီ၊ မဲဆောက်)၊ အကောက်တောင်၊ ပြည်ဘုရားစုံ၊ ဇလွန်။
ကားစီးလုံးငှားသည်။ အိမ်အရောက် ပို့/ကြို။ May : 15/22/29
အမှတ် (၄၄၄/၇)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09450044494, 09450044496, 389920

## MBA နှစ်(၂၀)ပြည့် အထိမ်းအမှတ်ပွဲ

နှစ်(၂၀)ပြည့်အထိမ်းအမှတ်အဖြစ် ဘွဲ့ရကျောင်းသားကျောင်းသူဟောင်းများ၊ အငြိမ်းစားပါမောက္ခ ဆရာဆရာမကြီးများ၊ သင်ကြားပြသလျက်ရှိသော ဆရာ၊ ဆရာမများ၊ လက်ရှိတက်ရောက်နေသော မျိုးဆက်သစ်ကျောင်းသားများနှင့် ပြန်လည်တွေ့ဆုံနှီးနှောဖလှယ်နိုင်ရန်အတွက် **(၁)စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို မေလ ၁၆ရက်(စနေနေ့) နံနက် ၉နာရီမှ ၁၂ နာရီအထိ၊ ပတ္တမြားဆောင်၊ လှိုင်နယ်မြေ၊ (၂) MBA Program နှစ်(၂၀)ပြည့် အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနား၊ ပတ္တမြားစာကြည့်တိုက် မွမ်းမံပြင်ဆင်ဖွင့်လှစ်ပွဲ၊ ဓာတ်ပုံပြပွဲနှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ နှီးနှောဆွေးနွေးပွဲ (HR Forum) ကို မေလ ၂၃ရက်၊ နံနက် ၈း၃၀ မှ ညနေ ၅နာရီထိ၊ (၃) သင်တန်းအဆက်ဆက် သင်ကြားပြသခဲ့သော ဆရာဆရာမကြီးများကို ပူဇော်ကန်တော့ပွဲကို မေလ ၂၄ရက်၊ နံနက် (၉ မှ ၁၁) နာရီ MICT Park လှိုင်နယ်မြေနှင့် မိတ်ဆုံညစာစားပွဲကို မေလ ၂၄ရက်၊ ညနေ(၆မှ ၉း၃၀)နာရီထိ၊ MCC Hall ၊ မင်းဓမ္မလမ်းတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။** အမ်ဘီအေသင်တန်းများတွင် ပို့ချခဲ့၊ ပို့ချဆဲဖြစ်သော ဆရာကြီး၊ ဆရာမကြီးများအား တွေ့ဆုံဂါရဝပြုရင်း နှစ်အသီးသီး၊ အတန်းအသီးသီးမှ မိတ်ဆွေသူငယ်ချင်းများ တပျော်တပါး ပြန်လည်တွေ့ဆုံကာ အမ်ဘီအေမိသားစုဝင်များအားလုံး ချစ်ခင်ရင်းနှီးစွာ ဆက်သွယ်ပေါင်းစည်းနိုင်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ပါသည်။
အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီလိုသောကုမ္ပဏီများနှင့် ကျောင်းသားဟောင်းများထံမှ အလှူငွေများကိုလည်း လက်ခံလျက်ရှိပြီး အစီအစဉ်များကို **www.Facebook.com/mba20thanniversary** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
**ကိုမင်းဦး(၀၉ ၅၀၀၇၁၆၆)၊ ကိုချန်ထွဋ်(၀၉၄၉၂၃၂၉၀၀)၊ မလင်းလင်းတင်ထွန်း(၀၉ ၅၁၁၈၃၈၈)၊ မသူဇာချယ် (၀၉ ၄၃၁၄၂၇၂၇) မသိန်းသန်းမင်း (၀၉ ၅၁၆၃၁၂၃)၊**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရေနံချောင်းမြို့နယ်၊ စိန်ပန်းပင်ကျေးရွာအုပ်စု ဝဂွေါင်းကျေးရွာနေ အဖ ဦးသန်းစိန်(၈/ရနခ(နိုင်) ၀၃၉၁၈၀)၏သမီးဖြစ်သူ မငြိမ်းမြင့်(ခ) မငြိမ်းငြိမ်းမြင့်မှာ တစ်ဦးဖြစ်ပါကြောင်း။

မငြိမ်းမြင့်(ခ)မငြိမ်းငြိမ်းမြင့်

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ဘာလုံ့ဘကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၊ စတုတ္ထတန်းမှ အဖ ဦးဖုန်းကျော်(၉/မရမ(နိုင်)၁၅၃၁၃၅)၏ သားဖြစ်သူ မောင်အောင်သူဟိန်းအား မောင်မင်းသုခဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းသုခ

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သူဇာမျိုးအေး ၁၂/သလန(နိုင်) ၁၃၉၉၁၃၏ သွင်းကုန်လိုင် စင်အမှတ်ISP 3 14-15 27121 (29/12/2014) မူရင်းမှာ ပန်းဘဲတန်းမြို့နယ်အတွင်း ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၆၂၈၉၅၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲနောင်ထွန်း ၁၂/သဃက (နိုင်) ၁၇၀၂၄၅၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၄၂၀၉၁

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၈) သူငယ်ချင်းများသို့

တို့တစ်တွေ ကျောင်းဆင်းတာ နှစ်(၃၀)ပြည့်(ပုလဲရတု)အထိမ်းအမှတ်ကို နေပြည်တော်မှာ စုံစုံညီညီနဲ့ ပျော်ပျော်ရွှင်ရွှင် တွေ့ဆုံကြဖို့စီစဉ်ထားပါတယ်။ မိသားစုများနှင့်အတူ အားလုံး တက်ရောက်ကြဖို့ ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

၃၀-၅-၂၀၁၅ရက် (စနေနေ့)။ စုစည်းရောက်ရှိခြင်း၊ နေပြည်တော်အတွင်း လည်ပတ်ခြင်း၊ ဝါသနာရှင်များ ဂေါက်သီးရိုက်ခြင်း၊ ညစာစားပွဲပြုလုပ်ခြင်း။

၃၁-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့)။ ဆရာကန်တော့ခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းအသေးစိတ်ကို အောက်ပါသူငယ်ချင်းများနဲ့ ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း။

နေပြည်တော်။ ကျော်စိုး ဖုန်း-၀၉-၄၄၈၅၃၉၆၆၆၊ ၀၉-၅၀၂၆၂၃၃၊ ခင်လတ်ကြီး ဖုန်း-၀၉-၄၉၂၉၁၁၂၀၊ တင်ဝင်း ဖုန်း-၀၉-၄၅၀၀၄၈၅၉၃၊ တင့်ဆွေ ဖုန်း-၀၉-၅၄၁၇၇၂၈၊ အောင်ကျော်မိုး ဖုန်း-၀၉-၅၂၈၀၅၂၃၊ ရန်ကုန်။ မျိုးသန့် ဖုန်း-၀၁- ၅၆၃၇၁၆၊ ၀၉-၅၀၂၁၅၈၄၊ စောဝင်းသောင် ဖုန်း-၀၉-၄၉၂၂၈၆၉၅၊ မန္တလေး။ အောင်ခိုင်သန်း ဖုန်း-၀၉-၂၀၀၀၃၇၃၊ စောထွန်းဦး ဖုန်း-၀၉-၂၀၁၄၉၀၂

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/5625 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

# ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်အပေါ် စောင့်ကြည့်လေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး




**ရန်ကုန် မေ ၁၄**

လူ့မိသားစုဝင် လူသားအားလုံး၏မွေးရာပါဂုဏ်သိက္ခာ၊ လူ့တန်ဖိုးနှင့် တန်းတူညီမျှမှု စသည့်အခွင့်အရေးများသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှု၏ အခြေခံအုတ်မြစ်များဖြစ်သည်ဟု ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်တွင် ထုတ်ပြန်ကြေညာထားချက်အပါအဝင် လိုက်နာရမည့် တာဝန်ဝတ္တရားများ၊ တန်းတူအခွင့်အရေးနှင့်ခွဲခြားဆက်ဆံမှုမရှိစေရေး အစရှိသည့် အချက်များပါဝင်ရေးဆွဲထားသည့် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ပြဋ္ဌာန်းခဲ့ရာ မြန်မာနိုင်ငံမှ ၂၀၁၁ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်းကို မေ ၁၁ ရက်က ရန်ကုန်မြို့ **YMCA** ၌ ကျင်းပသည့် သဘောတူစာချုပ်အပေါ်စောင့်ကြည့်လေ့လာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

"မသန်စွမ်းသူဆိုတာ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ အသိဉာဏ်ပညာပိုင်းဆိုင်ရာ ချို့ယွင်းအားနည်းချက်များ ရေရှည်ခံစားနေရပြီး လူ့အသိုက်အဝန်းမှာ အပြည့်အဝ ဆောင်ရွက်နိုင်ရေးအတွက် အဟန့်အတားကြုံတွေ့ခံစားနေရသူတွေဖြစ်ပါတယ်။ သို့သော် သူတို့တစ်တွေရဲ့ အခွင့်အရေးသိဖို့၊ ပညာပေးဖို့ကို သူတို့နဲ့ ဆက်စပ်နေတဲ့မိသားစုဝင်တွေ ရပ်ရွာအသိုင်းအဝိုင်းတွေ၊ မူဝါဒအကောင်အထည်ဖော်သူတွေကို ဘယ်လိုအသိပညာပေးရမလဲဆိုတာ ကျွမ်းကျင်သူတွေရဲ့ ပံ့ပိုးမှုတွေကို မသန်စွမ်းသူတွေအတွက် ဆောင်ရွက်နေတဲ့ ဒီအဖွဲ့အစည်းတွေမှ လူတွေကလည်း တက်ရောက် လေ့လာကြပါတယ်။

ကျွန်တော်တို့ဆီမှာ ဉာဏ်ရည်မသန်စွမ်းမှုနဲ့ပတ်သက်ပြီး အားနည်းနေတာတွေ့ရတယ်။ မြို့ပြတွေမှာ အသင်းအဖွဲ့တွေရှိပေမယ့်။ နယ်စပ်တွေ၊ ဝေးလံခေါင်ဖျားဒေသတွေမှာ ဒီအခွင့်အရေးမျိုးမရရှိသူတွေ များစွာရှိနေသေးတယ်။ ဒါကြောင့်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ဖို့ဆိုရင် ကုလသမဂ္ဂက ခန့်အပ်ထားတဲ့ပညာရှင်များရဲ့အတွေ့အကြုံ အကြံဉာဏ်တွေလိုအပ်ပါတယ်" ဟု မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများ ကောင်စီ အထွေထွေ အတွင်းရေးမှူး ဦးညွန့်အောင်က ပြောကြားသည်။

ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ အချက်များကို အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်အားလုံးကို အပြည့်အဝနားလည်သဘောပေါက်ခြင်းဖြင့် မြှင့်တင်ရန်နှင့်သေချာစေရန် ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါသဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည်။ ထို့အပြင် လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များကို ဆောင်ရွက်ပြုမှုနိုင်ရန် လုပ်ဆောင်ရာတွင် အခက်အခဲမရှိစေရန်၊ စိတ်ပင်ပန်းမှုမရှိစေရန် ၎င်းတို့အတွက် လိုအပ်သော ပြုပြင်မွမ်းမံမှုများ ညှိနှိုင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

"မသန်စွမ်းသူတွေအတွက် ဆန့်ကျင်ထားတဲ့ ကန့်သတ်ချက်တချို့ကို ပယ်ဖျက် ပေးစေလိုပါတယ်။ အဆောက်အအုံတွေကအစ မသန်စွမ်းသူတွေပါ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ဖို့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ပြည်သူတွေရဲ့ အတွေးအမြင်တွေကို ပြုပြင်ပေးဖို့လည်း တောင်းဆိုချင်ပါတယ်။ မသန်စွမ်းမှုဆိုတာက မွေးကင်းစကနေအပြင်မှာ ရောဂါရရှိတာ၊ သွားလာနေရင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့်လည်း ဖြစ်နိုင်တာပါပဲ။ သနား နေဖို့ထက် ကိုယ်ချင်းစာနာစိတ်နဲ့ ဝိုင်းဝန်းစောင့်ရှောက်ပေးဖို့ ပြည်သူတွေကို တောင်းဆိုချင်ပါတယ်"ဟု ဦးညွန့်အောင်က ဆက်လက် ပြောကြားသည်။

**သတင်း-မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ-မွန်းဦးနဒီ**

# နိုင်ငံတကာပြိုင်ပွဲကြီးငါးပွဲတွင် သွားရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော အလှမယ်များထဲမှ မီဒီယာရွေးချယ်မှုဆု ပေးအပ်

**ရန်ကုန် မေ ၁၄**

နိုင်ငံတကာ အလှမယ်ပြိုင်ပွဲ ငါးပွဲအတွက် ရွေးချယ်ရန် လေ့ကျင့်လျက်ရှိသော အလှမယ် ၃၁ဦး အနက်မှ မီဒီယာရွေးချယ်ပေးအပ်မှုဆု (Media’s Choice Award Winner) ဆု ရွေးချယ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ မေ ၁၃ ရက်က ကျင်းပသည်။

Miss Golden Land Myanmar Organization က ကြီးမှူးကျင်းပပြီး နိုင်ငံတကာအလှမယ်ပြိုင်ပွဲ ငါးပွဲတွင် သွားရောက်ယှဉ်ပြိုင်ရန် ဆန်ကာတင်ရွေးချယ်ထားသော အလှမယ် ၃၁ ဦးအနက်မှ ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ပထမဆုကို ခါးနံပါတ် (၁) အလှမယ် L ဘောက်နူးကလည်းကောင်း၊ ဒုတိယဆုကို ခါးနံပါတ် (၁၂) အလှမယ် W မေရှင်းစိန်ကလည်းကောင်း၊ တတိယဆုကို ခါးနံပါတ် (၁၅) အလှမယ် ခင်အင်ကြင်းကျော်က လည်းကောင်း အသီးသီး ဆွတ်ခူးရရှိသည်။

"အလှမယ်တွေကို နယ်ပယ်အသီးသီးက ပညာရှင်တွေက အနီးကပ်စခန်းသွင်းလေ့ကျင့်ပေးနေပါတယ်။ ကျွန်တော်တို့က အလှမယ်တစ်ဦးမှာ ရှိသင့်တဲ့အခြေခံအရည်အသွေးတွေဖြစ်တဲ့ အလှအပ၊ ကိုယ်ရည်ကိုယ်သွေးနှင့် အတွေးအခေါ်လူ့ကျင့်ဝတ်ကောင်းတွေကို သင်ကြားပေးပါတယ်။ ဒီနေ့ကျင်းပတဲ့ အခမ်းအနားကတော့ စာနယ်ဇင်းက ရွေးချယ်ပေးတဲ့ဆုဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် စတင်ကျင်းပစဉ်ကတည်းက စာနယ်ဇင်းဆုကို ပေးအပ်ခဲ့တာဖြစ်ပါတယ်"ဟု Miss Golden Land Myanmar Organization ၏ အမှုဆောင်အရာရှိချုပ် ကိုဝေယံအောင်က ပြောသည်။

အလှမယ် ၃၁ ဦးတို့မှာ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာတွင် ကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဦးစီးကျင်းပမည့် ကလေးသူငယ်များ မဟာကုသိုလ်တော် ရှင်ပြုပွဲကြီးတွင် လုပ်အားဒါန ပေးလှူခြင်း၊ ပုဂံခေတ်အကအလှများဖြင့် ကပြဖျော်ဖြေခြင်းများကို ကုသိုလ်ပြုပါဝင်ရန် မေ ၁၃ ရက်ညက ခရီးထွက်ခွာခဲ့ကြောင်း သိရသည်။



ထို့ပြင် ဒေသခံကလေးသူငယ်များနှင့် ဒေသခံနှစ်သောင်းကျော်တို့နှင့်အတူ ကိုယ်ရည်ကိုယ်သွေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာများကို ခုနစ်ရက်ကြာ သွားရောက်ဆောင်ရွက်မည် ဖြစ်သည်။

မေ ၂၅ ရက်တွင် မန္တလေးမြို့၌ Miss Talent ဆုကိုလည်းကောင်း၊ မေ ၂၇ ရက်တွင် ပြင်ဦးလွင်မြို့၌ Swimsuit ပြိုင်ပွဲကို လည်းကောင်း၊ မေ ၃၁ ရက်တွင် ပုဂံမြို့၌ Sport Competition ကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း ကိုဝေယံအောင်က ဆက်လက် ပြောကြားသည်။

**သတင်း-ခင်ရတနာ၊**
**ဓာတ်ပုံ-မင်းထက်(မြန်မာ့အလင်း)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး
## မော်လိုက်ခရိုင်၊ မော်လိုက်မြို့
## ပစ္စည်းတင်ဒါခေါ်ယူခြင်း (အမှတ်-၂)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)၊ မုံရွာမှ ဆောင်ရွက်မည့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ခြသေ့်ချောင်းတံတား လုပ်ငန်းအတွက် လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | 4" x 4" H Section Beam | 15.61 Ton | |
| ၂။ | Pipe HSS 1.900 x 0.145 | 9.52 Ton | |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လိုက်ခရိုင်၊မော်လိုက်မြို့၊ ဖုန်း-၀၇၃-၄၂၁၀၄
**နောက်ဆုံးတင်သွင်းရမည့်ရက်၊ အချိန်** - ၂၅-၅-၂၀၁၅ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၅-၅-၂၀၁၅ ရက် မွန်းလွဲ ၁၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မော်လိုက်မြို့**
**ဖုန်း-၀၇၃-၄၂၁၀၄၊ ၀၇၃-၄၂၀၄၈**

## ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
June-20 (Sat) စမည်။ Aircon စာသင်ခန်းမ
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## တင်ဒါပိတ်ရက်၊ ရက်တိုးခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၊ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး)တို့အတွက် ဆောက်လုပ်ရေးလုပ်ငန်း (၁၉)မျိုးနှင့် စက်ပစ္စည်း(၁၂၃)မျိုး တင်ဒါများအား ၈-၄-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ရက်အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် တင်ဒါဖိတ်ခေါ်ခဲ့ပါသည်။ တင်ဒါပိတ်ရက်အား ၁၅-၅-၂၀၁၅ရက်မှ ၂၂-၅-၂၀၁၅ရက်သို့ ထပ်မံရက်တိုးသတ်မှတ်ကြောင်း အသိပေးအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**
**ဆေးဝါးစက်ရုံ(အင်းစိန်)၊ ၀၁-၆၄၆၂၇၄**

## သစ်တောဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် အောက်ဖော်ပြပါ ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ဆောက်လုပ်နိုင်ရန် အဆောက်အအုံဗိသုကာပုံစံနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် တည်ဆောက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| | တည်နေရာ | လုပ်ငန်း | ပမာဏ | မှတ်ချက် |
|---|---|---|---|---|
| (က) | ဂန့်ဂေါခရိုင် သစ်တောဦးစီးဌာန | (ပေ၄၀×ပေ၃၀×၁၂ပေ) နှစ်ခန်းတွဲအိမ်ရာ | ၁လုံး | (သွပ်မိုးတစ်ထပ် အုတ်ညှပ်နံရံကာ ရေ၊ မီး၊ မိလ္လာအပါအဝင်) |
| (ခ) | ချောက်မြို့နယ် သစ်တောဦးစီးဌာန | (ပေ၄၀×ပေ၃၀×၁၂ပေ) နှစ်ခန်းတွဲအိမ်ရာ | ၁လုံး | (သွပ်မိုးတစ်ထပ် အုတ်ညှပ်နံရံကာရေ၊ မီး၊ မိလ္လာအပါအဝင်) |
| (ဂ) | ဂန့်ဂေါမြို့နယ် | (ပေ၂၀×ပေ၂၀×၁၁ပေ) လုံးချင်းအိမ်ရာ | ၁လုံး | သံဖနပ်တိုင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ မီးဖို (၉ပေ×၁၁ပေ)နှင့် ဝရန်တာ(၄ပေ×၁၀ပေ) (အပါအဝင်) |
| (ဃ) | ပခုက္ကူခရိုင် သစ်တောဦးစီးဌာန | (ပေ၂၀×ပေ၂၀×၁၁ပေ) လုံးချင်းအိမ်ရာ | ၁လုံး | သံဖနပ်တိုင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး၊ မီးဖို (၉ပေ×၁၁ပေ)နှင့် ဝရန်တာ(၄ပေ×၁၀ပေ) (အပါအဝင်) |

၃။ **တင်ဒါရောင်းချမည့်ရက်** ၁၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်သည့်ရက်နှင့်အချိန်** ၁၇-၆-၂၀၁၅ ရက်၊ ညနေ ၁၆း၃၀ နာရီ

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊**
**မကွေးမြို့၊ ဖုန်း-၀၆၃-၂၃၀၃၂၊ ၀၆၃-၂၃၀၃၆**

**အမည်ပြောင်း**

ဦးရွှေဝင်း ၇/ပတတ(နိုင်)၀၁၉၅၃၆ ၏သမီး မယဉ်ယဉ်နွယ်အား မရင်ရင်နွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရင်ရင်နွယ်**

# ပုဇွန်တောင်ချောင်းကူး သာကေတတံတား စတင်တည်ဆောက်မည်



**ရန်ကုန် မေ ၁၄**

ပုဇွန်တောင်ချောင်းကူး သာကေတတံတားသစ်ကို မကြာမီဆောက်လုပ်တော့မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"တံတားတည်ဆောက်ရေး ပန္နက်တင်အခမ်းအနားကို မေ ၁၆ ရက်နံနက်မှာ စတင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့က ဒီတံတားကြီးကို တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမယ်လို့ ခန့်မှန်းထားပါတယ်။ တံတားတည်ဆောက်နိုင်ဖို့ လွန်ခဲ့တဲ့ ခြောက်လကတည်းက လိုအပ်တဲ့ မြေစမ်းသပ်မှုတွေ၊ တည်ဆောက်မယ့်မြေနေရာရှင်းလင်းမှုတွေကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်" ဟု အဆိုပါ ပုဇွန်တောင်ချောင်းကူး သာကေတတံတား တည်ဆောက်ရေးဆိုင်ရာ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

ပုဇွန်တောင်ချောင်းကူး သာကေတတံတားသစ်ကို ယခင်သာကေတတံတားအဟောင်းနှင့် အပြိုင်တည်ဆောက်သွားမည်ဖြစ်ပြီး ဒေါပုံဘက်ခြမ်းနှင့် ပုဇွန်တောင်ဘက်ခြမ်းတို့ကြား ဆက်သွယ်ထားသည့် တံတားဖြစ်လာမည်ဖြစ်သည်။ အဆိုပါတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ယခင်သန်လျင်တံတားတည်ဆောက်ရေး စီမံကိန်းမှ အင်ဂျင်နီယာများ ပါဝင်တည်ဆောက်မည်ဖြစ်ပြီး တံတားအထူးအဖွဲ့(၁)က တာဝန်ယူထားကြောင်း သိရသည်။

တံတားသစ်ကို တည်ဆောက်ပေးလိုက်ခြင်းဖြင့် လက်ရှိတံတားဟောင်းမှ ယာဉ်သွားလာမှု၊ ယာဉ်ကြောကျပ်တည်းမှုတို့ကို လျော့နည်းသွားစေနိုင်မည်ဖြစ်သည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သဏ္ဍ**

# အိမ်ရာစီမံကိန်းအသစ်များကလည်း ရန်ကုန်အိမ်ခြံမြေဈေးကွက်ကျဆင်းလာမှုကို မထိန်းချုပ်နိုင်

**ရန်ကုန် မေ ၁၄**

စီမံကိန်းအိမ်ရာများနှင့် မြို့ပြစီမံကိန်း မြေနေရာများ ခေတ်စားလာသော်လည်း အိမ်ခြံမြေဈေး ကျဆင်းနေခြင်းကြောင့် ရန်ကုန်စီးပွားရေးဈေးကွက်တွင် ဆက်စပ်လုပ်ငန်းများလည်း အထိုက်အလျောက် ကျဆင်းနေရကြောင်း ရန်ကုန်အခြေပြု စီးပွားရေးလုပ်ငန်းရှင်များထံက သိရသည်။



အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းကာ အရောင်းအဝယ်မရှိသလောက် နည်းပါးလာသည်မှာ နှစ်ဆန်းပိုင်းကတည်းကဖြစ်ပြီး ယခုနှစ်ဝက်နီးပါးအထိ ကြာမြင့်လာသည့်အတွက် အခြားသော ရွှေ၊ ငွေနှင့် ပို့ကုန်သွင်းကုန်ဈေးနှုန်းများတွင်လည်း ထိခိုက်မှုများ ရှိလာခြင်းဖြစ်သည်။

"အိမ်ခြံမြေကို ခိုင်မာပြီး ဈေးကစားနိုင်တဲ့ ဈေးကွက်အဖြစ် ၂၀၁၄ တစ်နှစ်လုံး သတ်မှတ်ခဲ့ကြတယ်။ အခုအချိန်မှာတော့ အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံသူ အများစုက ပိုက်ဆံဘောမိသွားပြီး အခြားစီးပွားရေးလုပ်ငန်းတွေကိုပါ အနည်းနဲ့အများ ထိခိုက်လာတယ်။ တတ်နိုင်သူတွေက ပြန်မရောင်းဘဲ ဈေးမြင့်လာမယ့် အချိန်ကို စောင့်နေတဲ့အတွက် သူတို့ချဲ့ထွင်နိုင်မယ့် လုပ်ငန်းတွေကို အရှိန်လျော့စေတယ်"ဟု စီးပွားရေးဆိုင်ရာ ဥပဒေအကြံပေးလုပ်ငန်း လုပ်ကိုင်သူ မစုရေချယ်က ပြောသည်။

နိုင်ငံတော်မှ မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရန် စတင်ပြင်ဆင်ချိန်တွင် စီမံကိန်းအဓိကမြေနေရာများကို ရရှိထားသော လုပ်ငန်းရှင်များသာ အကျိုးအမြတ်များစွာရရှိခဲ့သော်လည်း အနီးပတ်ဝန်းကျင်ရှိ မြေနေရာများတွင် လိုက်လံဝယ်ယူကြသူအများစုမှာ အိမ်ခြံမြေများတွင် ငွေကြေးများ နစ်မြုပ်ကာ ပြန်လည်ရောင်းထုတ်ရန် ခက်ခဲသည့် အခြေအနေကို ကြုံတွေ့နေရကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံက သိရသည်။

"အိမ်ခြံမြေဈေးနှုန်းတွေ ကျဆင်းလာတဲ့အပြင် ကွန်ဒိုတွေရဲ့ ခွင့်ပြုတဲ့ ပိုင်ဆိုင်မှု ပုံစံတွေကို မသိနားမလည်ခြင်းတွေနဲ့ ကန်ထရိုက်နဲ့ အိမ်ပိုင်ရှင်အကြား၊ မြေပိုင်ရှင်နှင့် အခန်းရှင်အကြားမှာ ဥပဒေရေးရာ မသိနားမလည်မှုတွေကြောင့်လည်း အိမ်ခြံမြေဈေးတွေ ပိုမိုကျဆင်းလာနေတာဖြစ်တယ်။ မဆောက်ပေးနိုင်တဲ့ ကန်ထရိုက်တွေဆီမှာ ဒါမှမဟုတ် လူမရှိတဲ့ မြေကွင်းတွေပေါ်မှာ ငွေတွေက နစ်မြုပ်သလိုဖြစ်သွားရတယ်။ မြေဈေးကျဆင်းလို့ ရွှေလုပ်ငန်းမှာလည်း အရောင်းအဝယ်ထိခိုက်လာနိုင်သလို နိုင်ငံခြားငွေကြေးဈေးကွက်မှာလည်း ထိခိုက်မှုရှိလာတယ်။ အမှန်တော့ လုပ်ငန်းအားလုံးဟာ ဆက်စပ်နေတာဖြစ်ပါတယ်။ အရောင်းအဝယ်ကသာ မရှိသလောက် အေးနေပေမယ့် ငှားရမ်းမှုတွေကတော့ ပုံမှန်ထက်ပိုများတယ်။ သို့သော် ဈေးတွေက ကျဆင်းလာတယ်။ အိမ်ခြံမြေဈေးကျဆင်းတော့ အငှားသမားတွေကလည်း ပိုပြီးဈေးလျှော့ပေးကြတယ်"ဟု အောင်ချမ်းမြေ့ အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းမှ ကိုတင်ထွန်းက ပြောသည်။

ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ အေးရွာ၌ တံတားဆောက်မည့် အသံများ ထွက်ပေါ်လာသော်လည်း စိတ်ဝင်တစား လာရောက်ကြည့်ရှုသူပင် မရှိသလောက်ဖြစ်လာနေကြောင်း အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်သူ ကိုသန်းဦးက ပြောကြားသည်။

ထိုသို့ အိမ်ခြံမြေဈေးကျဆင်းလာခြင်းကြောင့် ငွေကြေးရှားပါးမှုနှင့် ရင်ဆိုင်နေကြရပြီး လုပ်ငန်းရှင်အများစုမှာ ရောင်းချခြင်းထက် လက်ဝယ်ထားရှိရန်သာ စဉ်းစားနေကြသဖြင့် ရန်ကုန်အိမ်ခြံမြေဈေးကွက်သည် အကျဘက်သို့ ဦးတည်ရပ်တန့်နေခြင်းဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေဈေးနှုန်းကျဆင်းလာလို့ဆိုပြီး ဝယ်သူမရှိ ရောင်းလိုသူသာ ရှိနေပါတယ်။ အများစုက ရင်းနှီးမြှုပ်နှံမှု ပုံစံပြောင်းသွားကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပိုင်ဆိုင်မှုတန်ဖိုးက လက်ထဲမှာတင် ကျဆင်းနေတာကြောင့် ရှေ့တိုးနိုင်မယ့် စီးပွားရေးအလားအလာကို ထိခိုက်နိုင်တယ်" ဟု ရေချယ်က ပြောကြားသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-မေဦးမိုး**


**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

### ပျောက်ဆုံးကြောင်း
ကျွန်တော် မင်းထွန်းဦး ၃/ကကရ(နိုင်)၁၂၆၂၃၅ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၇၀၇၁၀

### အမည်ပြောင်း
ဦးအောင်မျိုး၏သမီး ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း Grade(3)(C)မှ မမေမျိုးထိုက်အား မေမြတ်နိုးသူဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မေမြတ်နိုးသူ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅ဟ/၄၉၀၉ Nifan / သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဝင်း MME-၆၅၇၈၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် DD/5380 နစ်ဆန်း PINO ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မြင့် ၁၂/ဥကတ(နိုင်)၁၂၁၈၈၇ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး ပုသိမ်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1B/8586 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၄ယ/၅၇၁၁၆ Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြည် ၁၀/မလမ(နိုင်)၀၃၃၆၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ကတ္တရာပုံးခွံများအား လေလံတင်ရောင်းကြော်ငြာ
၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်မှ လမ်းလုပ်ငန်းများ၌ အသုံးပြုပြီးသော ကတ္တရာများမှ ထုပ်ပိုးပစ္စည်းကတ္တရာပုံးခွံများကို (မြန်မာကျပ်ငွေ)ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | ခရိုင် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| ၁။ | လင်းခေးခရိုင် | ကတ္တရာပုံးခွံ | ၁၀၁၄၁ လုံး |

**ပစ္စည်းတစ်မျိုးတည်းသာ**

**လေလံလျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၁-၆-၂၀၁၅ ရက်၊ ၁၆:၀၀ နာရီ
**အိတ်ဖွင့်လေလံရောင်းချမည့်ရက်၊ အချိန်** - ၂-၆-၂၀၁၅ ရက်၊ ၉:၃၀ နာရီ

၂။ လေလံလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လင်းခေးမြို့တွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**ကတ္တရာပုံးခွံလေလံစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၈၁-၈၇၀၁၂**

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်သက်ဌေးအောင် ၁၂/ရကန(နိုင်)၀၀၃၄၁၈ ၏ G.O.C လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၄၆၁၃၆၊၀၉-၄၂၀၁၃၁၅၇၄**

### ဖခင်အမည်မှန်
ဖားကန့်မြို့နယ်၊ လုံးခင်း အထက နဝမတန်း(B)အောင်မှ မောင်အောင်ဖြိုးဦး ၏ ဖခင်အမည်မှန်မှာ ဦးကျော်စံထွန်း ၅/ရဥန(နိုင်)၀၅၈၇၈၈ ဖြစ်ပါကြောင်း။
**ဦးကျော်စံထွန်း**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3B/2179 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ကုသရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး မိတ္ထီလာမြို့သို့ လာရောက်ဆေးကုသမှုခံယူသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၅ ရက် (အင်္ဂါနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံးခန်း**
**အထွေထွေရောဂါကုဆေးရုံကြီး**
**မိတ္ထီလာမြို့**
**ဖုန်း-၀၆၄-၂၄၁၂၄**
**၀၆၄-၂၃၀၀၄**

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၂)၊ မြေကွက်အမှတ် ၅၄၇/A၊ မြေအကျယ်အဝန်း ၅ ဧက (၁ယူနစ်)ရှိ စိုက်ပျိုးရေးမြေကွက်အား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးဖြိုးဇော်တင့် ၁၂/ဗဟန(နိုင်)၀၈၉၉၉၃ ထံမှ ရွှေပိုးကောင် ကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့က ဝယ်ယူစိုက်ပျိုးလုပ်ကိုင်မည်ဖြစ်ပါသဖြင့် ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၂) ကြီးကြပ်မှုကုမ္ပဏီသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဖြိုးဇော်တင့်**
**၁၂/ဗဟန(နိုင်)၀၈၉၉၉၃**
**ဖုန်း-၅၅၂၇၈၈**

# ဘဝတွင်ပြုခဲ့ဖူးသမျှ အမွန်မြတ်ဆုံးဒါန

ဦးဝင်းထွန်း(သရုပ်ပြရုက္ခဗေဒ)

လူတိုင်းလူတိုင်းမှာ အမွန်မြတ်ဆုံးအရာတစ်ခုကိုတော့ မည်သူမဆို လုပ်ခဲ့ကြလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ ကျွန်တော်တို့လည်း ကျွန်တော်တို့ဘဝမှာ အမွန်မြတ်ဆုံး ဒါနတစ်ခုကိုပြုလုပ်ခဲ့ပါသည်။ အဲ့ဒီဒါနဟာ ကျွန်တော်တို့အတွက် လုံးဝကိုမမေ့နိုင်တဲ့ အရာတစ်ခုပါပဲ။ တစိမ့်စိမ့်တွေးရင်းလည်း ပီတိဖြစ်ခဲ့ရပါတယ်။

ပီတိဖြစ်ရတဲ့အကြောင်းကတော့ နိုင်ငံတော်ရဲ့ကျေးဇူးပါ။ နိုင်ငံတော်မှ "စာမတတ်သူပပျောက်ရေး" အစီအစဉ်ကိုရေးဆွဲကာ အနာဂတ်၏ ကြယ်ပွင့်များဖြစ်သော စေတနာရှင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများကို တောရွာဒေသများအထိ ဆင်းကာ "နွေရာသီစာတတ်မြောက်ရေး လှုပ်ရှားမှု" ကို ပြန်လည်အသက်သွင်းခဲ့ပါသည်။ ထိုအထဲတွင် ကျွန်တော်တို့ ကိုယ်တိုင်ပါဝင်သင်ကြားခွင့်ရတဲ့အတွက်ကြောင့်ပါ။ ကျွန်တော်တို့ စေတနာရှင်အဖွဲ့တွင် တောင်ငူတက္ကသိုလ် မှ ကျောင်းသား ကျောင်းသူ ဦးရေ ၂၀၀၊ ဆရာ ဆရာမ ဦးရေ ၂၀ ရှိပါသည်။

ကျွန်တော်တို့အဖွဲ့ သင်ကြားဖို့ တာဝန်ကျတဲ့ ကျေးလက်ဒေသလေးကတော့ ရေတာရှည်မြို့နယ် သာဂရအနောက်က ရွာလေးကိုးရွာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို အဲ့ဒီရွာက လူငယ်လေးတွေက အထက သာဂရ ကျောင်းမှတစ်ဆင့် မော်တော်ဆိုင်ကယ်နဲ့ အသီးသီးလာကြိုကြပါတယ်။ ရွာကလေးတွေက နိမ့်ချည် မြင့်ချည်ဖြစ်နေတဲ့ ကုန်းမြေပြင်လေးတွေပေါ်မှာရှိပြီး လမ်းကလေးတွေက အနိမ့်အမြင့် ညီညာမှုမရှိလှပါ။

လမ်းခရီးက ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်တွေကို ပင်ပန်းစေပေမယ့် ရွာသူ ရွာသားတွေရဲ့နွေးထွေးစွာကြိုဆိုမှုက ကျွန်တော်တို့ရဲ့စိတ်တွေကို လန်းဆန်းစေခဲ့ပါတယ်။ ကျွန်တော်တို့ရွာလေးကိုရောက်တော့ နေမင်းကြီးက အနောက်တောင်မှာ ကွယ်လုနေပြီ။ ရွာစဉ်တိုင်းမှာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများကလည်း ကျောင်းသား ကျောင်းသူတွေအပေါ် နွေးထွေးပျူငှာစွာကြိုဆိုကြသလို စာသင်ကြားခံရမည့် အမေ အဖေတို့ကလည်း ယုံကြည်အားကိုးသော မျက်လုံးများဖြင့် ငေးကြည့်နေကြပါသည်။

သဘာဝရဲ့ လတ်ဆတ်တဲ့လေကို ရှူရှိုက်ပြီး ကျန်းမာသန်စွမ်းတဲ့ ကာလသား ကာလသမီးတွေက ကျွန်တော်တို့ဆီက အထုတ်တွေကိုယူပြီး ခရီးဦးကြိုပြုကြသည်မှာလည်း ကြည်နူးစရာကောင်းလှပါသည်။ ညခင်းရောက်တော့ ကျွန်တော်တို့စားဖို့အတွက် တစ်အိမ်ကို ဟင်းတစ်ခွက် လာပို့ကြပါတယ်။ ရွာဦးဘုန်းတော်ကြီးကလည်း လိုအပ်ချက်မှန်သမျှ ရပ်ရွာနှင့်ညှိနှိုင်းကာ ဆောင်ရွက်ပေးပါသည်။

ရွာသူ ရွာသားတွေရဲ့ဘဝဟာ သနားစရာကောင်းလှပါတယ်။ နံနက်စောစောထ၊ တောင်ပေါ် တက်၊ ဝါးခုတ်၊ မျှစ်ချိုး၊ ဇရစ်ရိုးချိုး၊ ဂုံမင်းချိုးနဲ့ သူတို့ တစ်ဝမ်းတစ်ခါးအတွက် ပင်ပန်းစွာလုပ်ဆောင်ပြီးမှ အားတဲ့အချိန် စာသင်ကြားရခြင်းဖြစ်ပါတယ်။ တောထဲမှာ ထင်းခွေ၊ ဝါးခုတ်၊ မီးသွေးဖုတ်ရင်း ထမင်းကို ဖက်ပေါ်တင် ငါးပိထောင်းကို နှုတ်ခမ်းကပ်စားကြပါတယ်။ တောင်ယာစိုက်ပျိုးရာတွင်လည်း နေပူမရှောင်၊ မိုးရွာမရှောင် လုပ်ကိုင်ကြရပါတယ်။ ရေကမကောင်းတော့ အသားအရေလေးတွေက စိုစိုပြည်ပြည်မရှိဘူးလေ။

"ဝ၊ထ၊က၊လ၊သ"ဆိုတဲ့ စာလုံးလေးရေးတတ် ဖတ်တတ်ဖို့ ပင်ပန်းသည့်ကြားမှ အချိန်မှန်မှန်အားတက်သရော လာတက်ကြရှာတယ်။ သင်တန်းသူ သင်တန်းသားတွေ အသက်အရွယ်တွေကမတူတော့ စာသင်ရတာ

> "ဝ၊ထ၊က၊လ၊သ"ဆိုတဲ့ စာလုံးလေး ရေးတတ် ဖတ်တတ်ဖို့ ပင်ပန်းသည့်ကြားမှ အချိန်မှန်မှန် အားတက်သရော လာတက်ကြရှာတယ်။ သင်တန်းသူ သင်တန်းသားတွေ အသက်အရွယ်တွေကမတူတော့ စာသင်ရတာ စိတ်အလွန် ရှည်ရပါတယ်။

စိတ်အလွန်ရှည်ရပါတယ်။

ကျွန်တော်တို့ တာဝန်ကျရာရွာသို့ စရောက်စဉ်ငါးရက်အတွင်းတွင် အိမ်နှင့်မခွဲဖူးသော ကျောင်းသူများ၏ အခက်အခဲ၊ အိမ်ကိုသတိရသဖြင့် ငိုကြွေးသော ကျောင်းသားများ၏ အခက်အခဲ၊ ရေ၊ မြေ ပြောင်းသဖြင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးအခက်အခဲ၊ အစားအသောက်အခက်အခဲ စသည်ဖြင့် အခက်အခဲအမျိုးမျိုးဖြစ်ခဲ့ရပါသည်။ ကြာလာတော့လည်း ကျောင်းသား ကျောင်းသူတွေရဲ့ အခက်အခဲတွေက ရွာသူ ရွာသားများရဲ့ စေတနာ ပျူငှာမှုအောက်တွင် ချုပ်ငြိမ်းခဲ့ရပါသည်။

ကျွန်တော်တို့အဖွဲ့ကျရာ ရွာလေးနှင့် မနီးမဝေးတွင် ကျွန်းတောနှင့် ဆင်ပြကွင်းလည်းရှိပါသည်။ တစ်ခါတစ်ရံ ထိုနေရာလေးသို့ ရွာသူ ရွာသားများက လိုက်ပို့ပေးပါသည်။

ရှစ်မိုင် ရွာကလေးတွင် တုံကင်ရေသိပ်မလိုတော့ အိမ်မီးလောင်တာတောင် နီးစပ်ရာအပင်ခုတ်ပြီး ငြိမ်းရတဲ့ အဖြစ်အပျက်များလည်း ရှိခဲ့ပါသည်။ သောက်ရေမသန့်သဖြင့် ဆရာ ဆရာမများသောက်ရန် မြို့ကရေသန့်ဘူးဝယ်ပြီး ဧည့်ခံသည်အထိ စေတနာလည်း ကောင်းလှပါသည်။

စာသင်ခါနီးမှာ ရေနွေး၊ အမြည်းခွက်ကလေးတွေကိုယ်စီကိုင်ပြီး စာသင်ခန်းအတွင်းဝင်လာသူများ၊ ဆရာမလေးများအတွက် ပန်းခူးပြီးပေးတဲ့ အမေများနှင့် ကလေးပေါက်စလေးကို တစ်ဖက်ကနို့တိုက်ရင်း စာကိုရိုကျိုးစွာသင်ယူတတ်သောအမေများ စသည်ဖြင့် အရွယ်မညီ၊ စေတနာကိုယ်စီနှင့် စာသင်ကြားခံရသူ ရွာသူ ရွာသားများ၏ မြင်ကွင်းမှာ အရောင်အသွေးစုံညီလှတဲ့ ပန်းချီကားတစ်ချပ်သဖွယ် ကြည်နူးဖွယ်ကောင်းလှပါသည်။

စာသင်ကြားရသော အမေတို့သည် အသက်အရွယ်ကြောင့် အခက်အခဲရှိလှပါသည်။ ကျွန်တော်တို့ရောက်ပြီး ၁၀ ရက်လောက်အကြာတွင် ရွာထဲက ကာလသားတစ်သိုက်က အမေအိုကြီးတွေ စာတတ်လည်း ဘာအရာရောက်မှာလဲဆိုတဲ့ လေသံမျိုးနဲ့ "ခွေးကလေးခုန်လို့ ဖုန်မထ" ပါဘူးကွာ စသည့်စကားသံမျိုးကိုလည်း ကြားခဲ့ရပါသည်။ မည်သို့ဆိုစေ ကျွန်တော်တို့အဖွဲ့ ကြိုးစားသင်ကြားခဲ့ပါသည်။ ထိုစကားကို ကျွန်တော်တို့ ချက်ချင်းမဖြေရှင်းခဲ့ပါ။

ရက်ပေါင်း ၃၀ ကျော်လာတော့ အမေတို့ စာဖတ်တတ်လာပါပြီ။ ကျွန်တော်တို့ယူသွားသော သတင်းစာလေးများ၊ ဖိတ်စာလေးများ၊ စာတိုပေစလေးများကို ဖတ်တတ်လာပါပြီ။ ဗဟုသုတများတိုးပွားလာကာ မြေးမြစ်များကိုမျှဝေသင်ကြားတက်လာပါပြီ။ အမေတို့အစားဝင်ပြီး ခံစားကြည့်ပါ၊ နာမည်ရေးတတ်ခါစမှာတောင် အမေတို့ရဲ့ ဝမ်းသာမျက်ရည်ကို မြင်ရတာ အခုအခြေအနေမျိုးဆို ဘယ်လောက်ဝမ်းသာလိုက်မလဲ။ ညညစာဖတ်တဲ့အသံလေးဟာလေပြေနဲ့အတူ ရောယှက်လာတက်ပါတယ်။ စာဖတ်တတ်သည်ကို ဝမ်းသာလွန်းလို့ ညဘက်သီချင်းစာအုပ်လေး မီးအိမ်ရှေ့ချပြီး ကျွန်တော်တို့အဖွဲ့ကို ဆရာမဆိုတဲ့သီချင်းလေးနဲ့လည်း ဂုဏ်ပြုသီဆိုတက်ကြပါသေးတယ်။

ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်ပါပြီ၊ ကျွန်တော်တို့ စိုက်ထားတဲ့ အပင်လေးတွေက တစ်လကျော်မှာ ပီတိဆိုတဲ့ အဖူး၊ အပွင့်၊ အသီးတွေနဲ့ ပြည့်လို့ပေါ့။ "ခွေးလေးခုန်လို့ ဖုန်မထဘူး" ဆိုတဲ့ စကားအစား "ပညာလိုအိုသည်မရှိ၊ ပညာအလင်းရောင် ဘဝတန်ဆောင်"ဆိုတဲ့စကားဆိုကိုလည်း လူငယ်တွေရဲ့ရင်ထဲမှာ မော်ကွန်းတင်နိုင်ခဲ့ပါပြီ။ နေ့စဉ်နှင့်အမျှ စာကိုလည်း ပုံမှန်ကြိုးစားသင်ယူလာတော့သည်။ စာတတ်ခြင်း အသီး၊ အပွင့်ရဲ့ချိုမြိန်မှုကို သူတို့လက်ရှိ ခံစားနေရပြီလေ။

အတူတူနေတာကြာတော့လည်း ဆရာ၊ တပည့် သံယောဇဉ်ကခိုင်မာလာပါပြီ။ ၁၄. ၅. ၂၀၁၄ ရက်နေ့မှာ နှုတ်ဆက်ပွဲလေး ရွာသူ ရွာသားများစုပြီး လုပ်ပေးရှာတယ်။ စားသောက်စရာတွေ စုံလင်လှပေမယ့် ရင်ထဲမှာ ခွဲခွာရမှာပဲဆိုတဲ့ အသိကြောင့်ဖြစ်ပေါ်လာတဲ့ ဝမ်းနည်းမှုတွေက မျက်ရည်ပင်လယ်စီးစေခဲ့ပါတယ်။ ညခင်းဘက်လည်း တော်တော်နဲ့ အိပ်မပျော်နိုင်ခဲ့ပါ။ တသောသောလာပြီး နှုတ်ဆက်တဲ့ ရွာသူ ရွာသားတွေရဲ့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေက ပြည့်လျှံလို့ပေါ့။ ရှိသမျှလက်ဆောင်လေးတွေ၊ ရေးထားတဲ့ မညီမညာ အမှတ်တရစာလုံးလေးတွေ၊ ဓာတ်ပုံလေးတွေလည်း ယူလာသေးတယ်။

၁၅. ၅. ၂၀၁၄ မှာကျွန်တော်တို့ကို စုရပ်နေရာကို လိုက်ပို့ပေးပါတယ်။ ရင်ထဲကဝမ်းနည်းမှုတွေက မျက်ရည်တွေကို ထပ်မံဖိတ်ခေါ်မိမှာလည်း ကြောက်တယ်။ လက်ကလေးတွေ တုန်တုန်ယင်ယင်နဲ့ပေးလာသော လက်ဆောင်တွေ၊ မျက်နှာကိုလှည့်လိုက်တယ် မကြည့်ရက်တော့ပါ။ သူတို့ရဲ့ ပူလောင်မှုတွေကို လှည့်မကြည့် သော်လည်း ရင်ထဲမှာ မြင်ယောင်မိပါတယ်။ သူတို့တွေရဲ့ ဝမ်းနည်းမှုတွေကိုပေါ့။ ရေတာရှည်ရောက်တော့လည်း ပိတ်ပွဲလုပ်ပေးတယ်။ ပိတ်ပွဲမှာ ကျေးဇူးတင်စကားပြောပေးတဲ့ အစ်မတစ်ယောက်ရဲ့ စကားတွေက နားထောင်သူတွေကို ငြိမ်သက်စေပါတယ်။ ပြီး မျက်ရည်တွေကျစေတယ်။

ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေက ပြောလို့မကုန်အောင်ပါပဲ။ နိုင်ငံတော်ရဲ့ကျေးဇူးကြောင့် ကျွန်တော်တို့ရဲ့ပညာကို အမေ၊ အဖေတို့ကိုပြန်လည်ပြသခွင့်ရတဲ့အပြင် ရပ်ရွာရဲ့ဓလေ့စရိုက်၊ လိုအပ်ချက်တွေကိုလည်း ကျွန်တော်တို့ သိမြင်ခွင့်ရခဲ့ပါတယ်။ စာနာသနားတတ်မှုဆိုတဲ့ ကရုဏာတရားတွေလည်း ရင်ထဲမှာ အမြစ်တွယ်ခဲ့လေပြီ။ ကျွန်တော်သိလိုက်ပါပြီ။ နိုင်ငံတော်ဟာ ကျွန်တော်တို့လို အနာဂတ်သားကောင်းတွေကို ဘာကြောင့် ဒီလိုကျေးရွာလေးတွေကို လွှတ်ရတာလဲဆိုတာ။ ကျွန်တော်တို့ဟာ နိုင်ငံတော်ရဲ့ အနာဂတ်မျိုးဆက်သစ်တွေဖြစ်နေလို့ပေါ့။


## ပျောက်ဆုံးကြောင်း

ဦးမြင့်ကျော်၏သား မောင်ကျော်ဘိုဘိုထွဋ် ၁၂/အစန(နိုင်)၁၄၆၀၃၄ C.D.C No 46525 သည် BST 4 th ticket လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၅၁၆၉၈၄၅၊ ၀၉-၇၃၀၁၈၅၃၄

## ဝန်ထမ်းအလိုရှိသည်

Shipmax Freight Solution Co.,Ltd.

1. Sales Executive M/F(2)Posts
2. Customer Service Executive F(1)Post
3. Customer Service Assistant F(1)Post
4. Accounts Executive F(1)Post
5. Driver M(1)Post

-English & Computer Skill ကျွမ်းကျင်ရမည်။

ဆက်သွယ်ရန် - 09 97692 7692, 09 5192417, 09 7323 8199, 01 215203

Email-shipmaxhr@gmail.com

## ကမ္ဘာ့အဖိုးတန်သစ်မွှေး

စိုက်နည်း၊ ပျိုးနည်း

ဝင်းသစ်မွှေး 09-5117226

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုကျော်မိုးအောင် (၁၂/ ကတန (နိုင်) ၀၀၀၄၄၂) ၏နိုင်ငံကူးလက်မှတ်အမှတ် (MA.082343) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၈၁၁၈

## အမည်ပြောင်း

ဟသ်ာတမြို့၊ အလက(၃)၊ သတ္တမတန်းမှ ဦးလှခိုင်၏သား မောင်အောင်မျိုးခန့်အား မောင်ကောင်းခွန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ မောင်ကောင်းခွန့်ပိုင်

## မွေးသက္ကရာဇ်အမှန်

ဦးသက်ထွန်း ၁၄/ဟသတ(နိုင်)၀၄၄၁၄၄၏သား မောင်ဖေယျာထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၈-၂၀၀၄ဖြစ်ပါသည်။

## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံကို ခရီးစဉ် လချုပ် တချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

Ph:09-43117680, 09-5059821

## ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး

အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါစား (၂)ပြား

(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေးဝယ်)

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၃၉) ဦးစံလုံးလမ်း နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ချစ်မေ(၁၂/အစန(နိုင်) ၀၄၄၁၈၇)၏သမီးဖြစ်သူ မဝေဝေလှ(ခ)စေစေဖော(၁၂/အစန(နိုင်)၀၄၅၇၄၂)သည် မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ ဒေါ်ချစ်မေ



# သောက်သုံးရေအခက်အခဲဖြစ်နေသော ရပ်ကွက်များသို့ မီးသတ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးလျက်ရှိ



**သထုံ မေ ၁၄**

ယခုနှစ်နွေရာသီကာလမှာ ယခင်နှစ်များထက်အပူချိန် ပိုမိုမြင့်မားသဖြင့် သထုံခရိုင်အတွင်းရှိ ဒေသအချို့တွင် သောက်သုံးရေ ရှားပါးမှုများဖြစ်ပေါ်လျက်ရှိရာ သထုံခရိုင်မီးသတ်ဦးစီးဌာနမှ သန္ဒေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင်ရေသယ်ယာဉ်များဖြင့် ရေအခက်အခဲဖြစ်ရာဒေသများသို့ လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"သထုံခရိုင်မှာရှိတဲ့ သထုံ၊ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်မြို့နယ်တွေထဲက မီးသတ်စခန်းတိုင်းက မိမိတို့မြို့နယ်အလိုက် အခက်အခဲဖြစ်တဲ့နေရာတွေကို သောက်သုံးရေတွေ လိုက်လံဖြန့်ဝေပေးနေပါတယ်။ သထုံမြို့နယ်မှာတော့ အဓိကရေအခက်အခဲဖြစ်နေတဲ့ ရပ်ကွက်တွေဖြစ်တဲ့ လိပ်အင်းရပ်ကွက်၊ မွန်စုရပ်ကွက်၊ အောက်ကျင်းရပ်ကွက်၊ ကန်ညီနောင်ရပ်ကွက် စတဲ့နေရာတွေအတော်များများကို လိုက်ပြီးရေဖြန့်ဝေပေးနေတာ ကြာပါပြီ။ ဆက်ပြီးလည်း လိုအပ်တဲ့နေရာတွေကို ဖြန့်ဝေပေးဦးမယ်"ဟု ခရိုင်မီးသတ် ဦးစီးအရာရှိ ဦးအောင်ကြွင်ထွန်းက ပြောသည်။

သထုံမြို့နယ်အတွင်း သောက်သုံးရေရှားပါးနေသည့်နေရာများသို့ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များစုပေါင်းကာ ဌာနပိုင်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းပေးလျက်ရှိသလို အခြားသော လူမှုရေးအဖွဲ့အစည်းများကလည်း နေ့စဉ်ရေလှူဒါန်းမှုများကို လိုအပ်သည့်နေရာများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျိုင်းတုံ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်သို့ နိုင်ငံတော်သမ္မတ၏ အထောက်အပံ့ပစ္စည်းများ ပေးအပ်

**ကျိုင်းတုံ မေ ၁၄**

ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်မှ ဆရာဆရာမများနှင့် ဝန်ထမ်းများအတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ထောက်ပံ့ပေးအပ်သော ဆိုလာမီးနှင့် ခြုံစောင်များပေးအပ်ပွဲကို အဆိုပါတက္ကသိုလ်များ၌ မေ ၁၂ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။

ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသော အထောက်အပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွေးလှ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်မြင့်လှိုင်တို့ တက်ရောက်ခဲ့ပြီး ဆရာ ဆရာမများအတွက် နိုင်ငံတော်သမ္မတက ထောက်ပံ့ပေးအပ်သည့် ဆိုလာမီး ၂၈ စုံနှင့် ခြုံစောင် ၂၈ ထည်ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်သို့ ရေသန့်စက်နှင့် မီးစက် တပ်ဆင်ပေးရန် ဆွေးနွေးခဲ့ပြီး ဆက်လက်၍ ဆရာဆရာမများနှင့် ဝန်ထမ်း ၃၁ ဦး၊ ကျောင်းသားကျောင်းသူ ၆၇ ဦး တို့အတွက် ဝတ်စုံစရိတ် ကျပ် ၁၅ သိန်း၊ ထောက်ပံ့ငွေ ကျပ် ၁၅သိန်းနှင့် ရိက္ခာဆန်ဖိုးငွေများကို လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီက စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် ရုပ်မြင်သံကြားစက် ခြောက်စုံကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတုံနည်းပညာတက္ကသိုလ်သို့ ဆက်လက်သွားရောက်ခဲ့ပြီး နိုင်ငံတော်သမ္မတက ထောက်ပံ့ပေးအပ်သည့် ဆိုလာမီး ၃၂ စုံနှင့် ခြုံစောင် အထည် ၄၀ ကို ပေးအပ်ခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့က ကျိုင်းတုံနည်းပညာတက္ကသိုလ်မှ ဆရာဆရာမ ၇၂ ဦးအတွက် ဝတ်စုံစရိတ် ၁၈ သိန်း၊ ထောက်ပံ့ငွေကျပ် ၁၅ သိန်း၊ ပရင်တာ သုံးစုံ၊ မိတ္တူကူးစက်တစ်လုံးနှင့် ရိက္ခာဆန်ဖိုးငွေများကို ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာကျော်သာထွန်းထံ ထောက်ပံ့ပေးအပ်ခဲ့ကာ ရွှေသံလွင်ကုမ္ပဏီကလည်း စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် ရုပ်မြင်သံကြားစက်လေးစုံကို ပေးအပ်လှူဒါန်းခဲ့သည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



## သတင်းတိုများ

### လေပြင်းတိုက်ခတ်သဖြင့် စေတီတစ်ဆူနှင့် လူနေအိမ်အချို့ပျက်စီး

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရေပုတ်ကျေးရွာ၌ မေ ၁၁ ရက်ညနေပိုင်းက မိုးသက်လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် စေတီတစ်ဆူ ထီးတော်ကျိုးကျခြင်းနှင့် လူနေအိမ်အချို့ အမိုးများလန်ထွက်ပျက်စီးခဲ့ခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ရေပုတ်ကျေးရွာ ဘုန်းကြီးကျောင်းဆောင်တစ်ဆောင် အမိုးသွပ် အချပ် ၃၀ခန့် လန်ထွက်ခြင်း၊ ဘုန်းကြီးကျောင်းဝန်းအတွင်းမှ ဉာဏ်တော် ၂၄ ပေရှိစေတီတော်၏ အထက်ပိုင်းရှစ်ပေခန့် ကျိုးကျကာ ထီးတော်မြေခသွားခြင်း၊ ကျေးရွာအတွင်းရှိ နေအိမ်ကိုးလုံးနှင့် နွားတင်းကုပ်သုံးခု အမိုးများလန်ထွက်ပျက်စီးခြင်းတို့ ဖြစ်ခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် စုစုပေါင်းပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သိန်း ၄၀ နီးပါးရှိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း သိရသည်။

**ညီညီမောင်**

### မြို့နယ်အဆင့်ကင်းထောက်သင်တန်းဆင်းပွဲကျင်းပ

ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့် ကင်းထောက်ပညာသင်တန်းဆင်းပွဲကို မေ ၁၁ ရက်က ကျင်းပခဲ့ရာ သင်တန်းဆင်းပွဲတွင် မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်မြင့်မြင့်က အမှာ စကားပြောကြားပြီး ကင်းထောက်ပညာသင်တန်း တက်ရောက်ပြီးစီးသော သင်တန်းသူသင်တန်းသားများက ပြည်သူ့အတွက် အစဉ်အသင့် တေးသီချင်းဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သိန်းဇော်**


Job Vacancies

Htoo Construction Development Group Co., Ltd.

1. Consultant (Above 10years experience) M /F (3) Posts
2. Sale & Marketing Manager (At least 8+years experience) M /F (3) Posts
3. Sale & Marketing Staff (At least 2 years experience) M/F (20) Posts

Required Skills

For No.(2)

-A Bachelor or Master Degree Holder. (preferable MBA)
- Strong experience in a similar marketing role.
- Fluent in both Myanmar & English ( write, speak )
- Highly knowledgeable in Microsoft suites. Excel. PowerPoint.
- Marketing Concepts, Personal selling, Positioning, Staffs Management, Customer Relationship Management, Sales Planning, Competitive Analysis, Understanding the Customer, Creative Services, etc....
- Lead an manage sales team and work closely with directors.
- Monitor and manage day to day activities of the assigned sales & marketing teams.
- Provide leadership towards reaching the targets and goals in line with company's vision and mission.
- Protects organization's value by keeping information confidential.
- Able to make sale reports presentation, set sales targets.

For No.(3)

- A Bachelor Degree Holder.
- Basic Computer & English (Speak)
- Good Personality & Communication

No.(3,5,6,7,74), Pyay Road, Corner of Pyi Htaung Su Yeik Thar Street, Dagon Township, Yangon, Myanmar.

Contact us : 01- 2302055, 2302100, 2302146, 2302151



ဝန်ထမ်းများအမြန်အလိုရှိသည်

Htoo Construction Development Group Co., Ltd. မှ အောက်ပါဝန်ထမ်းများအလိုရှိသည်။

1. Consultant (Civil) M (1) Post
 - At least (20) Years experience in Civil Fields
2. Consultant (Electrical Power) M (1) Post
 - At least (20) Years experience in Electrical Fields
3. Civil Engineer (B. E ) M (3) Posts
 - At least (15) Years experience in Civil and Construction Fields

Hydro Power Project များတွင် တာဝန်ထမ်းဆောင်ရန်အတွက်

1. Civil Engineer (B.E)
 လုပ်သက် (၁၀)နှစ် နှင့်အထက် ကျား/မ (၂)
 လုပ်သက် (၅) နှစ် နှင့်အထက် ကျား/မ (၂)
 လုပ်သက် (၃) နှစ် နှင့်အထက် ကျား/မ (၂)
2. Civil Engineer (A.G.T.I)
 လုပ်သက် (၁၀)နှစ် နှင့်အထက် ကျား/မ (၂)
 လုပ်သက် (၅) နှစ် နှင့်အထက် ကျား/မ (၂)
 လုပ်သက် (၃) နှစ် နှင့်အထက် ကျား/မ (၂)

နယ်ဆောက်လုပ်ရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက်

1. AE (B.E / Civil) M/F (5) Posts
 - At least (5) Years experience in Civil and Construction Fields
2. SAE (B.E / Civil) M/F (3) Posts
 - At least (3) Years experience in Civil and Construction Fields
3. JE ( B.E / Civil) M/F (5) Posts
 - At least (1) Year experience in Civil and Construction Fields

မှတ်ချက်။ ။ ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံရှိသော အမျိုးသားဝန်ထမ်းများအား ဦးစားပေးခေါ်ယူမည်။

အမှတ်-(၃၊၅၊၆၊၇၊၇၄)၊ ပြည်လမ်းနှင့် ပြည်ထောင်စုရိပ်သာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရန် ဖုန်း - ၀၁-၂၃၀၂၀၄၉၊ ၂၃၀၂၀၄၇



ဖိတ်ခေါ်အမျိုးသား၊ အမျိုးသမီး အလွတ်တန်းစက်ဘီးပြိုင်ပွဲ

အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မြန်ရွှေပြည်ထရက်တာလီမိတက် (MSP CAT) တို့ ပူးပေါင်း၍ (Road Race) နှင့် (MTB XC Race) ပြိုင်ပွဲများကို အောက်ပါအစီအစဉ်အတိုင်း တောင်ကြီးမြို့တွင် အသီးသီးကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါသည်-

**နေ့ရက်/အချိန်** - (၃၀.၅.၂၀၁၅) နံနက် (၇း၀၀)နာရီ
**နေရာ** - တောင်ကြီးမြို့၊ မိုလ်ချုပ်ပန်းခြံရှေ့မှ(တာထွက်) MSP CAT ရုံးရှေ့သို့(ပန်းဝင်)(အေးသာယာမြို့သစ်) (Road Race)

**နေ့ရက်/အချိန်** - (၃၁.၅.၂၀၁၅) နံနက် (၇း၀၀)နာရီ
**နေရာ** - တောင်ကြီး-ဟိုပုံးကားလမ်း (၁၉၉မိုင် ၁ဖာလုံအနီး) ထင်းရှူးတောစက်ဘီးကွင်း (MTB XC Race)

ပါဝင်ယှဉ်ပြိုင်မည့် အားကစားမောင်မယ်များသည် မေလ(၂၉)ရက်နေ့နောက်ဆုံးထား၍ ဖုန်းနံပါတ် ၀၉၇၃၀၅၆၇၁၀၊ ၀၉၅၄၁၉၃၂၃၊ ၀၉၂၅၀၈၄၈၆၅၀ များသို့ ပြိုင်ပွဲဝင်အမည်စာရင်း ပေးသွင်းနိုင်ပါသည်။

M S P CAT



တိုက်ခန်း(ကြိုပွိုင့်စနစ်)ဖြင့် ဝယ်ယူထားမှုအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ် ၄၁၁ မြေနေရာပေါ်တွင် အသစ်ဆောက်လုပ်မည့် နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏စတုတ္ထထပ်(ငါးလွှာ)၊ လမ်းကို မျက်နှာမူလျှင်(လက်ဝဲဘက်ခြမ်း)၊ အကျယ်အဝန်းပေ(၁၈×၅၄)အမြင့် ၉ပေ ရေမီးအစုံအလင်ပါဝင်သော တိုက်ခန်းတစ်ခန်းအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဇော်မိုး(ကန်ထရိုက်တာ)၁၂/ဥကမ(နိုင်)၀၂၀၃၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမိုးအောင် ၁၀/ကမန(နိုင်)၀၂၅၆၀၃က ၎င်း၏ကိုယ်စား ဒေါ်ကြည်ဦး ၁၀/သထန(နိုင်)၂၁၅၄၄၂က ကိုယ်စားလက်မှတ်ရေးထိုးပါသည်။ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၈၂)**
**အမှတ် ၁၁၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

# အပူချိန်မြင့်၍ ကျေးလက်ဒေသအချို့၌ ဝက်များသေဆုံး

**ရေတာရှည် မေ ၁၄**

ယခုလအတွင်းနေ့အပူချိန်များ မြင့်တက်နေခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်တောရွာများ၌ ဝက်များသေဆုံးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



"ကျွန်မတို့မွေးထားတဲ့ ဝက်နှစ်ကောင် အတော်တောင်ကြီးနေပြီ။ ဒီရက်ပိုင်းအတွင်း အကောင်းကနေ သေကုန်တာ။ အပူချိန်က တအားပြင်းတော့ ဝက်မွေးတဲ့သူတွေ ဂရုစိုက်နိုင်မှရမှာ"ဟု တံတားကြီးကျေးရွာမှ ဝက်မွေးမြူထားသော ဒေသခံ အမျိုးသမီးတစ်ဦးကပြောသည်။ အဆိုပါကျေးရွာမှ ဝက်မွေးမြူထားသော ဒေသခံတစ်ဦးကလည်း ယခုရက်ပိုင်းအတွင်း ဝက်များ သေဆုံးနေခြင်းကြောင့် ဝက်သားပေါက်ဝယ်ယူသူ နည်းပါးလျက်ရှိကြောင်း၊ ဝက်မွေးမြူထားသူများအနေဖြင့် မွေးမြူထားသောဝက်များအား အပူဒဏ်ကာကွယ်ရေးအတွက် နံနက်ပိုင်းနှင့် ညနေပိုင်း နေအေးချိန်များတွင် ရေအေးဖြင့်လောင်းကာ ရေချိုးပေးနေကြရကြောင်း ပြောပြသည်။

"ဝက်ဆိုတာက အရေပြားပါးတယ်။ အပူဒဏ်ကို မခံနိုင်ဘူး။ အခုပူနေတဲ့အပူချိန်ကြောင့် ခန္ဓာကိုယ်အပူချိန်တက်တာပေါ့။ မြန်တယ်၊ ချက်ချင်းကို သေနိုင်တာ။ ဒါကြောင့် လေဝင်လေထွက်ကောင်းပြီး အေးမြတဲ့နေရာမျိုးမှာ ဝက်တွေကို မွေးမြူသင့်တယ်"ဟု မြို့နယ်တိမွေးကုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ရေတာရှည်မြို့နယ်အတွင်း၌ အပူချိန်ပြင်းသော နွေကာလတွင် ဝက်မွေးမြူသူနည်းပါးလေ့ရှိပြီး မိုးကျချိန်နှင့် ဆောင်းကာလများ၌သာ အများဆုံး မွေးမြူလေ့ရှိကြောင်း၊ ဝက်သားပေါက်ရောင်းချသူများမှာလည်း မိုးနှင့်ဆောင်းကာလများတွင်သာ အရောင်းအဝယ် အကောင်းဆုံးဖြစ်ကြောင်း လယ်ဝေးမြို့နယ် အေးလာမြို့မှ ဝက်သားပေါက်ရောင်းသူတစ်ဦးက ပြောသည်။ အပူချိန်မြင့်မားမှုကြောင့် ဝက်များသေဆုံးရာတွင် အရွယ်မရွေး သေဆုံးနိုင်သော်လည်း ဝက်ကြီးများက ရာသီဥတုဒဏ်ကို ပိုခံနိုင်ပြီး ဝက်သားပေါက်များမှာ သေဆုံးမှုပိုများကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ထိန်းကြန်းကျေးရွာ မူလတန်းလွန်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရိုခေါဒါရ် မေ ၁၄**

ချင်းပြည်နယ် ရိုခေါဒါရ်မြို့ ထိန်းကြန်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မူလွန်ကျောင်းဆောင်ဆောက်လုပ်မှုအခြေအနေကို ရိုခေါဒါရ်မြို့ တည်ဆောက်ရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေးရေးအဖွဲ့က မေ ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်ကို ပညာရေးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး အဆောက်အအုံအတိုင်းအတာမှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်ကာ Zinghmuh ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

"ကျောင်းဆောင်သစ်ကို ဇန်နဝါရီလကုန်ပိုင်းကစပြီး ဆောက်လုပ်ခဲ့ပါတယ်။ ကျောင်းဆောင်အဆောက်အအုံသာမကဘဲ ရုံးသုံးပရိဘောဂတွေဖြစ်တဲ့ သင်ပုန်းကြီးလေးချပ်၊ စာရေးခုံ သုံးတွဲ ငါးစုံ၊ ဆရာ ဆရာမစားပွဲ သုံးလုံး၊ စာကြည့်တိုက်စားပွဲ တစ်လုံးနှင့် နှစ်ခန်းတွဲ အိမ်သာ တစ်လုံးကိုလည်း ဖြည့်ဆည်းပေးထားပါတယ်။ ကျွန်တော်တို့ ကျေးရွာမှာ ကျောင်းသားအင်အား ၉၀ လောက်ရှိပြီး စာသင်ကျောင်းသားပြည့်ကျပ်နေတယ်။ အခုလို စာသင်ဆောင်အသစ် ဆောက်ဖို့ခွင့်ပြုပေးတော့ အဆင်ပြေသွားပါတယ်။ ဒီအတွက် ကျွန်တော်တို့ ကျောင်းသားမိဘတွေ ပြည်သူတွေအနေနဲ့ ဝမ်းသာသလို ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့ ရန်ပုံငွေချပေးတဲ့ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးဟရန်အာအိုချုံးက ပြောသည်။

လုပ်ငန်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းက အဆိုပါ မူလွန်ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့်ပတ်သက်၍ လိုအပ်သည်များကို ထပ်မံဖြည့်စွက်ဆောင်ရွက်ရန်နှင့် ဒေသအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ ကျောင်းဆောင်သစ် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# မြေပဲဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

**ယင်းမာပင် မေ ၁၄**

ယခုနှစ်အတွင်း မြေပဲဈေးကောင်းရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်အတွင်းမှ မြေပဲစိုက်ပျိုးသောတောင်သူများ ဝင်ငွေကောင်းလျက်ရှိပြီး မြေပဲစိုက်တောင်သူများသာမက ဒေသခံပြည်သူများလည်း မြေပဲဆွတ်အလုပ်များ ရရှိခြင်းကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် ဇီးတောမြောက်ရွာမှ တောင်သူဦးအောင်ရင်က "ဒီနှစ်က ရွာမှာတင်မက အခြားကျေးရွာများမှာလည်း မြေပဲစိုက်ပျိုးသူများပါတယ်။ ယခင်နှစ်ပေါက်ဈေးထက် ငွေကျပ်တစ်သောင်းကျော်ပေါက်နေလို့ တောင်သူတွေအဆင်ပြေပါတယ်။ မြေပဲက စပိန်မျိုးဖြစ်ပါတယ်။ နတ်တော်၊ ပြာသိုမှာ စတင်စိုက်ပျိုးထားတာပါ။ ရေသာရှိမယ်ဆို လေးလ တစ်ကြိမ် စိုက်ပျိုးလို့ရပါတယ်။ အခု ရိတ်သိမ်းပြီး အတောင့်ခူးဆွတ်နေပါပြီ။ ခူးဆွတ်သူကိုတော့ တစ်ရက်ကို အတောင့်ငါးပြည်ပေးရပါတယ်။ ငွေဆိုရင် ၂၀၀၀ကျပ်ပေးရပါတယ်။ တစ်ဧကကို မြေပဲ ရိတ်သိမ်းဆွတ်ခူးဖို့အတွက် အနည်းဆုံး ၁၂ ဦး ငှားရပါတယ်။ အထွက်နှုန်းက လယ်မြေကျွန်းမှာ စိုက်ပျိုးတဲ့အတွက် မြေပဲအတောင့် တင်းသုံးဆယ်ကျော်ထွက်ပါတယ်။ မြေပဲဆံအနေနဲ့ဆိုရင် ရှစ်တင်းလောက်ရပါတယ်။ ထွန်ယက်ခ၊ ရေသွင်းခ၊ စိုက်ပျိုးလုပ်အားခ၊ မြေပဲဆန်မျိုးနဲ့ဓာတ်မြေဩဇာ စသည်ဖြင့် စုစုပေါင်းကုန်ကျငွေကျပ်တစ်သိန်းခွဲလောက်ဖြစ်ပါတယ်။ ပေါက်ဈေးက မြေပဲဆံတစ်တင်းကို လေးသောင်းကျော်ဆိုတော့ ငွေကျပ် သုံး သိန်းခွဲ၊ လေး သိန်းနီးပါးရပါတယ်။ အရင်းထက် တစ်ဆမကပိုရလို့ အဆင်ပြေပါတယ်"ဟု ပြောသည်။

မြေပဲစိုက်တောင်သူများသာမက မြေပဲရိတ်သိမ်းချိန်တွင် နေ့စားရိတ်သိမ်းရသဖြင့် ဒေသခံပြည်သူများလည်း နေ့စဉ်အလုပ်အကိုင်ရရှိကာ နေ့စားလုပ်သားတစ်ဦး တစ်ရက်လျှင် မြေပဲရိတ်သိမ်းခ ကျပ်နှစ်ထောင့်ငါးရာ ရရှိကြောင်း သိရသည်။ မြေပဲရိတ်သိမ်းခြင်း နေ့စားအလုပ်ကို အမျိုးသားများအပြင် အမျိုးသမီးများလည်း လုပ်ကိုင်ကြပြီး နေပူထဲမနေရဘဲ အရိပ်ထဲတွင်သာ လုပ်ကိုင်ရသဖြင့် များစွာပင်ပန်းခြင်းမရှိဘဲ လုပ်ခရခြင်းကြောင့် ဒေသခံများလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်တွင် ကျေးရွာပေါင်း ၁၆၅ ရွာခန့်ရှိကာ တောင်သူအများစုသည် မြေပဲသီးနှံကိုစိုက်ပျိုးကြသည့်အပြင် မိရိုးဖလာအရ ဆန်စပါး၊ ဂျုံ၊ ပြောင်း၊ ပဲအမျိုးမျိုး၊ မီးဖိုချောင်သုံးဟင်းသီးဟင်းရွက်များနှင့်ပန်းအမျိုးမျိုး၊ ကွမ်းခြံ၊ ငှက်ပျောခြံများကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**


**အမည်ပြောင်း**

ဦးအောင်စိုး-ဒေါ်ယဉ်ယဉ်ငြိမ်းတို့၏သား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက် အထက(ခွဲ)၊ အလက(၃) ကျောင်းပထမတန်းအောင် မောင်ဉာဏ်လင်းထက်အား မောင်သီဟဘုန်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

FAME **HerbalSleep®**
Herbal sedative
သဘာဝအိပ်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011160 (1114)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

FAME **HerbalFresh®**
Mental refreshment
စိတ်မြှင့်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 011255 (1114)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

**21 AD @ BILLBOARD ADVERTISING**

ရန်ကုန် (ဆူးလေဘုရားလမ်း/ ဗိုလ်ချုပ်ဈေး/မင်းမွေ-ပြည်လမ်းမီးပွိုင့်/လှိုင်သာယာ BOCအဝိုင်း/ ညောင်ပင်လေးဈေး/ သမိုင်းလမ်းဆုံ/ကန်တော်ကြီးဟော်ကီကွင်း)
နေပြည်တော် (ရာဇဌာနီလမ်း နှင့် ပန်းခင်းလမ်းထောင့်မီးပွိုင့်/ နေပြည်တော် အဝင်ဝစီလမ်းဆုံ)
ရန်ကုန် - မန္တလေးအမြန်လမ်း (၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော်နားနေစခန်း/ နေပြည်တော် TOLL-GATE)
www.21advertising.net ကြော်ငြာများတပ်ဆင်ရန်
မုံရွာ (ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းထောင့်မီးပွိုင့်)
ပုသိမ် (ရန်ကုန် - ပုသိမ်ကားလမ်း ရွှေရုပ်တုအဝိုင်းအနီး/မဟာဗန္ဓုလလမ်း ပုသိမ်တက္ကသိုလ်ရှေ့)
မော်လမြိုင် (အထက်လမ်းမကြီးနှင့် အရာတော်လမ်းထောင့်)
လားရှိုး (ပြည်ထောင်စုလမ်းမကြီး လမ်းလယ်ကျွန်း မဟာဗျူဟာလမ်းထောင့်)
မိတ္ထီလာ (ရန်ကုန်မန္တလေးလမ်းဟောင်း သိဒ္ဓိအောင်လမ်းထောင့်/ရန်ကုန်မန္တလေးလမ်းဟောင်း ရထားပို့ဆောင်ရေးရှေ့)
၂၃၀၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

MJC
မြန်မာ-ဂျပန်စင်တာ Business Management နှင့် Business Accounting သင်တန်းများဖွင့်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MoC)၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ထောင်သည့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးမှုဗဟိုဌာန (MJC) တွင် စီးပွားရေးစီမံခန့်ခွဲသူများအတွက် "Business Management" သင်တန်းများ နှင့် ကျောင်းသား/ သူများနှင့် လုပ်ငန်းခွင်ဝင်ရန်ပြင်ဆင်နေသူများအတွက် "Business Accounting" သင်တန်းများကို ဇွန်လအတွင်း၌ အောက်ပါအစီအစဉ်အတိုင်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။ Business Management သင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူစကားပြန်များကိုလည်း စီစဉ်ထားပါသည်။

Business Management & Business Accounting Courses (June 2015)

| Subject | Time | Training Period | Language |
|---|---|---|---|
| 1. Human Resources Management (HRM) -1 | 9:00-16:00 | Sat, Sun (6-14 June 2015) | Japanese /Myanmar |
| 2. Human Resources Management (HRM) -2 | 9:00-16:00 | Mon to Thur (8-11 June 2015) | Japanese /Myanmar |
| 3. Business Accounting | 15:00-17:00 | Mon to Fri (1-19 June 2015) | Myanmar |

သင်တန်းကြေး - ၅၀၀၀၀ ကျပ် (HRM 1 & 2)၊ ၃၀၀၀၀ ကျပ် (Business Accounting)
သင်တန်းသားများစတင်လက်ခံနေပြီဖြစ်ပြီးသင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့်ဦးရာလူစနစ်ဖြင့်စာရင်းပေးသွင်းနိုင်ပါသည်။ (သင်တန်းအပ်နှံရာတွင် ဓါတ်ပုံ(၃)ပုံယူဆောင်လာပါရန်)
နေရာ - MJC သင်တန်းခန်းမ၊ ၁၂ ထပ်၊UMFCCI Office Tower အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
လုပ်ငန်းရှင်များအတွက်အထူးအစီအစဉ်-
MJC Experts များမှ လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော Tailor Made Program များကိုလည်း Door to Door System ဖြင့် ဆောင်ရွက်ပေးနေပါသည်။
အသေးစိတ်သိလိုပါက- မြန်မာ-ဂျပန်စင်တာ
ဖုန်း - ၀၁- ၂၃၀ ၁၆၆၂၊ ၀၉-၂၅၀ ၁၈၅ ၄၅၅ ၊ ဖက်စ် - ၀၁ ၂၃၀ ၁၆၆၃
Email Address: mjc.businesscourse@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ကျောင်းအပ်နှံရေးသီတင်းပတ်အား ပြည်သူအားလုံးသိရှိရန် လှုံ့ဆော်ကြော်ငြာမည်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်သည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်၍ ဆောင်ရွက်လျက်ရှိရာ ယခု၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အထက်တန်း အဆင့်အထိ အခမဲ့ပညာရေးကို ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက်နေပြည်တော်ကောင်စီနယ်မြေတွင်လည်း ကျောင်းစတင် ဖွင့်လှစ်မည့် ဇွန် ၁ ရက်တွင် စာသင်ကြားမှုလုပ်ငန်းများစတင် ဆောင်ရွက်နိုင်ရန် ကျောင်းအပ်နှံရေးသီတင်းပတ်လုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပျဉ်းမနားမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းအပ်နှံသောကလေးအားလုံး နိုင်ငံတော်မှ ထောက်ပံ့သော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ငွေတစ်ထောင်ကျပ်နှင့် ကျောင်းဝတ်စုံများ ပြည့်စုံစွာရရှိရေး၊ NGO နှင့် စေတနာရှင်၊ အလှူရှင်များက ကျောင်းနေရန်အခက်အခဲရှိသူများအား ကူညီထောက်ပံ့နိုင်ရေးတို့ကို ရည်ရွယ်၍ ကျောင်းအပ်နှံရေးသီတင်းပတ်ကို ပြည်သူအားလုံးသိရှိအောင် လှုံ့ဆော်ကြေညာသွားမည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရေးရက်သတ္တပတ်အခမ်းအနားကို NGO နှင့် စေတနာရှင် အလှူရှင်များအားဖိတ်ခေါ်၍ မြို့နယ်အဆင့်ကျင်းပဆောင်ရွက်ကာ ကျောင်းအပ်နှံရေးရက်သတ္တပတ်ကို အများပြည်သူသိရှိအောင် လမ်းဖြတ်ပိုစတာများ၊ ကြော်ငြာသင်ပုန်းများဖြင့် လှုံ့ဆော်ကြေညာသွားမည်ဖြစ်ကြောင်းလည်း ပျဉ်းမနားမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထို့အပြင်ပုံနှိပ်စာအုပ်များ အချိန်မီရရှိရေးအတွက် ပညာရေးနယ်မြေအလိုက် ထုတ်ယူရမည့်နေ့ရက်များသတ်မှတ်၍ စနစ်တကျဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ဖြန့်ဝေပေးသော ထောက်ပံ့ပစ္စည်းများအား ကျောင်းသားကျောင်းသူများ လက်ခံရရှိမှုကို မိဘများက လက်မှတ်ထိုး၍ မှတ်တမ်းများရယူထားမည်ဖြစ်ကြောင်းသိရသည်။

**ကာရန်ခ**

# နွေရာသီရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေကန်များတူးဖော်

**သနပ်ပင် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာ၌ ယခုနှစ်သာမက လာမည့်နွေရာသီအတွက်ပါ ရေခမ်းခြောက်မှု၊ ရေပြတ်လပ်မှု မရှိစေရန်အတွက် ရွာဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ငါးဧကအကျယ်ရေကန်ကြီးကို ပြည်သူများ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၂၀ ဖြင့် မတည်တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေကန်ကို ရန်ကုန်မြို့ SSC ဆေးရုံက ငွေကျပ်သိန်း ၄၀ မတည်၍ ၂၀၁၁ ခုနှစ်တွင် စတင်တူးဖော်ပေးခဲ့ကာ ရေကန်တိမ်ကောမှုမရှိစေရန် ပြည်သူများထည့်ဝင်ငွေဖြင့် နှစ်စဉ် ဆက်လက်တူးဖော်ခဲ့ကြောင်း သိရသည်။ ရေကန်ကို နှစ်စဉ်တူးဖော်ထားခြင်းကြောင့် တောဘုတ်စုကျေးရွာရှိ အိမ်ခြေ ၂၅၀ ကျော်မှ လူဦးရေ ၁၂၀၀ ကျော်အတွက်သာမက ပတ်ဝန်းကျင် ကျေးရွာလေးခုမှ ပြည်သူများအတွက်ပါ သောက်သုံးရေလုံလောက်စွာ ရရှိကြောင်း သိရသည်။

ရာသီဥတုပူပြင်း ခြောက်သွေ့မှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ အပါအဝင် မြို့နယ်အများအပြားမှ ကျေးလက်ဒေသများ၌ သောက်သုံးရေမလုံလောက်မှုများဖြစ်ပေါ်လျက်ရှိရာ ကျေးရွာများ သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် ကျေးရွာအလိုက် ရေကန်များတူးဖော်ခြင်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အစိုးရ ရန်ပုံငွေများဖြင့်လည်း ရေတွင်းရေကန်များ၊ အဝီစိတွင်းများ တူးဖော်ခြင်း၊ ဆိုလာစနစ်ဖြင့် ရေတင်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်း၊ တောင်ကျရေသွယ်ယူခြင်းနှင့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ စသည့် ရေရရှိရေးလုပ်ငန်းများကို ကျေးလက်ဒေသများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

**(မြို့နယ် ပြန်/ဆက်)**



# သန်းခေါင်စာရင်းရလဒ် ထုတ်ပြန်ခြင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**ထားဝယ် မေ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းရလဒ် ထုတ်ပြန်ခြင်းဆိုင်ရာ ဟောပြောပွဲကို မေ ၁၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒါနရှေ့ဆောင်မြန်မာအဖွဲ့မှ ဆွေးနွေးပွဲစီမံရေးအရာရှိ ဦးမြတ်မင်းဦးက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သန်းခေါင်စာရင်းအကြောင်း မိတ်ဆက်ခြင်းနှင့် ၂၀၁၄ သန်းခေါင်စာရင်း အကြောင်းအရာကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းအချက်အလက်များ တိကျမှန်ကန်စေရန် အဆင့်ဆင့်ဆောင်ရွက်ချက်များကိုလည်းကောင်း၊ အချက်အလက်ကောက်ယူခဲ့သည့်ကဏ္ဍများနှင့် သန်းခေါင်စာရင်းရလဒ်များ၏ အသုံးဝင်ပုံကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့သည်။

ဒေသတွင်းလူမှုရေးဆိုင်ရာ လုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေသူများအနေဖြင့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များကို ပိုမိုနားလည်လာစေရန်ရည်ရွယ်၍ ဟောပြောပွဲကို ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲသို့ ထားဝယ်ခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**





# ပေါ့ဂ်ဘာ မန်စီးတီး ရောက်မှာလား

မိုးမြင့်လင်းလက်

ဥရောပတစ်ခွင်မှာ လိဂ်ပွဲစဉ်တွေရဲ့ ရာသီကုန်ဆုံးချိန် ရောက်ရှိလာပြီဖြစ်ပါတယ်။ ထိပ်သီးကလပ်တွေကတော့ အသင်းကို ကောင်းသထက်ကောင်းအောင် မွမ်းမံဖို့ ပြင်ဆင်နေတာမို့ ခြေစွမ်းထက်တဲ့ ကစားသမားတွေကို ငွေထုပ်ပိုက်ပြီး ဝယ်ယူဖို့ ကြိုးစားနေချိန်ပါပဲ။ အခုအချိန်မှာ ထိပ်တန်းကလပ်တွေ အပြိုင်အဆိုင် ခေါ်ယူဖို့ ကြိုးစားနေတာကတော့ ဂျူဗင်တပ် ကွင်းလယ်တိုက်စစ်မှူး ပေါ့ဂ်ဘာပဲ ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ ပေါ့ဂ်ဘာကို မန်စီးတီး၊ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီနဲ့ မန်ယူအသင်းတွေက အပြိုင်အဆိုင်ကမ်းလှမ်းနေကြတာမို့ ပေါ့ဂ်ဘာရဲ့အနာဂတ်က စိတ်ဝင်စားစရာကောင်းလာပါတယ်။ ဂျူဗင်တပ်မှာ ခြေစွမ်းပြနေတဲ့ ပေါ့ဂ်ဘာကို စိတ်ဝင်စားရုံမက ခေါ်ယူဖို့ လက်ဦးမှု ရယူနေတာက မန်စီးတီးပဲဖြစ်ပါတယ်။

မန်စီးတီးအသင်းမှာ လက်ရှိကစားနေတဲ့ ယာယာတိုရေး၊ နာဆရီ၊ ဂျီဗီတစ်၊ ကိုလာယော့စ်နဲ့ ဒီဇီကိုတို့က လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ အသင်းကထွက်ခွာဖို့ ကြိုးစားနေကြပြီဖြစ်တာမို့ ကွင်းလယ်ကစားသမား ယာယာတိုရေးရဲ့ နေရာမှာ ပေါ့ဂ်ဘာကို အစားထိုးဖို့ မန်စီးတီးတို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။

ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ဈေးခေါ်ထားတဲ့ ပေါ့ဂ်ဘာအတွက် ဂျူဗင်တပ်အသင်းကို ဆွေးနွေးဖို့ မန်စီးတီးကိုယ်စားလှယ်တွေ တူရင်မြို့ကို ရောက်ရှိဆွေးနွေးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် တစ်ပတ်လုပ်ခလစာ ပေါင်နှစ်သိန်းခွဲအထိ ပေးဖို့လည်း အသင့်ဖြစ်နေတာမို့ ပေါ့ဂ်ဘာကို ဂျူဗင်တပ်က ရောင်းချဖို့ စဉ်းစားနေပြီဖြစ်ပါတယ်။

တကယ်တော့ ပေါ့ဂ်ဘာဟာ ပရီမီယာလိဂ်ကို ပြန်လာချင်တဲ့ ဆန္ဒမရှိတော့ပါဘူး။ မန်ယူအသင်းက ၂၀၁၂ ခုနှစ်မှာ ထွက်ခွာလာခဲ့ပြီးနောက်ပိုင်း အင်္ဂလန်မြေကို ခြေမချချင်တော့တဲ့ ပေါ့ဂ်ဘာဟာ မန်စီးတီးကို မပြောင်းရွှေ့လိုဘူးလို့ ငြင်းဆိုထားပါတယ်။ မန်ယူအသင်းမှာ ၂၀၀၉-၂၀၁၂ အထိ ကစားခဲ့ပေမယ့် သုံးပွဲသာ ပါဝင်ခွင့်ရခဲ့တာကလည်း မှတ်မှတ်ရရရှိနေခဲ့တာပါ။ အခုတော့ မန်ယူကလည်း ပြန်ခေါ်ဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။

ပေါ့ဂ်ဘာရဲ့ အိမ်မက်က ရီးရဲမက်ဒရစ် သို့မဟုတ် ဘာစီလိုနာမှာ ကစားလိုတဲ့ ဆန္ဒပဲဖြစ်ပါတယ်။ သူဟာ ရီးရဲမက်ဒရစ် ကစားသမားအဖြစ် အောင်မြင်ကျော်ကြားတဲ့ဘဝကို ပိုင်ဆိုင်လိုတာဖြစ်ပြီး ရီးရဲမက်ဒရစ် ဘီအသင်းရဲ့ နည်းပြဖြစ်သူ ဇီဒိန်းကလည်း ပေါ့ဂ်ဘာကို ရီးရဲမက်ဒရစ် ပြောင်းရွှေ့လာဖို့ စည်းရုံးနေသူဖြစ်ပါတယ်။

"ကျွန်တော် ပေါ့ဂ်ဘာနဲ့ စကားပြောကြည့်တဲ့အခါ လာမယ့် ဘောလုံးရာသီမှာ ဘယ်ရောက်မလဲဆိုတာ မေးကြည့်တော့ မသိဘူးလို့ဆိုပါတယ်"လို့ ပေါ့ဂ်ဘာက ပြောကြောင်း ဇီဒိန်းကပြောပြပါတယ်။ ပေါ့ဂ်ဘာကို အရခေါ်လိုသူတွေများတာမို့ ဂျူဗင်တပ်တို့ကတော့ ဒေါ်လာသန်းချီရဦးမယ့် အနေအထားရှိပါတယ်။

ပေါ့ဂ်ဘာဟာ ဂျူဗင်တပ်ကို ၂၀၁၂ ခုနှစ်က စတင်ရောက်ရှိခဲ့ပြီး အခုအချိန်အထိ ပွဲပေါင်း ၈၆ ပွဲ ကစားပြီးချိန်မှာ ဂိုးပေါင်း ၂၀ သွင်းယူထားနိုင်တာမို့ အခြား ထိပ်တန်း အသင်းတွေက စိတ်ဝင်စားလာတာဖြစ်ပါတယ်။ လျှင်မြန်မှု၊ အဝင်အထွက်ရဲမှုများအပြင် ဂိုးသွင်းစွမ်းရည်မြင့်မားသူ တစ်ဦးလည်း ဖြစ်တာမို့ မန်စီးတီးကတော့ ပြောင်းရွှေ့ကြေးပေးချေဖို့ အသင့်ရှိနေပြီဖြစ်ပါတယ်။

မိခင် ပြင်သစ်အသင်းအတွက် ၂၂ ပွဲကစားပေးထားပြီး ငါးဂိုးသွင်းယူထားနိုင်တဲ့ ပေါ့ဂ်ဘာကို မန်စီးတီးက လာမယ့် နွေရာသီအပြောင်းအရွှေ့ကာလမှာ ရအောင်ခေါ်ယူမှာမို့ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။



# မြေကြီးကွင်းပြိုင်ပွဲမှာ သုံးထပ်ကွမ်းချန်ပီယံဖြစ်ဖို့ ကြိုးစားနေတဲ့မာရေး

ဗြိတိန်တင်းနစ်အကျော် အင်ဒီမာရေးဟာ မကြာသေးမီက မြေကြီးကွင်းပြိုင်ပွဲနှစ်ခုမှာ ဖလားနှစ်လုံးဆွတ်ခူးခဲ့ပြီးနောက် သုံးလုံးမြောက်ဖလားကို ဆွတ်ခူးဖို့ ကြိုးစားနေပါပြီ။ သူဟာ ဒီလထဲမှာပဲ မြူးနစ်နဲ့ မက်ဒရစ်အိုးပင်းပြိုင်ပွဲတွေမှာ ဖလားနှစ်လုံး ဆက်တိုက်ဆွတ်ခူးခဲ့ပြီးနောက် အီတလီအိုးပင်းမှာလည်း ပါဝင်ယှဉ်ပြိုင်နေပြီဖြစ်ပါတယ်။ ကမ္ဘာ့အဆင့် ၃ ရှိတဲ့ မာရေးဟာ ပြီးခဲ့တဲ့ တနင်္ဂနွေ ညနေပိုင်းက မြေကြီးကွင်းဘုရင် ရာဖေးလ်နာဒယ်ကိုနိုင်ပြီး မက်ဒရစ်အိုးပင်းဖလား ဆွတ်ခူးနိုင်ခဲ့ပါတယ်။ မာရေးဟာ ရာဖေးလ်နာဒယ်ကိုနိုင်ပြီး မြေကြီးကွင်းဖလားဆွတ်ခူးနိုင်ခဲ့တဲ့ စတုတ္ထမြောက် ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ မာရေး မတိုင်မီက ဟော်ရာစီယို ဇီဘောလော့၊ ရော်ဂျာဖက်ဒဲရာနဲ့ ဂျိုကိုဗစ်တို့လည်း အနိုင်ရခဲ့ဖူးပါတယ်။ မာရေးက သူ့အနေနဲ့ အီတလီအိုးပင်းမှာ ပါဝင်ကစားတာဟာ မြေကြီးကွင်း သုံးထပ်ကွမ်းဖြစ်ဖို့ မျှော်မှန်းထားတယ်လို့ ဆိုပါတယ်။ ရာဖေးလ်နာဒယ်ဟာ မြေကြီးကွင်းမှာ အခြားပြိုင်ဘက်တွေ မယှဉ်နိုင်အောင် ကစားနိုင်တဲ့ တင်းနစ်အကျော်အမော်ဖြစ်ပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ မက်ဒရစ် အိုးပင်းဖလားပြိုင်ပွဲမှာတော့ မာရေးကိုရှုံးပြီး ဖလားလက်လွတ်ဖြစ်ခဲ့ရပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

# လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်ရဲ့ နောက်ဆုံးပရီမီယာလိဂ် နှုတ်ဆက်ပွဲ

လီဗာပူးအသင်းနဲ့အတူ နှစ်ပေါင်းများစွာ ကစားခဲ့တဲ့ အသင်းခေါင်းဆောင် စတီဗင်ဂျရတ်ဟာ မကြာမီမှာ အန်ဖီးလ်က ထွက်ခွာသွားတော့မှာပါ။ သူဟာ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်တဲ့အထိ အောင်မြင်မှုတွေရရှိခဲ့တဲ့ ကစားသမားဖြစ်ပါတယ်။ လီဗာပူးအသင်းရဲ့ အောင်မြင်မှုသမိုင်းမှာ ဂျရတ်ဟာ အဓိကပါဝင်နေတာ တွေ့ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်ကုန်ပိုင်းက လီဗာပူးအသင်းအိမ်ကွင်းမှာ ခရစ္စတယ်ပဲလေ့စ်နဲ့ နောက်ဆုံး အိမ်ကွင်းအဖြစ် ပါဝင်ကစားခဲ့ရာမှာ ဂျရတ်ရဲ့ နှုတ်ဆက်ကစားတဲ့ ပြိုင်ပွဲဖြစ်ခြင်းကြောင့် လက်မှတ်ခဈေးနှုန်းတွေဟာ အဆမတန်မြင့်တက်ခဲ့တယ်လို့ဆိုပါတယ်။ ပုံမှန်အားဖြင့် လက်မှတ်တစ်စောင် ၄၇ ပေါင် အထိသာရှိခဲ့ပေမယ့် ဂျရတ်နဲ့ နှုတ်ဆက်ပွဲကြောင့် လက်မှတ်တစ်စောင်ကို ပေါင် ၁၃၀၀ ကျော်အထိ ဈေးမြင့်တက်သွားခဲ့တယ်လို့ ဆိုပါတယ်။ အသက် ၃၄ နှစ်အရွယ် စတီဗင်ဂျရတ်အတွက် လာမယ့်သီတင်းပတ် စတုတ်နဲ့ကစားတဲ့ပြိုင်ပွဲဟာ လီဗာပူးအတွက် နောက်ဆုံးကစားခြင်းပါပဲ။ လီဗာပူးမှာ ၁၇ နှစ်ကြာ ကစားခဲ့ပြီး အယ်လ်အေဂလက်ဆီသို့ ထွက်ခွာသွားတော့မှာဖြစ်ပါတယ်။ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျရတ်ကို စတုတ်နဲ့ ပြိုင်ပွဲမစမီ ဂုဏ်ပြုပွဲတစ်ရပ် ပြုလုပ်သွားမယ်လို့လည်း ဆိုပါတယ်။





# ပီလီလိုတော်တဲ့ကစားသမားလို့ မက်ဆီကို နည်းပြဟောင်း ဂွါဒီယိုလာက ချီးကျူးပြောဆို

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကို ဘရာဇီး ဂန္ထဝင်ဘောလုံးသမားကြီး ပီလီလိုတော်တဲ့ ကစားသမားလို့ ဘိုင်ယန်မြူးနစ်နည်းပြ ဂွါဒီယိုလာက ချီးကျူးပြောဆိုလိုက်ပါတယ်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ ဘိုင်ယန်မြူးနစ်ကို ဘာစီလိုနာက သုံးဂိုးပြတ်နဲ့ နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ မက်ဆီက နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဒုတိယအကျော့မှာ ဘိုင်ယန်မြူးနစ်က ဘာစီလိုနာကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမယ့် ချန်ပီယံလိဂ်မှ ထွက်ခဲ့ရပါပြီ။ "မက်ဆီဟာ တစ်ချိန်လုံး အကောင်းဆုံးဘောလုံးသမားဖြစ်နေတဲ့သူပါ။ သူ့ကို ကျွန်တော်က ပီလီနဲ့ပဲ ခိုင်းနှိုင်းချင်ပါတယ်"လို့ အသက် ၄၄ နှစ်အရွယ် ဂွါဒီယိုလာက ဆိုပါတယ်။ ဘာစီလိုနာအနေနဲ့ ပဉ္စမအကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်မယ်လို့ မျှော်လင့်ပါတယ်လို့လည်း ဘိုင်ယန်မြူးနစ်နည်းပြက ဆိုပါတယ်။ ဘာစီလိုနာအသင်းဟာ ဇွန်လ ၆ ရက်မှာ ဘာလင်မြို့မှာ ကျင်းပမယ့် ဗိုလ်လုပွဲကို ကစားရတော့မှာ ဖြစ်ပါတယ်။ မက်ဆီဟာ ဒီနှစ်ထဲမှာ ၅၃ ဂိုး အထိ သွင်းယူထားတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ သူဟာ ၂၀၀၈ မှ ၂၀၁၂ ခုနှစ်အထိ လေးနှစ်တာအတွင်း ဘာစီလိုနာ အသင်းနဲ့အတူ ဖလား ၁၄ လုံး ဆွတ်ခူးနိုင်ခဲ့ပါတယ်။


မြန်မာ - ကိုးရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
DUOS
ဆင်းမ်ကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပါသည်
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်။ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး၊ Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)


THE ALL-NEW BMW 2 SERIES ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

# အသည်းရောင်အသားဝါစီပိုး လုံးဝပျောက်အောင် ကုလို့ရပါပြီ

ကမ္ဘာပေါ်တွင်အသည်းရောင်အသားဝါစီပိုး နာတာရှည်သယ်ဆောင်ထားသူဟာ သန်း ၂၀၀ ကျော်ရှိပါတယ်။ စီပိုးဟာလည်း ဘီပိုးလိုပဲ နာတာရှည် အဆင့်ကို ရောက်ပြီး နှစ်အတော်ကြာတဲ့အခါမှာ အသည်းခြောက် အသည်းကင်ဆာ ဖြစ်တတ်ပါတယ်။

ဂျပန်နိုင်ငံမှာဖြစ်တဲ့ အသည်းကင်ဆာရောဂါသည် အားလုံးဟာ အသည်းရောင် အသားဝါစီပိုးကြောင့် ဖြစ်တာပါ။ အမေရိကန်နိုင်ငံမှာလည်း အသည်းရောင်အသားဝါစီပိုးဟာ အဓိကကျန်းမာရေးပြဿနာတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာ အသည်းခြောက် အသည်းကင်ဆာဖြစ်လို့ အသည်းအစားထိုးရတဲ့ လူနာတွေဟာ စီပိုးကြောင့် အများစုဖြစ်တာပါ။

စာရေးသူနဲ့ ပါမောက္ခဦးသိန်းစောတို့ရဲ့ လေ့လာချက်တွေအရ မြန်မာနိုင်ငံမှာတော့ စီပိုးနာတာရှည်သယ်ဆောင်တဲ့နှုန်းဟာ ပြည်သူလူထုထဲမှာ ၂ ရာခိုင်နှုန်းကနေ ၄ ရာခိုင်နှုန်းအထိရှိပါတယ်။ များတယ်လို့ပြောရမှာပေါ့။

မြန်မာနိုင်ငံမှာစီပိုးကြောင့် နာတာရှည်အသည်းရောဂါတွေလည်း ဖြစ်မယ်။ အသည်းခြောက်နဲ့အသည်းကင်ဆာတွေဖြစ်တာလည်း တော်တော်များပါတယ်။ အသည်းကင်ဆာရောဂါဖြစ်တဲ့လူနာတွေရဲ့ ၄၀ ရာခိုင်နှုန်းဟာ အသည်းရောင်အသားဝါစီပိုးကြောင့် ဖြစ်တာပါ။

စီပိုးရှိတယ်ဆိုတာကိုမစစ်ဘဲ မသိဘဲ ထားလိုက်တော့ စီပိုးဟာ တဖြည်းဖြည်းနဲ့ အသည်းကို လိုက်စားပြီး အသည်းခြောက်ရောဂါဖြစ်တော့တာပါ။ အသည်းခြောက်ရောဂါရဲ့ နောက်အကျိုးဆက်ကတော့ အသည်းကင်ဆာပါပဲ။ အသည်းခြောက်တယ်ဆိုတာ အသည်းထဲမှာ အနာရွတ်တွေ အလုံးလေးတွေတွေ့နေရပြီး အသည်းဟာ ပျော့မနေတော့ဘဲ မာသွားတာပါ။ နှစ်အတော်ကြာတော့ မာသွားခြောက်သွားတဲ့ အလုံးလေးတွေထဲက တစ်လုံးလုံး ဒါမှမဟုတ် သုံးလေးလုံး တစ်ပြိုင်တည်း ကင်ဆာအဆင့်ကို ရောက်သွားပြီး အသည်းကင်ဆာဖြစ်တော့တာပါပဲ။

မြန်မာနိုင်ငံဟာ ကမ္ဘာ့အသည်းကင်ဆာအဖြစ်အများဆုံး ၁၀ နိုင်ငံထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဘာဖြစ်လို့ အဲလို အသည်းကင်ဆာတွေဒီလောက်တောင် အဖြစ်များတာလဲဆိုတော့ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးတွေ ဖြစ်နှုန်းများပြီး နာတာရှည်ပိုးသယ်ဆောင်တဲ့သူတွေအများကြီးရှိပါတယ်။ အဲဒီသူတွေဟာ ထိရောက်တဲ့ ခေတ်မီဆေးဝါးတွေနဲ့မကုဘဲထားကြလို့ နာတာရှည်ပိုးသယ်ဆောင်တဲ့အဆင့်ကနေ အသည်းကင်ဆာတွေဖြစ်ကုန်ကြတာပါ။

**ပါမောက္ခ ခင်မောင်ဝင်း(အသည်း)**

**အသိရှိဖို့လိုတယ်**

ပထမဦးဆုံးအနေနဲ့ လူတွေဟာ အသည်းရောင်အသားဝါစီပိုးရှိမရှိဆိုတာစစ်ရမယ်ဆိုတဲ့ အသိရှိဖို့လိုပါတယ်။ စီပိုးရှိတဲ့ လူတွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ ဘာရောဂါလက္ခဏာမှခံစားရမှာမဟုတ်ပါဘူး။ အဲလိုဆိုတော့ ခပ်ပေါ့ပေါ့ပဲနေကြပြီး အသည်းခြောက်အသည်းကင်ဆာအဆင့်ရောက်မှ ဆေးရုံဆေးခန်းတွေကို လာပြကြတာပါ။

## သိန်းနဲ့ သန်းနဲ့ချီပြီး စီပိုးတွေရှိနေလို့ မကြောက်ပါနဲ့လို့ ဘာလို့ပြောရတာလဲဆိုတော့ ခေတ်မီစီပိုးသေဆေးတွေနဲ့ကုရင် စီပိုးလုံးဝပျောက်သွားပြီး အသည်းခြောက်အသည်းကင်ဆာကို ကာကွယ်နိုင်လို့ပါ. . .

အခုလို စီပိုးကို လုံးဝပျောက်ကင်းအောင် ကုလို့ရတဲ့ ခေတ်ကြီးမှာ စီပိုးရှိမှန်းမသိ၊ မစစ်မပြုဒီလိုပဲနေလိုက်ကြရင်းနဲ့ အဲလို နာတာရှည်အသည်းရောဂါတွေဖြစ်ကုန်ကြတာဟာ ဝမ်းနည်းစရာပါ။ ဒါကြောင့်မို့လို့ ဒုက္ခမျိုးစုံ ပေးနိုင်တဲ့ စီပိုးရှိ မရှိဆိုတာကို စစ်ဖို့လိုတယ်ဆိုတဲ့အသိလေးရှိဖို့လိုပါတယ်။

ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေပြီး အသည်းရောင် အသားဝါ စီရောဂါပိုးကိုစတွေ့တဲ့ ဒေါက်တာကလန်ဘတ်ရဲ့မွေးနေ့ဖြစ်တဲ့ ဇူလိုင် ၂၈ ရက်နေ့ကို ကမ္ဘာ့အသည်းရောင်အသားဝါနေ့လို့သတ်မှတ်ပြီး အဲဒီနေ့မှာ အသည်းရောင်အသားဝါကို ပြည်သူအများစုသတိလေးရှိကြရအောင်၊ အသိလေးရှိကြရအောင်ဆိုပြီး ကမ္ဘာ့အနှံ့အပြားမှာအခမ်းအနားတွေကျင်းပပြီး ဟောပြောပွဲတွေ ပြည်သူတွေအသိရှိစေမည့်ပွဲတွေကို လုပ်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းရောဂါအဖွဲ့အနေနဲ့လည်း ကမ္ဘာ့အသည်းရောင်အသားဝါ အသိပညာပေးပွဲတွေကို ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားလုပ်လေ့ရှိပြီး ပြည်သူလူထုကို ပညာပေးလုပ်ငန်းတွေ အများကြီးလုပ်ပါတယ်။

ဒါကြောင့် အသည်းရောင်အသားဝါစီပိုးရှိ မရှိစစ်ဖို့ လိုတယ်ဆိုတဲ့ အသိလေး၊ သတိလေးရှိကြပါလို့အထူးမှာကြားပြောချင်ပါတယ်။

**စီပိုးကုကြပါ**

စီပိုးရှိမရှိဆိုတာ စစ်ဖို့အသိလေးရှိဖို့အရေးကြီးသလို စီပိုးတွေ့ပြီဆိုရင် စီပိုးနာတာရှည်သယ်ဆောင်တဲ့အကျိုးဆက်တွေဖြစ်တဲ့ အသည်းခြောက် အသည်းကင်ဆာမဖြစ်ဖို့ စီပိုးကို သေအောင်သတ်ပစ်ရမယ်။ စီပိုးကို ခေတ်မီစီပိုးသေဆေးတွေနဲ့ ကုရမယ်ဆိုတာကိုလည်း ဂရုပြုဖို့လိုပါလိမ့်မယ်။

စီပိုးရှိတယ်ဆိုပေမယ့်လည်း ကြောက်စရာမလိုပါဘူး။ စီပိုးကို ခေတ်မီဆေးဝါးတွေနဲ့ကုရင်လုံးဝပျောက်နိုင်ပါတယ်။ ၁၀၀ ရာခိုင်နှုန်းနီးပါး ပျောက်ပါတယ်။ ဆိုလိုတာက လူတစ်ရာကုရင် တစ်ရာလုံး စီပိုးပျောက်တဲ့ စီပိုးသေဆေးတွေပေါ်နေပါပြီ။

**စီပိုးသေအောင်ကုရင် ဘာအကျိုးရှိမှာလဲ**

သိန်းနဲ့ သန်းနဲ့ချီပြီး စီပိုးတွေရှိနေလို့ မကြောက်ပါနဲ့လို့ ဘာလို့ပြောရတာလဲဆိုတော့ ခေတ်မီစီပိုးသေဆေးတွေနဲ့ ကုရင် စီပိုးလုံးဝပျောက်သွားပြီး အသည်းခြောက်အသည်းကင်ဆာကိုကာကွယ်နိုင်လို့ပါ။

ထပ်ပြီး ပြောရမယ်ဆိုရင် စီပိုးရှိလျက်နဲ့ မကုဘဲထားရင် တစ်ချိန်ချိန်မှာ သေချာပေါက် အသည်းခြောက် အသည်းကင်ဆာဖြစ်မှာပဲ။

အဲလိုဆိုးဝါးတဲ့ အကျိုးဆက်ဖြစ်တဲ့အသည်းကင်ဆာမဖြစ်စေချင်ရင် စီပိုးရှိတဲ့သူတွေဟာ စီပိုးကို ခေတ်မီစီပိုးသေဆေးတွေနဲ့ကုပါ။ စီပိုးပျောက်သွားရင် အသည်းကင်ဆာမဖြစ်တော့ဘူးပေါ့။

ဒါကြောင့်အသည်းရောင်အသားဝါစီပိုးရှိတဲ့ လူတိုင်းဟာ စီပိုးသေဆေးနဲ့ စီပိုးပျောက်အောင်ကုသင့်ပါတယ်လို့ ပြောလိုက်ချင်ပါတယ်။

**(စီပိုးပျောက်အောင်ဘယ်လိုကုရမယ်ဆိုတာ အသေးစိတ်ကို ဒုတိယပိုင်းမှာ ဆက်ရေးသွားပါမယ်)။**

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသက် ကိုးနှစ်မှ ၁၃ နှစ် အတွင်း အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးရန်သတ်မှတ်

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တိုင်းဒေသကြီးအတွင်း အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံပေးခြင်း အခမ်းအနားကို မေ ၁၁ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သဇင်ညွန့်က သားအိမ်ကင်ဆာအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကာ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကက ပံ့ပိုးအကူအညီပေးခဲ့သူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရောဂါလက္ခဏာအနက် သားအိမ်ခေါင်းကင်ဆာမှာ ဒုတိယအများဆုံး ဖြစ်ပွားတတ်သော ရောဂါဖြစ်ပြီး ယခုအခါ သားအိမ်ခေါင်းကင်ဆာဖြစ်စေသည့် HPV ပိုးမဝင်စေရန် ကာကွယ်ဆေးကို အမျိုးသမီး ကြီးငယ်မရွေး ထိုးနိုင်ပြီဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသက်ကိုးနှစ်မှ ၁၃ နှစ်အတွင်း အမျိုးသမီးငယ်များအား ကာကွယ်ဆေးထိုးရန် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အမျိုးသမီးငယ်များအား ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးရခြင်း ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



**ငှားမည် (ပွဲစားမလို)**
15'x60' မြေညီ၊ 15'x55' ပထမထပ်၊ ဗဟိုလမ်းမကြီး၊ ဥဈေးအနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၂၆၀၆၄၉၈၇၁ (ရုံးချိန်အတွင်း)၊ ၀၉-၅၀၈၂၄၀၅

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် ၄ဃ/၇၈၅၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

အားလုံးရဲ့ထိပ်ဆုံးမှာရှိ၍ ယုံကြည်စိတ်ချရသော
ပန်းတိုင် (ကျော်) အုပ်စု ဝန်ဆောင်မှုကုမ္ပဏီလီမိတက် မှ
အလျှုရှင်ကမ္ပည်းများအား ၁၂၀၀၀ကျပ်နှင့်
၆၅၀၀ ကျပ်ဖြင့်
အိမ်/ခြံနံပါတ်များအား စတီးရွှေ/ငွေ/ကြေးပြားများဖြင့် ပြုလုပ်ပေးနေပါသည်။

**ပျောက်ဆုံး**
ကျွန်တော် မောင်ဝေလမင်း ၅/ဒပယ(နိုင်)၀၈၀၄၉၃၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၈၉၃၈၃၄

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအထူးအစီအစဉ်
မေလ (၂၃) ရက်နေ့မှ (၂၄) ရက်နေ့အထိ
မျက်နှာပေါ်ရှိ အရေးအကြောင်းများဖျောက်ပေးခြင်း
ခန္ဓာကိုယ်အချိုးအစားပြေပြစ်လှပအောင် ပုံဖော်ခြင်း
မျက်နှာအချိုးအစားပြေပြစ်လှပအောင် ခွဲစိတ်ခြင်းအမျိုးမျိုး
မျက်လုံးတပိုက်ပြုပြင်ခြင်းအမျိုးမျိုး
ရင်သားအလှပြုပြင်ခြင်းအမျိုးမျိုး
နှာခေါင်းအလှပြုပြင်ခြင်းအမျိုးမျိုး
နှုတ်ခမ်းအလှပြုပြင်ခြင်းအမျိုးမျိုး
အဆီစုပ်ထုတ်ခြင်း
ကိုရီးယားမင်းသမီးတွေလို လှပဖို့အတွက် ကိုရီးယားနိုင်ငံသွားစရာ မလိုတော့ပါ....
LIKE US ON facebook Pun Hlaing Hospital
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com

# ဖျာပုံမှဆန်များ ရန်ကုန်နှင့်အခြားမြို့နယ်များသို့ ရေလမ်း ကုန်းလမ်းဖြင့် သယ်ယူရောင်းချ

**ဖျာပုံ မေ ၁၄**

ဖျာပုံမြို့နယ်အတွင်း နွေစပါးများ ရိတ်သိမ်းပြီးဖြစ်၍ လက်ကျန်မိုးစပါး ရောင်းချသူများနှင့် ဆန်အဖြစ် ကြိတ်ခွဲပြီးမှ ရန်ကုန်နှင့်၎င်းမှတစ်ဆင့် ဈေးကွက်ရှိရာ မြို့နယ်များသို့ ရေယာဉ်များအပြင် ကားများနှင့်ပါ သယ်ယူရောင်းချလျက်ရှိကြသည်။

ယခုရက်ပိုင်းအတွင်း ဖျာပုံမှ ရန်ကုန်သို့ရေယာဉ်နှင့် မော်တော်ကားများဖြင့် တစ်နေ့ ဆန်အိတ် ၃၀၀၀ ခန့် တင်ပို့လျက်ရှိကြောင်း၊ ရေယာဉ်နှင့်တင်လျှင် တန်ဆာခ ဆန်တစ်အိတ်ငွေကျပ် ၂၀၀၊ ဖျာပုံ-ရန်ကုန်ကမ်းနား အလုပ်သမားခ ဗောကျော်ခနှင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပွဲရုံ(သို့မဟုတ်) ရောင်းချမည့်ဆိုင်အရောက် သယ်ပို့ခ စုစုပေါင်း ဆန်တစ်အိတ်ငွေကျပ် ၆၅၀ ခန့်ကုန်ကျကြောင်း၊ ရေယာဉ်ဖြင့် ရန်ကုန်ဆိပ်ကမ်းတွင် ရေယာဉ် နှစ်ရက်၊ သုံးရက် ရပ်နားထား၍ ဆန်ဈေးကောင်းရရှိရေး ဈေးစုံစမ်း၍ ရက်ဆိုင်း ရောင်းချိန်ရသည့်အတွက် အဆင်ပြေကြောင်း ဆန်ကုန်သည် ဦးစိုးဝင်းက ပြောသည်။

မော်တော်ကားနှင့် ဆန်အိတ်များ ဖျာပုံမှ ရန်ကုန်တင်ပို့နေသူ ဆန်ကုန်သည် ဦးဆန်းမြင့်က ဖျာပုံ-ရန်ကုန် မော်တော်ကားတင်ဆောင်ခ ဆန်တစ်အိတ်ငွေကျပ် ၅၅၀ ပေးရကြောင်း၊ မိမိပို့လိုသည့် ရန်ကုန်မြို့ရှိ ဆန်ပွဲရုံ၊ ဆန်ဆိုင်အရောက်ပို့ဆောင်ပေးကြောင်း၊ မြို့နယ်အသီးသီး ပို့ဆောင်မည်ဆိုလျှင် ကားဂိတ်အရောက် ပို့ပေးကြောင်း၊ ဖုန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ဖုန်းနှင့် ဆန်ဈေးနှုန်း ကြိုတင်စုံစမ်းထားသည့်အတွက် အမြန်ရောက်ရှိရေးနှင့် ဈေးကောင်းရရှိရေးသည် အရေးကြီးကြောင်း၊ ကားနှင့်ဆိုလျှင် အခေါက်ရေစိတ်၍ အကျိုးအမြတ်ပိုမိုရရှိကြောင်း ပြောပြသည်။

ယခုအခါ ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူရောင်းချရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ဖုန်းဆက်သွယ်ရေးများ လွယ်ကူအဆင်ပြေမှုတို့ကြောင့် ဒေသအလိုက် ကုန်ဈေးနှုန်းများ တည်ငြိမ်မှု၊ ကုန်စည်စီးဆင်းမှု မြန်ဆန်မှုနှင့် အလေအလွင့် အပျက်အစီးများ နည်းပါးမှုတို့ကြောင့် စီးပွားရေးလုပ်ကိုင်သူများ အဆင်ပြေသကဲ့သို့ ပြည်သူများမှာလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည့် အသီးအပွင့်များ မျှဝေခံစားနေရကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# လမ်းဘေးဈေးသည်များထံမှ ဈေးကောက် ကောက်ခံခြင်းတားမြစ်

**ရန်ကုန် မေ ၁၄**

ရန်ကုန်မြို့ လမ်းဘေးဈေးသည်များထံမှ ဈေးကောက် ကောက်ခံခြင်းကို တရားဝင် ခွင့်ပြုထားခြင်းမရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများ ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဆိုင်းဘုတ်တင်ထားတဲ့ ဈေးတွေ၊ ပျံကျဈေးတွေမှာသာ ဈေးကောက်ကောက်ခံပါတယ်။ လမ်းဘေးဈေးသည်တွေဆီက နေ့ ဈေးကောက်ကောက်ခြင်းကို တားမြစ်ထားပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

ရန်ကုန်မြို့ မြို့တွင်း ခြောက်မြို့နယ်၌ လမ်းဘေးဈေးသည် ဈေးကောက်ကောက်ခြင်းကို ၂၀၁၁ ခုနှစ် ဇွန်လကတည်းက ရပ်ဆိုင်းထားခဲ့ကြောင်း သိရသည်။ မြို့တွင်း ခြောက်မြို့နယ်၌ လမ်းဘေးဈေးသည်များကို ညနေပိုင်းတွင် အချိန်ပိုင်းဖြင့်သာ ရောင်းချခွင့်ပြုထားပြီး ဈေးကောက်ကောက်ခံခြင်းမရှိကြောင်း သိရသည်။

လမ်းဘေး ဈေးသည်များသည် ယခင်က ပလက်ဖောင်းများပေါ်၌သာ ဈေးရောင်းကြသော်လည်း ယခုအခါ ယာဉ်သွားလမ်းများပေါ် အထိဆင်း၍ ဈေးရောင်းချမှုများ ပြုလုပ်လာကြသည်။ သက်ဆိုင်ရာ မြို့နယ်စည်ပင်မှ လာရောက် တားဆီးသော်လည်း ခေတ္တမျှသာရှောင်နေကြပြီး ၎င်းတို့ ပြန်သွားသည့်အချိန်တွင် လမ်းများပေါ်အထိတက်၍ ဈေးရောင်းချနေကြသည့်အတွက် ခရီးသွားလာသူများနှင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ ကြုံတွေ့ရလျက်ရှိသည်။ အချို့မှာ မော်တော်ယာဉ်ငယ်များကို ဈေးဆိုင်အဖြစ် အသုံးပြုကာ လမ်းကိုပိတ်ဆို့၍ ဈေးရောင်းနေကြသည်။

**ကြံတိုင်းအောင်**



# နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆုပေးပွဲကျင်းပ

**နေပြည်တော် မေ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးအုပ်စု ကျောင်းကုန်းရွာ ဘုန်းတော်ကြီးကျောင်း၌ မေ ၁၀ ရက်က ဒုတိယအကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း ကျင်းပခဲ့ကြောင်း သိရသည်။

နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆရာတော်ကြီးများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သက်ထက်**

# သစ်စိမ်းမြေဩဇာကြဲပက်ပွဲ ကျင်းပ

**ကော့ကရိတ် မေ ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာအုပ်စုတွင် ၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ပျိုးရာသီတွင် မြေဆီလွှာတိုးတက်ကောင်းမွန်စေရန် သစ်စိမ်းမြေဩဇာပက်ခြင်းလုပ်ငန်းကို မေ ၁၁ ရက်က ကျင်းပသည်။

သစ်စိမ်းမြေဩဇာပက်ပွဲသို့ ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် တောင်သူ ၅၆ ဦး တက်ရောက်ခဲ့ပြီး လယ်မြေ ၃ ဒသမ ၅ ဧကတွင် သစ်စိမ်းမြေဩဇာကြဲပက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ သစ်စိမ်းမြေဩဇာကို တစ်ဧကလျှင် ပိုက်ဆံလျှော်ပင်နှစ်ပြည်နှုန်းဖြင့် ကြဲပက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



မေ ၉ ရက်က လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်လုံးဆိုင်ရာ အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား စတုတ္ထအကြိမ်မြောက်ပူဇော်ပွဲကို သီရိမင်္ဂလာကန်တော်ဆွမ်းလောင်းအသင်းမွှောရုံ၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညဏ်ထွန်းနှင့်အဖွဲ့က သက်ကြီးဘိုးဘွားများအား ကန်တော့ခံပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ မီးမီး(လှိုင်)


## အဆင့်မြင့်တိုက်ခန်းအမြန်ငှားမည်

ရန်ကင်းမြို့နယ် Sedona Hotel အနီး၊ ရွှေအုန်းပင်အိမ်ရာ မျက်နှာချင်းဆိုင်၊ ရန်ကင်းမြို့မဈေးအနီး၊ ရန်ငြိမ်လမ်းမပေါ်တွင်တည်ရှိသော ရန်ငြိမ်းအိမ်ရာ၊ စတုတ္ထထပ်၊ 1 MB,2MB,4AC,FTTH အင်တာနက်လိုင်း၊ (အဆင့်မြင့်ပြင်ဆင်ပြီး)၊ (Fully Furnished)
(နိုင်ငံခြားသားများအတွက် အထူးသင့်လျော်ပါသည်။)
**မှတ်ချက်** - နှစ်ရှည်ငှားရမ်းမည့်သူကို ပို၍ဦးစားပေးမည်။
**ဆက်သွယ်ရန်** - ဖုန်း-၀၉-၂၅၀၅၀၆၀၆၀၊ ၀၉-၃၃၄၉၀၀၀၇

## တိုက်သစ်၊ တိုက်ခန်းကျယ်အမြန်ရောင်းမည်

(၁၈' × ၅၄') Hall Type
ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်၊ ပဉ္စမထပ်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ဖြင့်တည်ဆောက်သည်။
သုဝဏ္ဏ၊ သွားကောလိပ်ရှေ့/အနီး၊မေတ္တာလမ်း
ဖုန်း-၀၁-၈၅၅၀၉၈၇၊ ၀၉-၂၅၄၄၈၇၉၃၀

## တိုက်ခန်းအမြန်ရောင်းမည်

တိုက်သစ်/တိုက်ခန်း အမြန်ရောင်းမည်။
မြေညီ(ကားပါကင်ပါ)၊ ၃-လွှာ (ခေါင်းရင်းဖက်)
(၂၅' × ၆၀') ရင်ကွဲ ထောင့်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၂)လမ်း
ဖုန်း-၀၁-၈၅၅၀၉၈၇၊ ၀၉-၂၅၄၄၈၇၉၃၀



## မြေ၊ အဆောက်အအုံ ငှားရမ်းသူများအား
# အသိပေးနှိုးဆော်ခြင်း

- ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရ ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ဝန်ဆောင်မှုရငွေနှင့်အတူ ဝန်ဆောင်မှုရယူသူထံမှ အခွန်ကို တစ်ပါတည်းကောက်ခံပြီး ပေးဆောင်ရမည်ဖြစ်ပါသည်။
- ၂၀၁၅ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဆ)ပါ ပြဋ္ဌာန်းချက်အရ နေအိမ်ငှားရမ်းခြင်းမဟုတ်သည့် မြေ၊ အဆောက်အအုံ၊ ယာဉ်အမျိုးမျိုးငှားရမ်းခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကျသင့်ပါသည်။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ငှားရမ်းခခြင်းဖြစ်ပါက ငှားရမ်းခရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ ထက်မကျော်လွန်ပါက ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ပါ။
- မြေ၊ အဆောက်အအုံနှင့် ယာဉ်အမျိုးမျိုးငှားရမ်းခြင်း ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်မီ ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွင် ၅ ရာခိုင်နှုန်းကို ကောက်ခံပေးရမည်ဖြစ်ပါသည်။ (ဥပမာ-အဆောက်အအုံ ငှားရမ်းခြင်းအတွက် ဝန်ဆောင်ခ ၁၀၀ကျပ် ကျသင့်ပါက ငှားရမ်းသူသည် ဝန်ဆောင်ခ ၁၀၀ ကျပ်နှင့်အတူ ကျသင့်အခွန် ၅ ကျပ်ကိုပါ ငှားယူသူထံမှ တစ်ပါတည်းကောက်ခံပေးရမည်ဖြစ်ပါသည်။)
- ကောက်ခံထားသည့် ကုန်သွယ်လုပ်ငန်းခွန်ကို လကုန်ဆုံးပြီး ၁၀ရက်အတွင်း ပေးသွင်းရမည် ဖြစ်ပါသည်။
- ငှားရမ်းခရငွေအပေါ် သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ကျသင့်မည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဆောက်လုပ်ရေးဝန်ဆောင်မှုပေးခြင်း တင်ဒါတင်သွင်းသူများသို့
# အသိပေးနှိုးဆော်ချက်

- နိုင်ငံတော်အတွင်း အဖွဲ့အစည်းအသီးသီးတို့မှ အဆောက်အအုံဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း ပြုပြင်ခြင်းအစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိပ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာကြလျက်ရှိပါသည်။
- ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဆ)ပါ ပြဋ္ဌာန်းချက်အရ ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကျသင့်ပါသည်။
- ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း အပါအဝင်ဖြစ်သော ဝန်ဆောင်ခ ရယူဆောင်ရွက်ကြရန် လိုအပ်ပါသည်။ (ဥပမာ-အဆောက်အအုံဆောက်လုပ်ပေးခြင်းအတွက် ဝန်ဆောင်ခ ၁၀၀ ကျပ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါက ကျသင့်အခွန် ၅ ကျပ်အပါအဝင်ဖြစ်သည့် ဝန်ဆောင်ခ ၁၀၅ ကျပ်ကို ရယူရမည်ဖြစ်ပါသည်။
- ဝန်ဆောင်မှုဆောင်ရွက်သူသည် ဝန်ဆောင်ခနှင့်အတူ ကောက်ခံထားသည့် ကုန်သွယ်လုပ်ငန်းခွန်ကို လကုန်ဆုံးပြီး ၁၀ ရက်အတွင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## နေပြည်တော်ကောင်စီနယ်မြေ
## နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ မူလခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊အချိန်** - ၁၃-၅-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်** - ၁၉-၅-၂၀၁၅ ရက် မွန်းလွဲ ၁၄း၀၀ နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊အချိန်** - ၁၂-၆-၂၀၁၅ ရက် မွန်းလွဲ ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ အောက်ဖော်ပြပါဌာနတွင် ၁၃-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**နေပြည်တော်လျှပ်စစ်အင်ဂျင်နီယာရုံး**
**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၆၇-၄၂၀၆၆၆**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ယာဉ်အပိုပစ္စည်းနှင့် လက်သုံးကိရိယာများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | ယာဉ်အပိုပစ္စည်း | (၄၁) မျိုး |
| (ခ) | တာယာ | (၁၄) မျိုး |
| (ဂ) | ဘက်ထရီ | (၁၀) မျိုး |
| (ဃ) | အင်ဂျင်ဝိုင် | (၂) မျိုး |
| (င) | လက်သုံးကိရိယာ | (၂၇) မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၅-၂၀၁၅ရက်မှ ၂၇-၅-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တို့တွင် ပုံစံတစ်စောင်လျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၃း၀၀နာရီတွင် နေပြည်တော်၊ ရုံးအမှတ်(၃၂)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**
**ရုံးအမှတ် ၃၂၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၆၁၆၇၊ ၀၆၇-၄၀၆၂၆၉၊ ၀၆၇-၄၀၆၁၉၈**

---

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၁)
## (၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါ စက်/ယာဉ်နှင့် ရုံးသုံးပစ္စည်းများ ပြင်ဆင်ခြင်းဆိုင်ရာ စက်အရန်ပစ္စည်းသံထည်ပစ္စည်းများနှင့် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာ ပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

(၁) သောင်တူးစက်၊ ပွန်တူးနှင့်ရေယာဉ်များ ပြင်ဆင်ရန်စက်ပစ္စည်းနှင့် သံထည်ပစ္စည်း
(၂) မြေသယ်ယာဉ်၊ မြေတူးစက်(EX-220,ZX-230,PC-220,MA-145)များ၊ Minor Plants များ ပြင်ဆင်ရန် စက်အရန်ပစ္စည်းများ
(၃) ဝန်ချီစက်နှင့် လေမှုတ်စက်အသေးပြုပြင်ရန် ဟိုက်ဒရောလစ်နှင့် ကိုယ်ထည်ပစ္စည်းများ
(၄) အုပ်ချုပ်မှုသုံးယာဉ်နှင့် ဝန်ထမ်းဖယ်ရီယာဉ် ပြင်ဆင်ရန်အင်ဂျင်နှင့်ကိုယ်ထည်ပစ္စည်းများ
(၅) ရုံး၊ သင်တန်းကျောင်းနှင့် ဝန်ထမ်းလိုင်းပြုပြင်ထိန်းသိမ်းရန်(အုတ်၊ သဲ၊ ကျောက်နှင့် နံရံပစ္စည်းများ)

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှ ၂၀၁၅ခုနှစ် ဇွန် ၁ရက် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စက်မှုတိုင်း(၁)၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**(၈)မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၃၃၀၄**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ဗို့အားမြှင့်အထောက်အကူပြုပစ္စည်း (33 KV Capacitor Bank) (၃)မျိုး

(ခ) ခွေးအဆိပ်ဆေး (Strychnine Hydrochloride) (60)Kg

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၂-၅-၂၀၁၅ ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

---

## မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည့် အခြေပစ္စည်းကို ရောင်းချသူများ/ဝယ်ယူသူများအနေဖြင့် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရေး
# အသိပေးနှိုးဆော်ခြင်း

**အခွန်ပေးဆောင်ရန် တာဝန်နှင့်ထမ်းဆောင်ရမည့်ကာလ**

* မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည့်အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေဖြစ်ထွန်းပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၃ အရ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။
* သို့ရာတွင် မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည့် အခြေပစ္စည်းကို ဝယ်ယူခြင်း၊ ဆောက်လုပ်ခြင်းနှင့် ပြန်လည်ရောင်းချခြင်းအား စီးပွားရေးလုပ်ငန်းသဖွယ် ဆောင်ရွက်ခြင်းဖြစ်ပါက အမြတ်ငွေရရှိမှုအပေါ်တွင် စီးပွားရေးလုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။
* အခြေပစ္စည်းကို ရောင်းချသူသည် ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်ရက်မှ တစ်လအတွင်း ကာလတန်ဖိုးစိစစ်မှုခံယူခြင်း၊ ဝင်ငွေကြေညာလွှာ တင်သွင်းခြင်း၊ ကျသင့်အခွန်ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရန်လိုအပ်ပါသည်။
* စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ခြင်းနှင့်ပတ်သက်၍ ဝင်ငွေနှစ်ကို စည်းကြပ်နှစ်အဖြစ် သတ်မှတ်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၃၀၀/၂၀၁၅ ကို ထုတ်ပြန်ထားပြီးဖြစ်ပါသဖြင့် နေထိုင်ရန်၊ အသုံးပြုရန် မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသည်တို့ကို ဝယ်ယူသူသည်လည်း ရောင်းချသူနှင့်အတူ ကာလတန်ဖိုးစိစစ်မှုခံယူခြင်း၊ ဝင်ငွေကြေညာလွှာတင်သွင်းခြင်း၊ အသုံးပြုသည့်ငွေကြေးအတွက် မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို ရှင်းလင်းတင်ပြခြင်း၊ အတိအကျမတင်ပြနိုင်သည့် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ကျသင့်ဝင်ငွေခွန်ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

**အခွန်ကျသင့်မှု**

* အခြေပစ္စည်းကို ရောင်းချသူ၊ လွှဲပြောင်းပေးသူသည် ထိုသို့ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် အခြေပစ္စည်း၏တန်ဖိုးမှ အခြေပစ္စည်းအတွက် အမှန်ကုန်ကျခဲ့သည့် မူလတန်ဖိုးနှင့် ယင်းအခြေပစ္စည်းကို ဖြည့်စွက်ခြင်းအတွက် ကုန်ကျသည့် မတည်စရိတ်များ၊ လွှဲပြောင်းခြင်းပြုလုပ်ရာတွင် ကုန်ကျသည့်စရိတ်များကို နုတ်ပယ်၍ ကျန်ရှိသောမြတ်စွန်းငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။
  - မြတ်စွန်းငွေ = ရောင်းချသည့်တန်ဖိုး (မူလတန်ဖိုး+ပြုပြင်ဖြည့်စွက်စရိတ်+ရောင်းချစရိတ်)
  - ကျသင့်အခွန် = မြတ်စွန်းငွေ×၁၀ရာခိုင်နှုန်း
* အခြေပစ္စည်းတစ်ခု(သို့မဟုတ်) တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အရောင်းတန်ဖိုးစုစုပေါင်းသည် နှစ်တစ်နှစ်အတွင်း ကျပ်သိန်းတစ်ရာထက်မပိုလျှင် ဝင်ငွေခွန်ပေးဆောင်ရန်မလိုပါ။
* စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် စည်းကြပ်ရမည့် အခွန်နှုန်း၊ သက်သာခွင့်ပြုသည့် အခွန်နှုန်းများကိုလည်း ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် သတ်မှတ်ထုတ်ပြန်ထားပါသည်။

**ရောင်းချသူအတွက် ခံစားခွင့်**

* ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် အခြေပစ္စည်း၏ တန်ဖိုးမှ ပေးဆောင်ခဲ့ရသည့်အခွန်ကို နုတ်ပယ်ပြီး ကျန်ငွေဖြင့် အခြားအခြေပစ္စည်း တစ်ခုခု ပြန်လည်ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းအဖြစ် တင်ပြနိုင်ပါသည်။
  - ရရှိမည့်စုဆောင်းငွေ = ရောင်းချသည့်တန်ဖိုး-ကျသင့်အခွန်

**အခွန်တာဝန်ကျေပွန်ကြပါရန်**

* သို့ဖြစ်ပါ၍ မြေ၊ အဆောက်အအုံ၊ တိုက်ခန်းအစရှိသော အခြေပစ္စည်းကို ရောင်းချသူ၊ ဝယ်ယူသူတို့သည် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း ဆောင်ရွက်ပြီးသည်နှင့် မိမိတို့၏ ရောင်းချမှု သို့မဟုတ် ဝယ်ယူမှုနှင့်သက်ဆိုင်သည့် ဝင်ငွေခွန်ဆိုင်ရာ ရှင်းလင်းခြင်း၊ အခွန်ပေးဆောင်ခြင်းတို့ကို ဆောလျင်စွာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် အခွန်တာဝန်ကို ကျေပွန်ကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းဆောင်ရွက်ရန်လိုအပ်သော ဘိလပ်မြေ၊ ကျောက်မျိုးစုံ၊ မြစ်သဲ၊ ကျောက်စရစ်၊ သစ်၊ အုတ်စသည့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက်** - ၁၅-၅-၂၀၁၅ ရက်မှ ၂၆-၅-၂၀၁၅ ရက်၊ မွန်းတည့် ၁၂း၀၀နာရီထိ
(ခ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** - ၂၆-၅-၂၀၁၅ရက် မွန်းလွဲ ၁း၀၀နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တွင် ၁၅-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ဖုန်း-၀၅၆-၂၁၀၅၆**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ Network နှင့် Hospital Management Information (HMI) တည်ထောင်ရန်အတွက် စိတ်ပါဝင်စားသည့်ကုမ္ပဏီများ၊ အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၅-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
## ရန်ကုန်မြို့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တိုက်ကြီးမြို့နယ် တရားရုံးအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၅-၂၀၁၅ ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - စီမံ/ထောက်ပံ့ဌာန၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
(ဃ) **တင်ဒါပိတ်မည့်ရက်** - ၂၅-၆-၂၀၁၅ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
(င) **တင်ဒါဖွင့်မည့်ရက်** - ၂၅-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ

၂။ တင်ဒါပုံစံစည်းကမ်းများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ဖြင့် ၂၁-၅-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ စီမံ/ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး၊စီမံ/ထောက်ပံ့ဌာန၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၈၂၀၂၇ သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ ဖျာပုံမြို့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ဖျာပုံမြို့နယ် လက်ပန်ပင်ကျွန်းပတ်တာရှိ လက်ပန်ပင်ရေတံခါး ၄'×၄' ၄ပေါက်နှင့် ဖျာပုံမြို့နယ် ဥလုံရေတံခါး ၄'×၄'-၅ ပေါက် တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူလိုပါသည်။ ဖျာပုံမြို့ ဖျာပုံမြစ်ဆိပ်ကမ်းမှစက်လှေဖြင့် ရေမိုင်(၃၀)သယ်ယူပို့ဆောင်၍ လုပ်ငန်းခွင်အရောက် ပေးပို့ရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ်** **အမှတ်(၁)**

၁။ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန ဖျာပုံမြို့၏ ဝယ်ယူလိုသောပစ္စည်းစာရင်း-

| | | |
|---|---|---|
| (၁) | ဘိလပ်မြေ | ၅၀၀၀ -အိတ် |
| (၂) | မြစ်ကျောက်စရစ် | ၃၀၀ -ကျင်း |
| (၃) | သဲ | ၁၅၀ -ကျင်း |
| (၄) | ကျောက်ကြီး | ၁၀၀ -ကျင်း |
| (၅) | သံချောင်းလုံး | ၇၅ -တန် |
| (၆) | ၈"×၈" concrete pile ×၁၅'အရှည် | ၁၇၅ -လုံး |
| (၇) | ၈'×၈' concrete pile ×၂၀' အရှည် | ၂၀၀ -လုံး |

၂။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၅-၅-၂၀၁၅ရက်၊ ညနေ ၅း၀၀နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၂၉-၅-၂၀၁၅ရက်၊ နံနက် ၉း၃၀နာရီ

၄။ **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန၊ ဖျာပုံမြို့၊ ဖုန်း-၀၄၅-၄၀၀၄၃

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးတွင် လာရောက်ပြသသော ပြင်ပလူနာများ၊ အတွင်းလူနာများ၊ ကုသပေးရန် လိုအပ်သော (FDA)အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး**
**၂၃ လမ်း၊ ၈၀-၈၁လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။
(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
(ခ) ဓာတ်ဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) အောက်ဆီဂျင်

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းတွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော (FDA အသိအမှတ်ပြု)ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၆-၂၀၁၅ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။
**ဖုန်း-၀၁-၂၂၂၈၆၁၊ လိုင်းခွဲ(၂၀၅)၊ ၀၉-၇၉၆၇၅၆၇၁၀**

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း၊**
**ရန်ကုန်တိုင်းဒေသကြီး**

---

ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
စံပြဆေးရုံကြီး-သဃ်္ဃန်းကျွန်း

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၁-၅-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၆-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၃၃၈၉၂၊ ဒေါ်ယဉ်ယဉ်ကြည် အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၄၁၇/၂၀၁၂(၂၅-၁-၂၀၁၂)ဖြင့် ဒေါ်ယဉ်ယဉ်ကြည်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်မြူမြူလှိုင် ၉/မခန(နိုင်)၁၅၉၁၆၆ (ဘ)ဦးဆယ်နီမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | လုပ်ငန်းအမည်နှင့်တည်နေရာ | တင်ဒါပုံစံ နှုန်း(ကျပ်) |
|---|---|---|---|
| | | တိုင်းအမှတ်(၅)တောင်ငူ၊ | |
| ၁ | ၀၁(တင)/မမ/CE | - ပျဉ်းမနားဘူတာ အမှတ်(၁)လမ်းတွင် သံကူကွန်ကရစ်လောင်းခြင်းလုပ်ငန်း | ၅၀၀၀/- |
| ၂ | ၀၂(တင)/မမ/CE | - သာဝတ္တိဘူတာ ရထားတွဲပေါ်အရောက် 1" x 1½" အရွယ်(စက်ခွဲ) လမ်းခင်းကျောက် (၁၅၀၀)ကျင်း ဝယ်ယူခြင်း | ၅၀၀၀/- |
| ၃ | ၀၃(တင)/မမ/CE | - မြို့လှဘူတာ ရထားတွဲပေါ်အရောက် 1" x 1½" အရွယ်(စက်ခွဲ) လမ်းခင်းကျောက် (၁၅၀၀)ကျင်း ဝယ်ယူခြင်း | ၅၀၀၀/- |

တင်ဒါပိတ်မည့် နေ့/အချိန် ၁၂ . ၆ . ၂၀၁၅ (သောကြာနေ့) (၁၆.၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၁. ၅ .၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ အင်ဂျင်နီယာမှူး(မြို့ပြ)အင်ဂျင်နီယာဌာန၊
တိုင်း(၅)တောင်ငူ၊ပျဉ်းမနား၊ဖုန်း ၀၅၄-၂၃၀၁၆၊၀၅၄-၂၃၀၆၁၊၀၆၇-၂၂၀၇၇၊၀၆၇-၂၁၁၉၂

---

# အသိပေးကြေညာခြင်းနှင့်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်အဆင့်အတန်းနှင့်အညီ ကျွမ်းကျင်သောလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကုမ္ပဏီများ၏အခန်းကဏ္ဍ မြင့်မားတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် မိတ်ဖက်ကုမ္ပဏီများစုပေါင်း၍ (မြန်မာနိုင်ငံ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအသင်းချုပ်)တို့ကို ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အသင်းဝင်အဖြစ် ပါဝင်လိုသော ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များ၊ လုံခြုံရေးနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ ထုတ်လုပ်/တင်သွင်း/ဖြန့်ဖြူး/ရောင်းချ/တပ်ဆင်သူများအနေဖြင့် အသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ဆက်သွယ်မေးမြန်းစုံစမ်း၍ ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

**ဖုန်း-၀၉-၄၂၁၀၈၀၂၇၉၊ ၀၉-၄၅၀၀၅၁၈၄၁၊ ၀၉-၂၆၁၀၉၁၁၀၁**

---

## ကန့်ကွက်နိုင်ပါကြောင်း

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားနှင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ၏ အမည် | လျှောက်ထားသူ၏ နေရပ်လိပ်စာ | လျှောက်ထားမြေကွက်၏ အမှတ် | လျှောက်ထားမြေကွက်၏ အမည် | လျှောက်ထားမြေကွက်၏ ဦးပိုင်အမှတ် | လျှောက်ထားမြေကွက်၏ ဧရိယာ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးမောင်မောင် | အမှတ် ၁၄၄၃၊ အောင်ချမ်းသာ(၁)လမ်း၊ ပုသိမ်မြို့ | ၁၁၀ | ရွှေဘိုတပ်တောင် | ၂၂၄ | ၀.၀၅၅ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၂ | ဒေါ်ရီရီခင် | ပုသိမ်-ရန်ကုန်လမ်း မြတ်တိုရပ်(၁၅) ရပ်ကွက်၊ ပုသိမ်မြို့ | ၁၆၃/ဘီ | ထန်းကုန်း | ၃၃/၂ ၃၄/၁ | ၀.၃၀၀ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၃ | ဦးကျော်လင်းမောင် | ပုသိမ်-ရန်ကုန်လမ်း မြတ်တိုရပ်(၁၅) ရပ်ကွက်၊ ပုသိမ်မြို့ | ၁၆၃/ဘီ | ထန်းကုန်း | ၄၉-က/၄ | ၀.၃၂၁ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၄ | ဒေါ်မိုးမိုးသက် | ဒိုက်ထူရွာ၊ (၁၅) ရပ်ကွက်၊ ပုသိမ်မြို့ | ၁၆၃/ဒီ | ဒိုက်ထူ | ၁၄/ဂ | ၀.၁၄၀ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၅ | ဦးမောင်အုန်း | ဗိုလ်မင်းရောင်လမ်း (၈)ရပ်ကွက်၊ ပုသိမ်မြို့ | ၁၁၉/ခ | မဟာဗောဓိ အကွက် | ၅/၄ | ၁.၆၆၀ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၆ | ဦးချစ်ကိုကို | F-၁၄၆/စံပြရပ်ကွက် (၁)လမ်း၊ (၁၃)ရပ်ကွက် ပုသိမ်မြို့ | ၅၂ | ကင်းမလင်းကျွန်း (စံပြ) | F/၁၄၆ | ၀.၀၅၅ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၇ | ဦးဝင်းဗိုလ် | C/၁၁၉၊ ဥမ္မာဒန္တီ (၆)လမ်း၊(၁၄)ရပ်ကွက်၊ ပုသိမ်မြို့ | ၇၆ | ဥမ္မာဒန္တီ | C/၁၁၉ | ၀.၀၅၅ | မြေပေးမိန့် လျှောက်ထားခြင်း |
| ၈ | ဦးထွန်းဝင်း | ရုံးရပ်ကွက်၊ လမ်းသွယ်လမ်း | ၁၆၃/စီ | ရုံးရပ်ကွက် | D/၃၇ | ၀.၀၈၃ | မြေပေးမိန့် လျှောက်ထားခြင်း |

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

---

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ မြေကွက်/ဦးပိုင်အမှတ် ၄၂ᵃ၊ ဧရိယာ ၀.၁၁မ၀၅၅ ဧကရှိ ဒေါ်ရင်နု အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမောင်မောင်(ပါ)၂ ၉/ပမန(နိုင်)၀၀၇၃၆၁ (ဘ)ဦးညီမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေ ဦးပိုင်ခွဲစိတ် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### အမည်ပြောင်း

ကမမောင်း၊ အထက၊ သတ္တမတန်းမှ ဦးစောလှသွင်၏သား စောသားသားလေးအား စောသီဟလင်းဟု ပြောင်းလဲခေါ်ပါရန်။ **စောသီဟလင်း**

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ ဦးနေမျိုးအောင်-ဒေါ်မြတ်သုဝါဇော်တို့၏သား သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း ပထမတန်းတွင်ပညာသင်ကြားနေသော မောင်ရှင်းခန့်အောင်အား ယနေ့မှစ၍ မောင်ဝေသုခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝေသုခန့်**

### အမည်ပြောင်း

ဦးသန်းထိုက်၏သား အထက(၂)၊ အင်းစိန်မှ ဆဋ္ဌမတန်း(D)အောင်မှ မောင်လင်းလက်ဝေယံအား ယနေ့မှစ၍ မောင်မြတ်ဘုန်းဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်ဘုန်းဇော်**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ အထက(ခွဲ)ဝင်းကတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ တက္ကသိုလ်ဝင်တန်း၌ ပညာသင်ကြားမည့် မောင်မျိုးမင်းလတ် ကျောင်းဝင်အမှတ်(၉)၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေးဖြစ်ပါသည်။ **ဦးမောင်ထွေး ၁၀/ဘလန(နိုင်)၀၄၂၉၃၄**

### အမည်ပြောင်း

ဦးဖိုးစိုး၏သား မိတ္ထီလာမြို့ အထက(၁) အဋ္ဌမတန်း(D)အောင်မှ မောင်စိုးနိုင်ဝင်းအား ယနေ့မှစ၍ မောင်စိုးသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိုးသန့်**

### အမည်ပြောင်း

ဦးလွင်ကိုကိုအောင် ၁၂/မဘန(နိုင်)၀၉၃၄၅၄၏သမီး အမက(၁၆) ဒဂုံမြောက် စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မစန္ဒကူးခင်အား မထက်အိန္ဒြာလွင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မထက်အိန္ဒြာလွင်**

### အမည်ပြောင်း

ဦးခင်မောင်စန်း၏သား ဒဂုံအရှေ့ပိုင်းမြို့နယ် မေခကုမ္ပဏီမှဝန်ထမ်း မောင်ဇော်စိုးအောင် ၁၂/ဒဂတ(နိုင်)၀၁၉၂၂၄အား မောင်စိန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စိန်အောင်**

### အမည်ပြောင်း

ဦးနိုင်မိုး ၁၂/စခန(နိုင်)၀၂၄၈၃၅၏သမီး အထက(၃)လှိုင် Grade XA တွင် ပညာသင်ကြားခဲ့သော မဆောင်းသဇင်အား ယနေ့မှစ၍ မဇွန်မုန်းပြည့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၂၆၁၈၈ Kenbo 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင် ၁၃/ကခန(နိုင်)၀၀၉၀၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

အာဂျင်တီးနားတိုက်စစ်မှူး အဂူရို(၂၆နှစ်)က ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲသာလိုချိန်၌ သွင်းဂိုး ၂၅ ဂိုးဖြင့် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဦးဆောင်လျက်ရှိသည်။ သို့သော်လည်း မန်စီးတီးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ် (၃၆) ကစားပြီးချိန်၌ ရမှတ် ၇၃ မှတ်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေသည်။

တိုက်စစ်မှူး အဂူရိုက "ဘောလုံးအားကစားမှာ လက်တုံ့ပြန်မှုဆိုတာ အမြဲရှိပါတယ်။ ဒီရာသီမှာ ကျွန်တော်တို့ အမှတ်ဆုံးရှုံးမှု အများအပြားရှိခဲ့တယ်။ ဒါပေမယ့် လက်ရှိအချိန်မှာတော့ မန်စီးတီးဟာ အကောင်းဆုံးပုံစံကို ရရှိနေပါပြီ။ ဒါကြောင့်လည်း နောက်ဆုံးကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲ လေးပွဲဆက်တိုက်အနိုင်ရရှိခဲ့တယ်။

ရာသီလက်ကျန်နှစ်ပွဲမှာလည်း အကောင်းဆုံးပုံစံနဲ့ ကစားနိုင်ဖို့ ကြိုးစားသွားမှာပါ။ ရာသီကုန်ဆုံးချိန်မှာ အကောင်းဆုံးရပ်တည်မှုရရှိဖို့ ဆန္ဒရှိပါတယ်။ နောက်ပြီး လာမယ့်ဘောလုံးရာသီမှာလည်း ချန်ပီယံဆုတိုင်းကို စိန်ခေါ်နိုင်ဖို့လိုလားပါတယ်"ဟု ပြောသွားသည်။

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံး ကစားသမားဆု ရရှိနိုင်မည့် အလားအလာနှင့်ပတ်သက်၍ တိုက်စစ်မှူး အဂူရိုက "အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲက နှစ်ပွဲသာ ကျန်တော့တာမို့ ဂိုးသွင်းအများဆုံး ကစားသမားဆုကို ကျွန်တော်ရရှိလိမ့်မယ်လို့တော့ မျှော်လင့်မိပါတယ်။ ဒါပေမယ့် လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ်ပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရဖို့က ပိုအရေးကြီးပါတယ်။

ရာသီကုန်ဆုံးချိန်မှာ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာဖြစ်စေ၊ တတိယနေရာမှာဖြစ်စေ ရပ်တည်နိုင်မယ်ဆိုရင် ချန်ပီယံလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိမှာပါပဲ။ ဒါပေမယ့် ကျွန်တော်ကတော့ ဒုတိယနေရာ ရရှိချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ အမှတ်ပေးဇယားမှာ ကျွန်တော်တို့တတ်နိုင်သမျှ အမြင့်ဆုံးနေရာမှာ ရပ်တည်နိုင်ဖို့ လိုလားတာကြောင့် ဖြစ်ပါတယ်"ဟု ဆက်လက်ပြောဆိုသွားသည်။

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံးကစားသမားစာရင်း၌ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းဂိုး ၂၀ ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

■ အောင်က

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**

# နာဂမြေသာစခန်းကိုလ မြန်းခဲ့ပါ့ ဆွေသဟာတွေ

မြင့်စိုး(နတလ)



လဟယ်-ဒုံဟီးလမ်း(၆၀/၀)မိုင် ဖောက်လုပ်ထားမှုမြင်ကွင်း။

ဆရာနီမင်းဆွေ၊ ဆရာလင်းဇော်ခိုင်နှင့် ကျွန်တော်တို့ဦးစီးဦးဆောင်ပြု၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တိုင်းရင်းသားမဂ္ဂဇင်းကို ခြောက်အုပ်၊ ခုနစ်အုပ်ခန့် ထုတ်ဝေခဲ့ဖူးသည်။ ယင်းမဂ္ဂဇင်းတွင် တိုင်းရင်းသားများ၏ ချစ်စရာ့ထုံးဓလေ့များ၊ ရိုးရာယဉ်ကျေးမှုများကို အဓိကဖော်ညွှန်းသည့် တိုင်းရင်းသားမြင်ကွင်း အထူးဖော်ပြချက်ကဏ္ဍအား ထည့်သွင်းဖော်ပြခဲ့သည်။ အနည်းဆုံး တိုင်းရင်းသားလေးငါးမျိုးနှင့် ပတ်သက်သည့်အကြောင်းအရာများ ပါဝင်စမြဲဖြစ်သည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဝေခဲ့သော တိုင်းရင်းသားမဂ္ဂဇင်းတွင် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ဌာနမှူး ပါမောက္ခဒေါ်တင်ရီရေးသားသော နာဂတို့၏ သဘာဝအလှ၊ ဆရာမဒေါ်သန်းပုလဲ၏ဖွန်းတိုင်းရင်းသားတို့၏ လူမှုဘဝနှင့် ထုံးဓလေ့များ၊ ဒေါ်ညွန့်ညွန့်ဝင်း၏ တန်ကွန်နာဂရိုးရာထိမ်းမြားမင်္ဂလာ၊ ဒေါ်မိုးသီတာထွေး၏ ခမီးတိုင်းရင်းသားတို့၏ အပျိုလူပျိုဘဝနှင့် ထိမ်းမြားလက်ထပ်ခြင်းထုံးဓလေ့များ၊ ဆရာမောင်ထွန်းဦး (မိုးကုတ်)၏ မိုးကုတ်မြို့နယ်အတွင်းမှ လီဆူလူမျိုးတို့၏ ရှေးရိုးမင်္ဂလာဓလေ့ထုံးစံများ၊ ဒေါ်လွင်လွင်မွန်၏ စိတ်ဝင်စားဖွယ်ရာ စကောကရင်တိုင်းရင်းသားတို့၏ အရိုးတောင်ပို့ခြင်း ဓလေ့ဟူ၍ ဆောင်းပါးစာစုများကို ဖော်ပြပေးခဲ့သည်။ ထိုအထဲတွင်မှ နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ပတ်သက်၍ ဆရာကြီး လူထုဦးလှ၏ ၁၉၆၇ခုနှစ် ဇူလိုင်လထုတ် “နာဂတောင်တန်း တစေ့တစောင်း” စာအုပ်တွင် ရေးသားဖော်ပြချက်များအား အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြခဲ့ပါသည်။

“ကြေးမောင်းကို ခါးပတ်ရှေ့ကဖုံးထားတဲ့ ဂျပ်ခုတ်အဝတ်စကလေးနဲ့ အနီကြောင်းတစ်လုံးတည်းမှာ ကန့်လန့်ဖြတ်တုတ်ကလေးနဲ့ကပ်ပြီး အပ်နဲ့ချုပ်ထားတယ်။ တစ်လက်မလောက်ရှည်မယ်။ ရှစ်လက်မ၊ ကိုးလက်မလောက်အဝန်းရှိတဲ့ မောင်းကန်တော့ကို အဝိုင်းရဲ့တည့်တည့်အချွန်ကလေးက အပ်ပေါက်ကလေးထိပ်မှာ သိုးမွေးချည်အနီကလေးကို ပန်းပွားကလေးလိုလုပ်ပြီး မောင်းကလေး အလယ်တည့်တည့်မှာ ကြိုးကလေးနဲ့လျှိုပြီး ကွင်းလုပ်ထားတယ်။ အဲ့ဒီကွင်းကလေးနဲ့ အဝတ်မှာရှိတဲ့ ချိတ်ကလေးကို လာချိတ်တယ်။ ကပွဲတို့၊ ပျော်ပွဲရွှင်ပွဲတို့မှာ အဲ့ဒီအတိုင်းဝတ်ဆင်တယ်။ ဒီမောင်းကလေးဟာ မန္တလေးကလာတဲ့ မောင်းမျိုးမဟုတ်ဘူး။ အိန္ဒိယဘက်ကလာတာလို့ သိတယ်။ ပေါက်ဈေးကတစ်ခုကို ငွေကျပ် ၃၀၊ ၄၀ အထိရှိတယ်။ အမှန်တော့ ရှေ့ဖုံးအလှဆင်တာကလေးပါပဲ။

မန္တလေးမှာလုပ်တဲ့မောင်းကို ရှမ်းပြည်နယ်ဘက်ကဝယ်တယ်။ ကချင်ပြည်နယ်နဲ့ ချင်းပြည်နယ်ဘက်ကလည်း ဝယ်တယ်။ နာဂတောင်တန်းကလည်း အနှုတ်အသိမ်းများတာပဲ။ မောင်းဝယ်တဲ့နေရာမှာ နာဂလူမျိုးလောက် စေ့စပ်သူတော့ရှိမယ်မထင်ဘူး။ ဝယ်ချင်တဲ့မောင်းကိုတွေ့ရင် သေသေချာချာထွာကြည့် တိုင်းကြည့်တယ်။ ထုကြည့်ပြီး အသံကို နားထောင်ကြည့်တယ်. . .။ တစ်ခါထုပြီးတာနဲ့ ခပ်နီးနီးကနားထောင်တယ်။ မြည်သွားတာကလေးကို နားနဲ့ကပ်ကြည့်တယ်၊ တစ်ခါထုကြည့်ပြီး ခပ်ဝေးဝေးက နားနဲ့ကပ်နားထောင်ကြတယ်။ မောင်းသံကိုကြိုက်ပြီဆိုရင် မောင်းကိုမှောက်ကြည့်တယ်၊ လှန်ကြည့်တယ်၊ ဖာထားသလားဆိုပြီး မသက်ာတဲ့နေရာမှာ ဓားနဲ့ခြစ်ကြည့်တယ်။ စိတ်ချပြီထင်တော့ မောင်းကိုပက်လက်လှန်ပြီး ရေထည့်ကြည့်တယ်။ အထက်ကိုမြှောက်ပြီး ရေယိုမယိုကြည့်တယ်။ မယိုလို့စိတ်ကြိုက်တွေ့ပြီဆိုရင် ဈေးမေးတော့တာပဲ။ စောစောကလည်း ဒီမောင်းရောင်းမလား၊ ဈေးဘယ်လောက်လဲဆိုပြီး အကြမ်းသဘောမေးချင်မေးထားတယ်။ သူမျက်စိကျပြီး ဒီလိုသေသေချာချာစစ်ဆေးပြီးလို့ ဒီမောင်းကိုကြိုက်နေပြီဆိုရင် ဒီမောင်းနားက မခွာတော့ဘူး။ ဈေးကိုဆစ်တယ်။ ရောင်းတဲ့သူက မလျှော့နိုင်ဘူးဆိုရင် ပြောတဲ့တန်ဖိုးကို ပေးခဲ့တာပဲ” ဟူ၍ ပါရှိသည်။ ယနေ့ခေတ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်များတွင် ခေတ်မီဆန်းပြားလှပသည့် ဒီဇိုင်းအဆင်တန်ဆာများကို ဝတ်ဆင်နေပြီဖြစ်သကဲ့သို့ ရှေးအစဉ်အလာရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှုများကိုလည်း တွေ့မြင်ခဲ့ရသည်။

ရှေးယခင်က နာဂတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝသည် ခက်ခဲကြမ်းတမ်းခဲ့ကြသည်။ လွန်စွာမြင့်မားသော တောင်တန်းတောင်စွယ်တို့ ပြည့်နှက်နေသည့်ဒေသဖြစ်သည့်အပြင်၊ ရွာတည်၍ နေထိုင်ကြပုံမှာလည်း တောင်ထိပ်များတွင်သာ နေထိုင်ကြသဖြင့် ပထဝီအနေအထားအရ သဘာဝ၏ လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုအေးချမ်းသည့် ဒဏ်တို့ကို ပင်ပန်းဆင်းရဲကြီးစွာ ခံစားခဲ့ကြရသည်။ ရေမီးမပြည့်စုံ၊ စားဝတ်နေရေးအတွက် ခက်ခဲစွာရုန်းကန်ခဲ့ကြရသည်။ အခြေခံစီးပွားရေးဖြစ်သော တောင်ယာစိုက်ပျိုးရေးမှာလည်း မိုးရေကို အမှီသဟဲပြု၍ စိုက်ပျိုးရသဖြင့် မိုးခေါင်သည့်နှစ်ဆိုလျှင် ဒုက္ခများကြုံတွေ့ခဲ့ရသည်။ လုပ်ငန်းမတွင်ကျယ်သည့် ရှေးကျတောင်ယာလုပ်ကိရိယာများကို အသုံးပြုရခြင်း၊ နည်းပညာများ၊ မျိုးစပါးအခက်အခဲများ တွေ့ကြုံရခြင်းတို့ကြောင့် နေထွက်မှနေဝင် တောင်ယာလုပ်ကြသော်လည်း ဝမ်းစာဖူလုံမှုမရှိ ဖြစ်ခဲ့ရသည်။ စီးပွားရေးအခြေခံမကောင်းသဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးဘဝ အစစအရာအရာ ချို့တဲ့ခဲ့ကြသည်။

ထိုအခက်အခဲများကို ဖြေရှင်းရန်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် အဓိကလိုအပ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လမ်း/တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့လည်း ငွေအပ်လုပ်ငန်းစနစ်ဖြင့် အပ်နှံဆောင်ရွက်ခဲ့သည်။ ယနေ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အပ်နှံဆောင်ရွက်ခဲ့သောလမ်းများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ဖာပုတ်-မိုပိုင်းလွတ်လမ်း (၅/၀)မိုင်၊ လဟယ်-ဒုံဟီးလမ်း (၆၀/၀)မိုင်၊ နန်းယွန်း-ဒုံဟီးလမ်း (၄၁/၀)မိုင်၊ ပါရိုး- ထန်ပါခွေလမ်း (၂၄/၀) မိုင်တို့ဖြစ်ပြီး အားလုံးကျောက်ခင်းလမ်းအဆင့်ထိ ဆောင်ရွက်ပြီးဖြစ်သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ပါဆောင်-ပါရိုးလမ်း (၃၀/၀)မိုင်၊ လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်း (၃၉/၆)မိုင် တို့ကို ဖောက်လုပ်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နန်းယွန်း-ပန်ဆောင်လမ်း (၃၄/၀) မိုင်ကို ကျောက်ခင်းလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပြီး မကျန်-တိုက်ရံ-ပုံညိုလမ်း (၄၁/၀)မိုင်နှင့် လဟယ်မြို့နယ်လန်ထင်လမ်းခွဲမှ ယမ်းကြီးအထိ (၂၀/၀) မိုင်တို့ကို မြေလမ်းပြုပြင်ဖောက်လုပ်ပေးခဲ့သည်။ ဖာပုတ်- မိုပိုင်းလွတ်လမ်းနှင့် ပါရိုး-ထန်ပါခွေလမ်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ စနစ်တကျလွှဲပြောင်းပေးပြီးဖြစ်သည်။ ကျန်လမ်းများကိုလည်း လိုအပ်သည့်အပိုင်းများ ပြုပြင်ဆောင်ရွက်၍ ထပ်မံလွှဲပြောင်းပေးသွားမည် ဖြစ်သည်။

အထက်ပါ လမ်းများအပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မိုပိုင်းလွတ်-ကက်သာလမ်း( ၂၅/၀) မိုင်၊ မိုပိုင်းလွတ်-ဆွမ္မရာလမ်း (၆၈/၀) မိုင်တို့ကိုလည်း ဖောက်လုပ်ပေးခဲ့သည်။ သို့ဖြစ်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် လေရှီးမှ ပန်ဆပ်-ဆွမ္မရာ၊ ဆွမ္မရာမှ မိုပိုင်းလွတ်-ကက်သာ၊ ကက်သာမှ အောင်ဇေယျ-တမူး၊ တမူးမှ ကလေး-ကလေးဝ မြို့များသို့ ဆက်သွယ်နိုင်မည်ဖြစ်ရာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးသို့ ဝင်ရောက်သွားမည်ဖြစ်သည်။ တစ်ဖန် လေရှီးမှထမံသီ၊ ထမံသီမှ ခန္တီး၊ ခန္တီးမှ လဟယ်၊ လဟယ်မှ ဒုံဟီး-နန်းယွန်းမြို့များသို့ရောက်ရှိသွားမည်ဖြစ်ရာ နန်းယွန်းမှ တစ်ဆင့် ကချင်ပြည်နယ်အတွင်းသို့ ဝင်ရောက်သွားမည်ဖြစ်သည်။ တစ်နည်းဆိုရသော် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ရှည်လျားသည့် နယ်စပ်ပတ်လမ်းကြီးတစ်ခုကို တွေ့မြင်လာရမည်ဖြစ်သကဲ့သို့ အိန္ဒိယနယ်စပ်ကို ဦးတည်ဖောက်လုပ်ပေးထားသောလမ်းများကိုအမှီပြု၍လည်း နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းဖြင့် နာဂသွေးချင်းတို့၏ လူမှုစီးပွားဘဝကို ပိုမိုမြင့်မားတိုးတက်လာစေမည်ဖြစ်သည်။

“ဟိုတုန်းကတော့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကာလရောက်မှသာ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များအတွင်းက နာဂတိုင်းရင်းသားတွေအချင်းချင်း တွေ့ဆုံခွင့်ရခဲ့ကြတာ၊ ကျန်တဲ့အချိန်မှာ အသွားအလာမရှိသလောက်ပါပဲ၊ အခုတော့ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာပြီဖြစ်တဲ့အတွက် တစ်နေရာနဲ့တစ်နေရာ၊ တစ်မြို့နဲ့တစ်မြို့ အချိန်မရွေး၊ ရာသီမရွေးသွားလာနေကြပါပြီ၊ အဲဒီလိုသွားလာနိုင်အောင် လမ်းတွေဖောက်ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်တယ်၊ အလားတူ နာဂဒေသကလူငယ်တွေ ဘွဲ့ရပညာတတ်များဖြစ်အောင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တွေမှာ တက်ရောက်ခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်”ဟု နာဂတိုင်းရင်းသားမိတ်ဆွေများက မကြာခဏပြောခဲ့ကြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသလိုနေရာမျိုး၊ ချင်းပြည်နယ်လိုနေရာမျိုး၊ ကချင်ပြည်နယ်လိုနေရာဒေသမျိုးတွေမှာ လမ်းဖောက်၊ တံတားဆောက်လုပ်ငန်းများသည် ထင်သလောက်မလွယ်ကူ၊ ရာသီဥတုကကိုယ်ဘက်မှာမရှိ၊ မိုးမပြတ်ရွာသည်။ ကချင်ပြည်နယ်နယ်စပ်များ၌ ရေခဲတောင်ပြိုကျမှုနှင့်လည်းကြုံရသည်။ သို့ဖြစ်၍ တံတားဆောက်ရန် ဘေလီသံပေါင်မှအစ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်သယ်ယူရန် မလွယ်ကူတော့ပေ၊ ထို့အတူ စက်ယန္တရားများ ဝင်ရောက်ရန်လည်း အခက်အခဲများကြုံတွေ့ကြရသည်။ လမ်းများဖောက်လုပ်ရာတွင် ကျောက်တောင်များနှင့်တွေ့၍ မိုင်းခွဲတန်ခွဲရသည်။ မြစ်ချောင်းများကိုကြိမ်ဖန်များစွာ ဖြတ်ကျော်ရသဖြင့် တံတားများ၊ ရေပြွန်များ အများကြီးတည်ဆောက်ပေးရသည်။ နန်းယွန်း-ဒုံဟီးလမ်း (၄၁/၀) မိုင်အတွင်း၌ပင် (၄×၂၄) ပေ ရေထုတ်ပြွန် ၁၁၂ ခု၊ ပေ ၃၀၀ နှစ်လွှာတစ်ထပ် ဘေလီတံတားတစ်စင်း၊ ပေ ၂၀၀ နှစ်လွှာတစ်ထပ်ဘေလီတံတားတစ်စင်း၊ ပေ ၁၅၀ နှစ်လွှာတစ်ထပ်ဘေလီတံတား နှစ်စင်း၊ ပေ ၁၀၀ နှစ်လွှာတစ်ထပ်ဘေလီတံတားတစ်စင်း၊ ပေ ၅၀ တစ်စင်း၊ ပေ ၃၀ နှစ်စင်း၊ ပေ၂၀ BOX CULVERT တစ်စင်း တည်ဆောက်ခဲ့ရသည်။ လဟယ်-ဒုံဟီးလမ်း (၆၀/၀)မိုင်တွင်လည်း ထိုကဲ့သို့ပင် တံတား၊ ရေပြွန်နှင့် BOX CULVERT များစွာတည်ဆောက်ခဲ့ကြရသည်။

ယနေ့အချိန်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ရှေးယခင်ကာလများလောက် သွားလာရေးမခက်တော့ပါ။ သွားလမ်းသာ၍ လာလမ်းသင့်နေပြီဖြစ်သည်။ နာဂဒေသတွင် လှပသောတောတောင်ရေမြေသဘာဝများ တည်ရှိနေသကဲ့သို့ မကြာမီအချိန်၌ စာရာမေရိရေခဲတောင်အလှကိုလည်း ခံစားကြည့်ရှုခွင့်ရကြမည်ဖြစ်သည်။ ထို့ပြင် တဝ၊ နာဂတိုင်းရင်းသားသွေးချင်းများ၏ ချစ်စရာ့ထုံးဓလေ့များကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပေရာ နိုင်ငံခြားသား ခရီးသွားများသာမက ပြည်တွင်းမှ တိုင်းရင်းသားမိတ်ဆွေများပါ နာဂမြေသို့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြပါရန် ရင်းနှီးခင်မင်စွာ ဖိတ်ခေါ်လိုက်ရပါကြောင်း။

မြန်မာ့အလင်း
လူမှုစီးပွားကဏ္ဍ
၁၅-၅-၂၀၁၅ (သောကြာနေ့)

**မကွေးတိုင်းဒေသကြီး**

# ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်အကျိုး ဒေသတစ်ခုလုံး ဘက်စုံဖွံ့ဖြိုး

**မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်ဒေသနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးနေသလို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။**



ထိုသို့ စိုက်ပျိုးရေရရှိရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးရာတွင် အပူပိုင်းမိုးနည်းရေရှားဒေသတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါးသာမက နွေစပါးနှင့် အခြားသီးနှံများကိုပါ စိုက်ပျိုးနိုင်ရေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ နိုင်ငံတော်မှ ရေစကြိုမြို့နယ် ဝါယာ- သာစည်ဒေသတွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးသဖြင့် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံများ စိုက်ပျိုးကြခြင်းဖြင့် ဝင်ငွေများတိုးတက်ရရှိပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာသလို ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းလေ့လာသိရှိရသည်။

"ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် မရှိခင် ယခင်ကာလများက မိုးတွင်းမှာ သဲချောင်းကျမှ စပါးစိုက်ရပါတယ်၊ ဒါလည်း နှစ်စဉ်မစိုက်ပျိုးနိုင်ခဲ့ပါဘူး။ နွေဆိုရင် ဘာသီးနှံမှ မစိုက်ရဘူး၊ ဆောင်းမှာတော့ ကုလားပဲစိုက်၊ နွားစာပြောင်းကြဲဒါပဲလုပ်လို့ရတယ်။ နိုင်ငံတော်က ၂၀၀၅ ခုနှစ်မှာ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို တည်ဆောက်ပေးခဲ့လို့ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံတွေ စတင်စိုက်ပျိုးနိုင်ခဲ့ကာ ကျွန်တော်တို့ ကျောက်ခတ်ကျွန်းထက်စောပြီး အကျိုးခံစားခွင့်တွေရရှိခဲ့ကြပါတယ်။ ကျွန်တော်တို့ ကျောက်ခတ်ကျွန်းကွင်းက ၂၀၁၂ ခုနှစ်မှ စိုက်ပျိုးရေစပြီးရခဲ့ပါတယ်။ ကျွန်တော်တို့ ဒေသခံတောင်သူတွေမှာလည်း မျှော်လင့်တုန်းမောင်ဘုန်းလာဆိုသလို ရေငတ်တုန်း ရေတွင်းကျကိန်းဆိုက်ခဲ့လို့ အခုဆိုရင် မိုးစပါးတစ်သီးအပြီး ကုလားပဲစိုက်ပါတယ်။ ကုလားပဲဖော်ပြီးတော့ နွေစပါးစိုက်ပါတယ်။ ရေပေးမြောင်းမရှိခင်တုန်းက တစ်နှစ်မှ တစ်သီးတောင် ဘုရားတပြီး စိုက်ခဲ့ရတယ်။ အခုတော့ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ခဲ့လို့ အကျိုးတရားတွေ တိုးပွားနေပါပြီ၊ အခုလို တစ်နှစ်ပြီး တစ်နှစ် ပိုပြီးအကျိုးရှိလာတာကတော့ ပုလဲသွယ်အထူးအထွက်တိုးစပါးကြောင့်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်ကစိုက်ခဲ့တဲ့ ဒေသစပါးမျိုးက တစ်ဧကမှ တင်းလေးငါးခြောက်ဆယ်ပဲ ထွက်တာ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဖြူးပေးတဲ့ ပုလဲသွယ်အထူးအထွက်တိုး စပါးမျိုးကို သိပ္ပံနည်းကျစိုက်ပျိုးလိုက်တော့ တစ်ဧကတင်း ၁၈၀/၂၀၀ ထွက်တယ်ဗျာ။ တချို့ဆိုရင် ၂၀၀ တောင်ကျော်သေးတယ်။

ပုလဲသွယ်စပါးကို စပြီးစိုက်တုန်းကဆိုရင် ပေါင်စနစ်နဲ့ ပျိုးထောင်ရတာ လက်ဝင်တယ်။ အချိန်ကုန်တယ်၊ လုပ်အားတွေပိုသုံးခဲ့ရတယ်လို့ထင်ခဲ့တယ်၊ ပြီးတော့ ပျိုးသက် ၁၈ ရက်၊ ရက် ၂၀ သား အရွယ်မှာ စိုက်ရတယ်။ စိုက်ပြန်တော့ လက်ဆတစ်ပင်၊ နှစ်ပင် ကြိုးတန်းဆွဲပြီး ၁၀ တန်း၊ တစ်တန်းလှပ်စနစ်နဲ့ စိုက်ရတော့ တစ်ဧကစပါးတင်း ၂၀၀/၂၀၀ ကျော် ထွက်တယ်ဆိုတာ ဟုတ်မှ ဟုတ်ပမလားလို့ သံသယဝင်ခဲ့မိတာ။ ကိုယ်တိုင်တကယ်လုပ်ကြည့်တော့မှ တကယ်ဟုတ်ပါလားဆိုတာ သိခဲ့ရတယ်။

အခုဆို စပါးအထွက်ကလည်း ကောင်း၊ တစ်နှစ် သုံးသီးလည်းစိုက်၊ ဈေးကောင်းလည်းရဆိုတော့ မိသားစု ဝမ်းစာဖူလုံတဲ့အပြင် ပိုလျှံတာကို ရောင်းဆိုတော့ ဝင်ငွေလည်း တိုးတက်ရရှိလာခဲ့ပါတယ်။ အလှူအတန်းတွေလည်း ပိုပြီး လုပ်နိုင်လာတယ်။ မိသားစုစားဝတ်နေရေးလည်း သိသိသာသာ တိုးတက်လာပါတယ်။

ဒီနှစ်ထဲမှာ ငွေပိုငွေလျှံလည်းရှိခိုက် သမဝါယမဝန်ကြီးဌာနက အရစ်ကျ ဆပ်စနစ်နဲ့ ရောင်းချပေးတဲ့ သိန်း ၂၄၀ ကျော်တန် DAEDONA ထွန်စက်ကြီး တစ်စီးတောင် ဝယ်ထားပြီးပါပြီ။ အခုလို ကျေးလက်ဒေသက ကျွန်တော်တို့တွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်လာရခြင်းအကြောင်းရင်းကတော့ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်အကျိုးနဲ့အတူ အထွက်တိုးတဲ့ မျိုးကောင်း မျိုးသန့် ပုလဲသွယ်စပါးမျိုးကို ရွေးချယ်၊ သိပ္ပံနည်းကျ စိုက်ပျိုးခဲ့လို့ပါ"ဟု ကျောက်ခတ်ကျွန်းကျေးရွာမှ တောင်သူဦးညွန့်ဝေက ပြောပြသည်။

ဒေသအကျိုး ဘက်စုံဖွံ့ဖြိုးနေသည့် ဝါယာ- သာစည်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

"ယခုဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ပြီးစီးခဲ့ပါတယ်။ စီမံကိန်းဆိုင်ရာ အချက်အလက်တွေကတော့ ရေအရင်းအမြစ်က ချင်းတွင်းမြစ်ဖြစ်ပါတယ်။ ရေတင်အဆင့်(၁)ဆင့်၊ ရေတင်အမြင့် ၅၅ ပေ၊ရေပေးဝေပမာဏဧကေ ပေ ၁၈၀၀၀ ဖြစ်ပါတယ်။ အကျိုးပြုသီးနှံပုံစံက စပါးဧကေ ၁၀၀၀နှင့် အခြားသီးနှံ ဧကေ ၂၀၀၀ ဖြစ်ပါတယ်။ ရေပေးမြောင်းမကြီးအရှည်က ပေ ၆၅၀၀၊ ၁ ဒသမ ၂၃ မိုင်ဖြစ်ပြီး မြောင်းအကျယ်က (၆×၆)ပေ၊ အုတ်စီမြောင်းက ပေ ၅၀၁၀ ဖြစ်ပါတယ်။ လက်တံ ၂မြောင်း အရွယ်အစားက (၅×၄)ပေ(၄×၄)ပေ(၃×၃)ပေ အရှည်က ပေ ၅၄၀၀၀၊ အုတ်စီအရှည်က ပေ ၈၄၇၀ ဖြစ်ပါတယ်။ လက်တံခွဲမြောင်း အရှည်က ပေ ၁၆၀၁၀၀၊ အသုံးပြုရေစုပ်စက်က ၃၀ Cusecs လေးလုံး၊ 2Cusecs တစ်လုံး မော်တာက 250 KW လေးလုံး၊ 15 KW တစ်လုံး တပ်ဆင်ထားပါတယ်"ဟု စီမံကိန်းဆိုင်ရာ အချက်အလက်များကို ပခုက္ကူခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောပြသည်။

ဝါယာ-သာစည်ဒေသတွင် ၂၀၀၇-၂၀၀၈ ခုနှစ်မှ စ၍ မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံများကို စိုက်ပျိုးအောင်မြင်ခဲ့ပြီး ယာမှ လယ်ပြောင်းစနစ်ဖြင့် တစ်နှစ်ပြီးတစ်နှစ် စိုက်ဧကများတိုးချဲ့စိုက်ပျိုးလာနိုင်ကြောင်းလည်း လေ့လာသိရှိရသည်။

၂၀၀၇-၂၀၀၈ ခုနှစ်စီမံကိန်းပြီးတဲ့နှစ်မှာပဲ မိုးစပါးဧကေ ၁၀၅၀၊ နွေစပါးဧကေ ၁၀၀ နဲ့ ဆောင်းသီးနှံ ဧကေ ၁၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျှပ်စစ်မြစ်ရေတင်တွေရဲ့ အားသာချက်ဖြစ်ပါတယ်။ ဆည်တမံဆိုတာက တည်ဆောက်ပြီးသော်လည်း ဆည်အတွင်း ရေဝင်ရောက်မှု၊ ပြီးတော့ သိုလှောင်ထားတဲ့ ရေပမာဏနဲ့ စိုက်ဧကေ ညှိရတယ်၊ ရေတင်ကတော့ ရေပေးမြောင်းရှိမယ်၊ စိုက်ပျိုးမြေရှိမယ်ဆိုရင် အချိန်မရွေးရေပေးလို့ရတာပေါ့၊ ၂၀၀၈-၂၀၀၉ မှာ မိုးစပါး ဧကေ ၂၂၀၀၊ နွေစပါး ဧကေ ၁၅၀၊ ဆောင်းသီးနှံ ဧကေ ၁၅၀၊ ၂၀၀၉-၂၀၁၀ မှာ မိုးစပါး ၂၃၇၁ ဧကေ နွေစပါး ဧကေ ၂၅၀၊ ဆောင်းသီးနှံ ဧကေ ၁၅၀၊ ၂၀၁၀-၂၀၁၁ မှာ မိုးစပါး ၂၃၇၁ ဧကေ ၊ နွေစပါး ၁၅၀ ဧကေ၊ ဆောင်းသီးနှံ ဧကေ ၆၀၀၊ ၂၀၁၁-၂၀၁၂ မှာ မိုးစပါး ၂၃၇၅ ဧကေ၊ နွေစပါး ဧကေ ၁၅၀၊ ဆောင်းသီးနှံ ဧကေ ၁၅၀၊ ၂၀၁၂-၂၀၁၃ မှာ မိုးစပါး ၂၃၈၆ ဧကေ၊ နွေစပါး ဧကေ ၁၅၀၊ ဆောင်းသီးနှံ ဧကေ ၃၅၀၊ ၂၀၁၃-၂၀၁၄ မှာ မိုးစပါး ၂၅၃၆ ဧကေ၊ နွေစပါး ဧကေ ၃၀၀၊ ဆောင်းသီးနှံ ဧကေ ၇၅၀၊ ၂၀၁၄-၂၀၁၅ မှာ မိုးစပါး ၂၅၇၁ ဧကေ၊ နွေစပါး ဧကေ ၃၃၀၊ ဆောင်းသီးနှံ ဧကေ ၇၅၀ စသည်ဖြင့် အဆင့်ဆင့်တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဆောင်းသီးနှံကတော့ ကုလားပဲ၊ နှမ်းနဲ့ ပဲတီစိမ်းတို့ဖြစ်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဆက်လက်ပြောကြားသည်။

ယခုအခါ ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သည့်အတွက် ဝါယာကျေးရွာအုပ်စုမှ ဝါယာ-အောင်ပန်း၊ ကျွန်းဘိုပင်၊ လက်ပံပင်၊ ကံစွယ်ကျေးရွာများ၊ သာစည်ကျေးရွာအုပ်စုမှ နွားပင်၊ ရွာမ၊ ယာတဲစု၊ ကျောက်ခတ်ကြီး၊ ကျောက်ခတ်ကျွန်း စသည့်ကျေးရွာများ၊ မဟူအယ်ကျေးရွာအုပ်စုမှ မအူတောင်ရွာ၊ ကျောက်ဖူး၊ ခုနစ်ပင် စသည့်ကျေးရွာများ၊ ဇီးတောကျေးရွာအုပ်စုမှ ဇီးတော၊ ဆည်ရွာကျေးရွာများ၊ မြေဖြူ-မုံညင်းအုပ်စုမှ ဖူလုံ၊ မုံညင်းကျေးရွာများစသည်ဖြင့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာမှ ဒေသခံတောင်သူ မိသားစုများသည် တစ်နှစ်သုံးသီးစိုက်ပျိုးဝင်ငွေတိုးလျက် တဲအိမ်က ပျဉ်ထောင်အိမ်၊ ပျဉ်ထောင်အိမ်က တိုက်အိမ်၊ တီဗွီတိုင်တွေတစ်ထောင်ထောင်၊ စလောင်းတွေမှိုလိုပွင့်၊ လယ်ထဲယာထဲ ဆိုင်ကယ်သံတဝီဝီ၊ လယ်ထွန်စက်များ၊ ထော်လာဂျီများ၊ လိုက်ထရပ်များ၊ အချို့ဆိုလျှင် နောက်ဆုံးပေါ် ဇိမ်ခံကားများနှင့် လျှပ်စစ်မီးများကလည်း ရွာတိုင်းလင်း၊ လူနေမှုအဆင့်များလည်း မြင့်သထက်မြင့်စသည့် ပြောင်းလဲတိုက်းတက်မှုများဖြင့် ဖွံ့ဖြိုးလျက်ရှိသည်ကို မုဒိတာပွားဖွယ် တွေ့မြင်နေရသည်။

ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်အကျိုးကြောင့် ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစစတိုးတက်၊ လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးလာ စေရုံသာမက၊ ဒေသ၏ သဘာဝပတ်ဝန်းကျင်လည်း စိမ်းစိမ်းစိုစိုဖြင့် သာယာမှုတလှပနေသည်။ ထို့အပြင် ဒေသခံများ၏ သောက်သုံးရေဖူလုံမှုကိုလည်း အကျိုးပြု၊ မြေအောက်ရေ ကြွယ်ဝမှုကြောင့် ရေမျက်နှာပြင်များ မြင့်တက်လာခြင်းနှင့်အတူ မြေအောက်ရေ၏ သဘာဝကိုလည်း ပြောင်းလဲစေသည်။ (ဥပမာ - ထုံးဓာတ်များသောရေ၊ အင်ဓာတ်များသောရေ၊ အခါးဓာတ်ရှိသောရေကို ပြောင်းလဲစေပါသည်) ယင်းအပြင် ချင်းတွင်းမြစ်အတွင်းမှ ရေကို တိုက်ရိုက်စုပ်တင်ဖြန့်ဖြူးပေးသည့်အတွက် ရေနှင့်အတူ ပါဝင်လာသော နုန်းအနည်အနှစ်များက စိုက်ပျိုးမြေအတွက် မြေဆီဩဇာကြွယ်ဝမှုကို များစွာအထောက်အကူပြုနေသဖြင့် စိုက်ပျိုးသမျှသီးနှံများကို အကျိုးပြုနေပြန်သည်။

လျှပ်စစ်မြစ်ရေတင်အကျိုးကြောင့် ရေမျက်နှာပြင်များမြင့်တက်လာသဖြင့် ရေပေးမြောင်းအဖျားပိုင်းနှင့်အတူ မြောင်းနှင့် ဝေးသော စိုက်ပျိုးမြေများတွင် တွင်းတိမ်ရေတွင်းများတူးကာ ရေပေးမြောင်းမှ ရေကို စောင့်စရာမလိုဘဲ တိုးချဲ့စိုက်ပျိုးနိုင်သည့်အကျိုးကိုလည်းရရှိစေနိုင်သည်။

ထို့ကြောင့် နိုင်ငံတော်မှ စိုက်ပျိုးမြေအတွက် စိုက်ပျိုးရေရရှိအောင် ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင်ကို တည်ဆောက်ပေးခဲ့သည့်အတွက် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများလည်း တစ်နေ့တခြား ဖွံ့ထွားမြင့်မားလာသလို သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုလျက်ရှိနေပါကြောင်း လေ့လာစေ့ငုမှတ်တမ်းပြုရေးသားအပ်ပါသည်။

**ဖေထွက်ဇော်(ရေစကြို)**

**လျှပ်စစ်မြစ်ရေတင်အကျိုးကြောင့် ရေမျက်နှာပြင်များ မြင့်တက်လာသဖြင့် ရေပေးမြောင်းအဖျားပိုင်းနှင့်အတူ မြောင်းနှင့်ဝေးသော စိုက်ပျိုးမြေများတွင် တွင်းတိမ်ရေတွင်းများတူးကာ ရေပေးမြောင်းမှ ရေကိုစောင့်စရာမလိုဘဲ တိုးချဲ့စိုက်ပျိုးနိုင်သည့်အကျိုးကိုလည်းရရှိစေနိုင်။**

ရခိုင်ပြည်နယ်

# ကိုရီးယားနိုင်ငံ လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ



ကိုရီးယားနိုင်ငံထုတ် (Daedong) ကုမ္ပဏီလုပ် လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၁ ရက် ညနေ ၄ နာရီက ကျောက်တော်မြို့နယ် ကာဒီကျေးရွာ၌ ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်၊ ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်နှင့် သမဝါယမဝန်ထမ်းများ၊ သမဝါယမအသင်းသူအသင်းသားများ၊ တောင်သူဦးကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်က အမှာစကားပြောကြားပြီး ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက လယ်ယာသုံးစက်ကိရိယာများ ရောင်းချခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်ပစ္စည်းများ ဝယ်ယူသည့် အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လယ်ယာသုံးစက်ပစ္စည်းများကို မောင်းနှင်သရုပ်ပြသရာ ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး

# ငါ့သရောက်မြို့နယ် ဆင်သားမွေးကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အဝီစိစက်ရေတွင်းတူးဖော်

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဆင်သားမွေးကျေးရွာသည် အိမ်ခြေ ၄၀၀ နီးပါးခန့်၊ လူဦးရေပေါင်း ၁၈၅၀ ခန့်မှီတင်းနေထိုင်လျက်ရှိကြောင်း သိရပြီး၊ မြန်မာ နိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သည့်အတွက် နှစ်စဉ်ရေရှားပါးမှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ကျေးရွာမှ တာဝန်ရှိရေကော်မတီဝင်များကဦးဆောင်၍လေးလက်မအဝီစိစက်ရေတွင်းကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ ဆင်သားမွေးကျေးရွာနေဒေသခံ ပြည်သူများသောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဆင်သားမွေးကျေးရွာမှ ဦးတိုးဆောင်-ဒေါ်အုန်းဝေမိသားစုက စက်ရေတွင်းတူးရန် မြေလှူဒါန်းခဲ့ကြောင်းနှင့် မြင်းခြံမြို့နေ (မြိုင်မဟာရွှေဆိုင်ပိုင်ရှင်)ဒေါက်တာ သန်းဝင်း-ဒေါ်ခင်ဝင်းမြင့်မိသားစုတို့က မတည်ငွေကျပ် သိန်း ၈၀ ထည့်ဝင်လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့တွင် စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်ကြသူများအဖွဲ့က စုပေါင်း၍ အလှူငွေကျပ် သိန်း ၅၀၊ စဉ့်ကူမြို့နယ် မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် ဦးဥတ္တမနှင့် ရန်ကုန်မြို့ ဓမ္မလင်္ကာရကျောင်းတိုက် ဆရာတော် ဦးပညာဝံသတို့က လည်းအလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့၍ စုစုပေါင်းမတည်လှူဒါန်းငွေကျပ်သိန်း ၁၄၀ နီးပါးခန့်မတည်နိုင်ခဲ့ပြီး လေးလက်မအဝီစိစက်ရေတွင်း တူးဖော်ခဲ့ခြင်းဖြစ်သည်။

ဆင်သားမွေးကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနက်တစ်ပေလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ရေရရှိရေးအတွက် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မေ ၉ ရက်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ပေအနက် ၅၀၀ နီးပါးခန့် တူးဖော်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိစေရန် ပေပေါင်း ၆၅၀ ခန့် တူးဖော်သွားမည်ဖြစ်ကြောင်း အဆိုပါကျေးရွာမှ အုပ်ချုပ်ရေးမှူး၊ ဦးသန်းမြင့်သိန်းကပြောပြသည်။

ငါ့သရောက်မြို့နယ် ဆင်သားမွေးကျေးရွာနေဒေသခံပြည်သူများအနေဖြင့် မိမိတို့ကျေးရွာအတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်ဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်းတူးဖော်မှုလုပ်ငန်းများတွင် လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြကြောင်း ကျေးရွာမှ ရေကော်မတီဝင်တစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်**



ရန်ကုန်တိုင်းဒေသကြီး

# အများပိုင်ဘတ်စ်ကားများ အောက်တိုဘာလမတိုင်မီ ပြေးဆွဲမည်



ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် ယာဉ်လိုင်းများကို တွေ့ရစဉ်။

ရန်ကုန်မြို့ အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူယုံကြည်အားထားရသည့် ဘတ်စ်ကားစနစ်ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီထူထောင်သွားရန် စီစဉ်လျက်ရှိရာ အဆိုပါအများပိုင်ဘတ်စ်ကားများကို အောက်တိုဘာလမတိုင်မီ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အများပိုင်ဘတ်စ်ကားတည်ထောင်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီအများပိုင် ဘတ်စ်ကားကုမ္ပဏီကို နိုင်ငံတော်က ကျပ် ၁၀ ဘီလီယံနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တို့က ကျပ် ၁၅ ဘီလီယံထည့်ဝင်မှုနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပထမအဆင့်အနေဖြင့် ပြည်လမ်းနဲ့ကမ္ဘာအေးဘုရားလမ်းတွေမှာ အမြန်ဘတ်စ်ကားစနစ် (အပေါ့စား) BRT (Life) ကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ အောက်တိုဘာလမတိုင်မီ ပြေးဆွဲနိုင်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

အများပိုင်ဘတ်စ်ကားများကို ipay ဘတ်စ်ကားများဖြင့်သာ စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ များမကြာမီက ကုန်းလမ်းပို့ဆောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်သည့် SRT(1)ယာဉ်လိုင်းသည် ယာဉ်နောက်လိုက်မပါဘဲ ipay ကတ်ဖြင့်သာ စီးနင်းနိုင်သည့် အဆင့်မြင့်ယာဉ်လိုင်းအဖြစ် ရပ်တည်လျက်ရှိသည်။ ခရီးသည်ဦးရေကို ၅၀ ဝန်းကျင်အထိသာ တင်ဆောင်ခြင်း၊ အဲကွန်း အဆက်မပြတ်ဖွင့်ပေးထားခြင်း၊ ယာဉ်စီးခကို အပိုင်းတစ်ပိုင်းလျှင်ကျပ် ၅၀ သာ ipay ကတ်ဖြင့် ပေးဆောင်နိုင်ခြင်း၊ ယာဉ်များကို ရပ်တင်ချစနစ်ဖြင့် မောင်းနှင်ခြင်းတို့ဖြင့် အကောင်းဆုံးဝန်ဆောင်မှုပေးသော ယာဉ်လိုင်းအဖြစ် ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်အများပိုင်ဘတ်စ်ကားများအနေဖြင့်လည်း အလားတူ ကုန်ကျစရိတ်သက်သာပြီး ဝန်ဆောင်မှုကောင်းသော ယာဉ်လိုင်းအဖြစ် အမြန်ဆုံးပေါ်ပေါက်လာစေရန် ခရီးသွားပြည်သူများက မျှော်လင့်လျက်ရှိသည်။ လက်ရှိ ရန်ကုန်မြို့ပေါ်တွင် လူဦးရေ ခုနစ်သန်းကျော်နေထိုင်လျက်ရှိရာ ပြည်သူနှစ်သန်းခွဲခန့်မှာ ခရီးသွားနေကြောင်း သက်ဆိုင်ရာသတင်းအချက်အလက်များအရ သိရသည်။ ရန်ကုန်မြို့ပေါ်တွင် ခရီးသည်ယာဉ်လိုင်းပေါင်း ၃၆၀ ကျော်ရှိပြီး ယာဉ်စီးရေအားဖြင့် ၆၈၀၀ ကျော်ရှိသည်။ လွန်ခဲ့သောသုံးနှစ်က စစ်ကျန်ဘတ်စ်ကားများနေရာတွင် စီးတီးဘတ်စ်ကားများဖြင့် အစားထိုးနိုင်ခဲ့သော်လည်း ဝန်ဆောင်မှုကောင်းသော ယာဉ်လိုင်းများအဖြစ်သို့ ရောက်ရှိရန် ရုန်းကန်ကြိုးစားနေကြရဆဲဖြစ်သည်။

**သတင်း-ကြဲတိုင်းအောင်**
**ဓာတ်ပုံ-သက္က**

# မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းပြောင်းရွှေ့ကျေးရွာများအား စနစ်တကျပြောင်းရွှေ့နေရာချထားပေးခဲ့ပြီဖြစ်

**မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ ရေဝပ်ဧရိယာအတွင်းကျရောက်နေသည့် ပနန်း၊ စင်ပုံ၊ စပယ်နှင့် ယင်းမာကျေးရွာများအား နေရာသစ်သို့ ပြောင်းရွှေ့နေရာချထားရေးလုပ်ငန်းများကို ဧပြီ ၂၉ ရက်မှစတင်၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မေ ၉ ရက်တွင် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ အောင်မြင်ပြီးစီးခဲ့ပြီဖြစ်သည်။**

မကွေးတိုင်းဒေသကြီး


မြစ်သာစံပြမြို့သစ်

ပနန်း၊ စင်ပုံ၊ စပယ်နှင့်ယင်းမာကျေးရွာများအား ပြောင်းရွှေ့နေရာချထားပေးသောနေရာသစ်မှာ မူလကျေးရွာဟောင်းများနှင့် အလှမ်းမကွာဝေးလှသော မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏အောက်ဘက်အနီးရှိ မြစ်သာစံပြမြို့သစ်ဖြစ်သည်။ မြစ်သာစံပြမြို့သစ်တွင် ပနန်း၊ စင်ပုံ၊ စပယ်နှင့်ယင်းမာအမည်ရှိ စံပြမြို့ကွက်သစ်လေးခုကို ဖော်ထုတ်တည်ဆောက်ပေးထားပြီး နေအိမ်တစ်လုံးလျှင် ကျပ်သိန်း ၂၀၀ ဝန်းကျင်တန်ဖိုးရှိ နေအိမ်စုစုပေါင်း ၃၇၅လုံးတည်ဆောက်ပေးထားသည်။ ကွက်သစ်တစ်ခုချင်းအလိုက် နေအိမ်ဦးရေမှာ ပနန်းကွက်သစ်တွင် ၁၃၅ လုံး၊ စပယ်ကွက်သစ်တွင် အိမ်ရာ ၇၇ လုံး၊ ယင်းမာကွက်သစ်တွင် အိမ်ရာ ၆၇ လုံးနှင့် စင်ပုံကွက်သစ်တွင် အိမ်ရာ ၉၆ လုံး အသီးသီးရှိကြသည်။ ယင်းကွက်သစ်တစ်ခုစီတွင် ကျပ်သိန်း ၂၀၀၀ စီ အသီးသီးတန်ဖိုးရှိသည့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းစီအပြင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မူလတန်းကျောင်း အဆောက်အအုံတစ်ခုစီကိုလည်း တည်ဆောက်ပေးထားသည်။ ယင်းကွက်သစ်များတွင် သောက်သုံးရေဖြန့်ဖြူးရာ၌ တစ်နာရီလျှင် ပျမ်းမျှ ၁၅၀၀၀ ဂါလန်ထွက်ရှိသည့် လေးလက်မစက်ရေတွင်းခုနစ်တွင်းမှ ရေသန့်များကို ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်ငါးလုံးမှ တစ်ဆင့် အိမ်ရာများရှိ အုတ်ရေကန်များသို့ ရေပိုက်လိုင်းများဖြင့် အရောက်ပေးပို့ခြင်းဖြစ်သည်။ ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးရန်အတွက်လည်း ရေဂါလန်ခုနစ်သန်းခန့်စီ သိုလှောင်ထားနိုင်သည့် လျှိုပိတ်တမံနှစ်ခုကိုလည်း တူးဖော်ပေးထားသည်။ လုပ်ကိုင်စားသောက်ရန်အတွက် စိုက်ပျိုးမြေ ၁၅၈၁ ဧကကိုလည်း ဖော်ထုတ်ပေးထားသည်။ ယင်းကွက်သစ်များတွင် မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ဂန့်ဂေါ-မြစ်သာ မဟာဓာတ်အားလိုင်းကို တည်ဆောက်လျက်ရှိပြီး လတ်တလောတွင် ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိသည်။ အခွန်လွတ်ဈေးများလည်း တည်ဆောက်ပေးထားသည်။

ယင်းကျေးရွာများအား မူလနေရာဟောင်းမှ နေရာသစ်သို့ပြောင်းရွှေ့နေရာချထားခြင်းမပြုသေးမီ ရှေးဦးစွာ လယ်ယာမြေလျော်ကြေး၊ နှစ်ရှည်သီးနှံပင်နစ်နာကြေး၊ ဆန်စက်၊ ဆီစက်ပြောင်းရွှေ့စရိတ်နှင့် ရိက္ခာဆန်များ လက်ရောက်ပေးအပ်ထောက်ပံ့ပေးခဲ့သည်။ ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှသာ ပြောင်းရွှေ့နေရာ ချထားပေးခြင်းဖြစ်သည်။ လယ်ယာမြေအတွက် လျော်ကြေးငွေပေးအပ်မှုတန်ဖိုးမှာ လယ်မြေတစ်ဧကလျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် ၇၅၈ ဒသမ ၇၃ ဧကအတွက် ငွေကျပ် ၂၂၇၆၁ ဒသမ ၉သိန်း၊ ယာမြေတစ်ဧကလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၈၂၃ ဒသမ ၃၁ ဧကအတွက် ငွေကျပ် ၂၀၅၈၂ ဒသမ ၇၅ သိန်းကို ပေးအပ်ခဲ့သည်။ ထန်း၊ မန်ကျည်း၊ သရက်၊ ပိန္နဲ၊ အုန်း၊ ရှောက်၊ သံပရာ၊ ဇီး၊ မာလကာ၊ သနပ်ခါး၊ လဲ၊ ဩဇာ၊ ပေသီး၊ ကွမ်း၊ ငှက်ပျောပင်အစရှိသည့် နှစ်ရှည်ပင် ၁၄၆၁၀ အတွက် ကျပ်သိန်းပေါင်း ၇၇၅ ဒသမ ၇၃ သိန်းကို နစ်နာကြေးပေးအပ်ခဲ့သည်။ ဆန်စက်၊ ဆီစက်ပြောင်းရွှေ့စရိတ် စုစုပေါင်းမှာ ငွေကျပ် ၄၃ သိန်းဖြစ်သည်။ လူဦးရေ ၁၉၉၃ ဦးအတွက် နှစ်နှစ်စာ ဆန်ရိက္ခာအခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး လောလောဆယ်တွင် ၂၀၁၅ ခုနှစ်အတွင်း ပထမသုံးလစာအတွက် ငွေကျပ် ၅၂၆ ဒသမ ဝ၇၈၁၂ သိန်းတန်ဖိုးရှိ ဆန်တင်းပေါင်း ၃၉၄၉ တင်းကို ထောက်ပံ့ပေးခဲ့သည်။

နေအိမ်များ ပြောင်းရွှေ့ရာတွင်လည်း ပြောင်းရွှေ့သူများ အဆင်ပြေလွယ်ကူချောမွေ့စေရန် ယာဉ်၊ ယန္တရား ၂၀၀ ခန့်နှင့် လူအင်အား ၆၀၀ ခန့်အသုံးပြု၍ လျင်မြန်စွာသယ်ယူပို့ဆောင် ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ ပြောင်းရွှေ့ကျေးရွာများအား လိုလေသေးမရှိ ထောက်ပံ့ပြောင်းရွှေ့ နေရာချထားပေးခဲ့ခြင်းအတွက် ရွှေ့ပြောင်းကျေးရွာများနေ ရွာသူရွာသားများကသာမက တစ်နယ်လုံးရှိလူများက သက်ဆိုင်ရာပုဂ္ဂိုလ်များအပေါ် ကျေးဇူးတင်စကားများတဖွဖွပြောကြားကြသည်ကို ကြားသိရပြီး ပျော်တပြုံးပြုံးဖြစ်နေကြသည်။

"ထောက်ပံ့ကြေး၊ လျော်ကြေး စုစုပေါင်း ကျွန်တော့်အနေနဲ့ ၂၀၉ သိန်းကျော်ရပါတယ်။ အိမ်ကလည်း အိမ်ကောင်းပါ။ ပြီးတော့ ရေအသင့်၊ လျှပ်စစ်မီးအသင့်နဲ့ နေရတာပါ။ ကားတစ်စီးဝယ်စီးမယ်။ ကျန်ငွေကို လောလောဆယ်ဘဏ်မှာအပ်နှံထားပါမယ်။ လုပ်ငန်းတစ်ခုတည်ထောင်ပြီး အရင်းအနှီးလုပ်ရမယ်။ လျော်ကြေး၊ နစ်နာကြေး၊ ပြောင်းရွှေ့စရိတ်စုစုပေါင်း ကျပ်သိန်း ၅၀၀ ကျော်အထိရတဲ့သူတွေလည်းရှိတယ်။ အိပ်မက်လား အောက်မေ့မိတယ်။ ကျေးဇူးတင်လွန်းလို့ ဘယ်လိုပြောရမှန်းမသိတော့ပါဘူး"ဟု စင်ပုံကွက်သစ်နေ အသက် ၇၀ အရွယ် ပညာရေးဝန်ထမ်းဟောင်း ဦးတင်မောင်က ပြောကြားခဲ့သည်။

**(ဝဲပုံ)**


ကြီးမြင့်နိုင်(လှိုင်ကော်)

ဒီနှစ်ဒီရာသီမှာ ဘာစီလိုနာနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိလေမလဲ။ သူတို့ရဲ့ ပြီးပြည့်စုံမှုအကြောင်းလား။ သူတို့ရဲ့ ဘယ်ပြိုင်ဘက်ကိုမဆို အလဲထိုးအနိုင်ယူနိုင်တဲ့ခြေရည်၊ ခြေသွေးလား။ ပြောမယ်ဆိုရင်တော့ ဒီနှစ်ရာသီမှာ ဘာစီလိုနာအကြောင်းပြောမယ်ဆိုရင် အကြောင်းခြင်းရာ အတော်များများရှိသော်ငြား အဓိကကျတဲ့အရာတစ်ခုထုတ်ပြပါဆိုရင်တော့ သူတို့ရဲ့ တိုက်စစ်အကြောင်းကလွဲလို့ အခြားမရှိဘူး။

# ဘာစီလိုနာရဲ့ ရေသောက်မြစ်

◆ ဝေမိုးဆက် ◆



အပြန်အလှန်တုံ့ပြန်ဖန်တီးပေးမှုများ

| ဂိုးသွင်းယူသူ | ဖန်တီးပေးသူ | အကြိမ် |
|---|---|---|
| ဆွာရက်ဇ် | မက်ဆီ | ၅ |
| မက်ဆီ | ဆွာရက်ဇ် | ၇ |
| | နေမာ | ၄ |
| နေမာ | မက်ဆီ | ၈ |
| | ဆွာရက်ဇ် | ၄ |

မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့၏ ပြိုင်ပွဲအရပ်ရပ်စွမ်းဆောင်ရည်

| အမည် | လာလီဂါပြိုင်ပွဲ | | ချန်ပီယံလိဂ် | | စပိန်ဘုရင့်ဖလား | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|
| | သွင်းဂိုး | ဖန်တီးမှု | သွင်းဂိုး | ဖန်တီးမှု | သွင်းဂိုး | ဖန်တီးမှု | သွင်းဂိုး | ဖန်တီးမှု |
| မက်ဆီ | ၄၀ | ၁၉ | ၁၀ | ၅ | ၃ | ၄ | ၅၃ | ၂၈ |
| နေမာ | ၂၂ | ၇ | ၇ | ၀ | ၆ | ၀ | ၃၅ | ၇ |
| ဆွာရက်ဇ် | ၁၆ | ၁၃ | ၆ | ၁ | ၂ | ၃ | ၂၄ | ၁၇ |

ဘာစီလိုနာဟာ ဒီနှစ်ဘောလုံးရာသီနဲ့ နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ ဆွာရက်ဇ်ကိုခေါ်တယ်။ အဲဒီမှာ သူတို့နဲ့ပတ်သက်ပြီး အမြင်တချို့ထွက်တယ်။ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့သုံးတွဲကစားလို့ရမရ။ အဓိကကတော့ သုံးဦးစလုံးရဲ့ ဂိုးရလိုစိတ်ပြင်းထန်မှုနဲ့ မိမိကိုယ်မိမိယုံကြည်စိတ်လွန်ကဲသူတွေဖြစ်နေတာနဲ့အလျောက် ဒီသုံးဦးကြားမှာ တွဲဖက်ညီပြီး ဟန်ချက်မိတဲ့ ထိုးဖောက်မှုကို တွေ့ရပါမလား။ တစ်ကိုယ်ကောင်းဆန်ဆန်ထိုးဖောက်ဂိုးသွင်းမှုတွေကို တွေ့ရ၊ မြင်ရမလားဆိုပြီး သံသယတချို့ လျှံထွက်ခဲ့ဖူးသော်ငြား အခုအဲဒီသုံးဦးပေါင်း ထိုးစစ်ဟာ ဘာစီလိုနာရဲ့အသက်၊ ဘာစီလိုနာရဲ့ သွေးကြောဖြစ်လာတဲ့အခါ သူတို့အကြောင်း မပြောလို့မဖြစ်တော့ဘူး။

စပိန်လာလီဂါပွဲစဉ် ၃၅ မှာ ဘာစီလိုနာက ကော်ဒိုဘာကို ရှစ်ဂိုးပြတ်နဲ့နိုင်တယ်။ အဲဒီပွဲမတိုင်ခင်အထိ မက်ဆီဟာ လာလီဂါပြိုင်ပွဲအတွင်း ဟက်ထရစ်သွင်းယူနိုင်မှုမှာ အဓိကပြိုင်ဘက်ရော်နယ်ဒိုနဲ့ အကြိမ်အရေအတွက်တူတယ်။ ဒီနှစ်လာလီဂါသွင်းဂိုးမှာလည်း အဲဒီရော်နယ်ဒိုထက်တစ်ဂိုးသာလျော့တယ်။ ပြောချင်တာက တကယ်လို့များ အဲဒီပွဲမှာ မက်ဆီဟက်ထရစ်ရခဲ့ရင် လာလီဂါဟက်ထရစ်သွင်းယူနိုင်မှုအကြိမ်မှာ ရော်နယ်ဒိုထက်အသာရနိုင်သလို ဒီနှစ်လာလီဂါသွင်းဂိုးနှုန်းမှာလည်း ရော်နယ်ဒိုထက် ပိုများသွားနိုင်ပေမယ့် အဲဒီပွဲမှာ မက်ဆီဟာ ဟက်ထရစ်ရနိုင်တဲ့ အခွင့်အရေးရပါလျက် မယူခဲ့ဘူးဆိုတော့။ ဒီသုံးဦးအကြောင်း ပြောမှုကိုဖြစ်တော့မယ့် သဘောဆောင်သွားတယ်။

အဲဒီပွဲမှာ မက်ဆီဟာ မိနစ် ၈၀ မှာ အသင်းအတွက် ဆဋ္ဌမဂိုးနဲ့ သူ့အတွက် ဒုတိယမြောက်ဂိုးသွင်းတယ်။ အဲဒါပြီးတာနဲ့ ငါးမိနစ်အကြာမှာတင် ပယ်နယ်တီ ကန်ခွင့်ရတယ်။ တကယ်ဆိုရင် ဘာစီလိုနာမှာ ပယ်နယ်တီကို မက်ဆီကသာ ကန်နေကျ။ အဲဒီပယ်နယ်တီကန်လို့ ဂိုးဝင်ခဲ့ရင်လည်း ဟက်ထရစ်ရမယ်။ ဒါပေမယ့် အဲဒါကို မက်ဆီကမကန်ဘူး။ အဲဒီအချိန်မှာ သူနဲ့ ဆွာရက်ဇ်က နှစ်ဂိုးစီသွင်းပြီးနေချိန်ဖြစ်ပြီး နေမာက ဂိုးမရသေးတဲ့အခါ အဲဒီပယ်နယ်တီကို နေမာကိုပေးကန်ပြီး သူ့ရဲ့အခွင့်အရေးတွေကို မျက်ကွယ်ပြုကာ နေမာကို ဂိုးရစေခဲ့တယ်ဆိုတော့ ဒီသုံးဦးကြားက ညီညွတ်မျှတမှု ကစားဖော် ကစားဖက်ပီသမှုကို အားလုံးလက်ဖျားခါကုန်ကြတယ်။

အဲဒီပွဲအပြီးမှာ ရီးရဲက ဆီဗီလာနဲ့ကစားတော့ အဲဒီပွဲမှာ ရော်နယ်ဒိုက ဟက်ထရစ်ရတယ်။ ဒီတော့ ဟက်ထရစ်ရယူနိုင်မှုမှာ ရော်နယ်ဒိုကတောင် သာသွားသလို ဒီနှစ်လာလီဂါဂိုးသွင်းနှုန်းမှာလည်း ရော်နယ်ဒိုက တစ်ဂိုးအသာကနေ နှစ်ဂိုးအသာတောင်ရသွားပေမယ့် မက်ဆီကတော့ ခပ်အေးအေးပဲ။ ရော်နယ်ဒိုက ဂိုးမသွင်းနိုင်လို့ ဒေါသထွက်ပြချိန်မျိုးမှာ သူက သူ့အခွင့်အရေးတွေကိုတောင် မျက်ကွယ်ပြုပြီး ကစားဖော်တွေနဲ့ အသင်းအတွက်ပဲလုပ်ပြ၊ ကစားပြသွားတယ်။ ဘိုင်ယန်ကို သုံးဂိုးပြတ်နဲ့နိုင်တဲ့ ချန်ပီယံလိဂ်ပွဲမှာဆိုရင်လည်း နေမာသွင်းတဲ့နောက်ဆုံးဂိုးကို မက်ဆီကပဲ ဖန်တီးပေးခဲ့တာ။ အဲဒီမှာလည်း ဆွာရက်ဇ်ဆီက ကျွံထွက်လာတဲ့ဘောလုံးကို သူလက်ခံရလိုက်ချိန်မှာ သူ့ရဲ့ ပြေးအား၊ သူ့ရဲ့ပင်ကိုအရည်အသွေးအရ ဆွဲပြေးထိုးဖောက်ခဲ့ရင် ဂိုးရနိုင်သော်ငြား တစ်ကိုယ်ကောင်းမဆန်ဘဲ နေမာကိုပေးလို့ နေမာဂိုးရသွားတာဖြစ်တယ်။

တကယ်တော့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့သုံးဦးကြား ထိန်းမရတဲ့ ထိုးစစ်ဇုန်တစ်ခု ဖြစ်တည်ခြင်းနောက်ကွယ်မှာ အဲဒီတစ်ကိုယ်ကောင်းမဆန်တဲ့ စိတ်က အဓိကပဲလို့ အားလုံးက ယူဆလက်ခံကြတယ်။ လာလီဂါမှာ ဒီသုံးဦးရဲ့ အပြန်အလှန် အကျိုးပြုနိုင်မှုကိုပဲကြည့် မက်ဆီသွင်းခဲ့တဲ့ ဂိုးတွေထဲမှာ ဆွာရက်ဇ်ရဲ့ ဖန်တီးပေးမှုကြောင့်ရတဲ့ဂိုး ခုနစ်ဂိုးရှိသလို နေမာရဲ့ ဖန်တီးပေးမှုကြောင့်ရတဲ့ ဂိုးလေးဂိုးအထိရှိတယ်။ ဆွာရက်ဇ်သွင်းခဲ့တဲ့ဂိုးတွေမှာလည်း မက်ဆီက ငါးကြိမ်ဖန်တီးပေးခဲ့ပြီး နေမာသွင်းခဲ့တဲ့ဂိုးတွေအထဲမှာ မက်ဆီရဲ့ ဖန်တီးပေးမှုကနေရတာ ရှစ်ဂိုးနဲ့ ဆွာရက်ဇ်ရဲ့ ဖန်တီးပေးမှုကနေရတာ လေးဂိုးဆိုတော့ သူတို့ရဲ့ အပြန်အလှန်နားလည်မှုနဲ့ တစ်ကိုယ်ကောင်း မဆန်မှုတွေက မြင်သာလွန်းတယ်ဆိုတော့ ဒီလိုတိုက်စစ်အတွဲမျိုးကို ဘယ်မှာရှာဖွေမလဲ။

အခုပြိုင်ပွဲ အရပ်ရပ်မှာ ဘာစီလိုနာဟာ စုစုပေါင်း ၁၆၄ ဂိုးရတယ်။ အဲဒီအထဲမှာ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့ သုံးဦးပေါင်းသွင်းယူတဲ့ဂိုးက ၁၁၂ ဂိုးအထိရှိတယ်။ ပြီးတော့ သူတို့တစ်တွေရဲ့ စုစုပေါင်း ဂိုးဖန်တီးပေးမှုက ၅၁ ကြိမ်။ အဲဒီအထဲမှာ သုံးဦးပေါင်းအပြန်အလှန် ဖန်တီးပေးမှုက ၂၈ ကြိမ်ဆိုတော့ ကျန်တဲ့ ၂၃ကြိမ်ဟာ အခြားကစားဖော်တွေ ဂိုးရအောင်ဖန်တီးပေးခဲ့တာလို့ ဆိုရမယ်။ ဒီတော့ ဘာစီလိုနာရဲ့ ဂိုး ၁၆၄ ဂိုးထဲမှာ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့သုံးဦးကြောင့် ရတဲ့ဂိုးက ၁၃၅ ဂိုးအထိရှိတယ်လို့တောင် ဆိုနိုင်တယ်ဆိုတော့ အဲဒါဟာ ဘာစီလိုနာရဲ့ ခေတ်သစ်ရဲ့ သုံးဖော်လေလား။

ဘာစီလိုနာဟာ ဥရောပဘောလုံးလောကကို အဲဒီလိုမျိုး သုံးဦးပေါင်းအားနဲ့ အရင်ကလည်း လွှမ်းမိုးခဲ့ဖူးတယ်။ တစ်ချိန်က မိုက်ကယ်လော့ဒရပ်၊ စတွိုက်ကော့၊ ရော်နယ်ကိုးလ်မန်းတို့အားနဲ့ ဥရောပချန်ပီယံဖြစ်ဖူးတယ်။ နောက် ဒေကို၊ ရော်နယ်ဒင်ညို၊ အီတိုး။ ပြီးတော့ မက်ဆီ၊ ဇာဗီ၊ အင်နီယေစတာ၊ ဒီတော့ ဒီတစ်ကြိမ် မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ကရော ဘာစီလိုနာ။ ခေတ်တစ်ခေတ်ပြန်ဖြစ်ဖို့ရဲ့ သုံးဖော်အသစ်လေလား။ ဘယ်လိုပဲဖြစ်ဖြစ် လတ်တလောမှာတော့ ကမ္ဘာ့ဘောလုံးလောကအတွင်း မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်ဆိုတဲ့ ဘာစီလိုနာ တိုက်စစ်အစုအဖွဲ့ထက် တစ်ဦးချင်းရော နားလည်ညီညွတ်မှုမှာပါ ပြည့်စုံကောင်းမွန်တဲ့ တိုက်စစ်အတွဲအဖက်မျိုး မရှိသေးဘူးလို့ ဆိုနိုင်သလို အဲဒီ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်ဟာ ဘာစီလိုနာအောင်မြင်မှုတိုင်းရဲ့ ရေသောက်မြစ်လို့ပဲ ပြောချင်တယ်။



## ဗန်ဟားလ်နှင့် အလွန်ကောင်းမွန်သည့် ဆက်ဆံရေးရှိကြောင်း သောမတ်မူလာ ဖွင့်ဟ

**ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး သောမတ်မူလာက သူသည် မန်ယူအသင်းမန်နေဂျာ လူးဝစ်ဗန်ဟားလ်အတွက် ပြန်လည်ကစားပေးဖြစ်ဖွယ်ရှိကြောင်း အရိပ်အမြွက်ထုတ်ဖော်ပြောဆိုလိုက်သည်။ ဟော်လန်လူမျိုး လူးဝစ်ဗန်ဟားလ်သည် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့စဉ်က ဂျာမနီတိုက်စစ်မှူး သောမတ်မူလာအား ဘိုင်ယန်မြူးနစ်အသင်း ပထမအသင်းတွင် အဓိကအသုံးပြုခဲ့သည်။**

**ပြီးခဲ့သည့် နွေရာသီအတွင်း မန်ယူအသင်းမန်နေဂျာအဖြစ် ဗန်ဟားလ်အား ခန့်အပ်ခဲ့ပြီးနောက် မန်ယူအသင်းသည် တိုက်စစ်မှူး သောမတ်မူလာ (၂၅ နှစ်)အား ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း သောမတ်မူလာက မန်ယူ၏ ကမ်းလှမ်းမှုကိုပယ်ချကာ ဘိုင်ယန်မြူးနစ်နှင့် ၂၀၁၇ ခုနှစ် နွေရာသီအထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူဖြစ်သည်။ တိုက်စစ်မှူး သောမတ်မူလာသည် ပြီးခဲ့သည့် မေလ ၇ ရက်တွင် ဘိုင်ယန်မြူးနစ်က ဘာစီလိုနာအသင်းအား အဝေးကွင်း၌ ၃-၀ ဖြင့် အရေးနိမ့်ခဲ့သော ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွင် ပွဲချိန် ၇၉ မိနစ်၌ လူစားလဲခံခဲ့ရခြင်းအပေါ် မကျေမနပ်ဖြစ်ခဲ့ကာ နည်းပြ ဂွာဒီယိုလာနှင့် သောမတ်မူလာတို့အကြား ဆက်ဆံရေးမပြေလည်မှုများရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။**

**တိုက်စစ်မှူး သောမတ်မူလာက မီဒီယာတစ်ခုနှင့်ပြုလုပ်ခဲ့သော အင်တာဗျူးအစီအစဉ်၌ "ကျွန်တော်နဲ့ လူးဝစ်ဗန်ဟားလ်ရဲ့ ဆက်ဆံရေးက ကစားသမားတစ်ဦးနဲ့ နည်းပြတစ်ဦးရဲ့ ဆက်ဆံရေးထက် သာလွန်မှုရှိပါတယ်။ ဒီအချက်က လျှို့ဝှက်ချက်မဟုတ်ပါဘူး။ ဒါပေမယ့် လက်ရှိအချိန်မှာ ကျွန်တော်က ဘိုင်ယန်မြူးနစ်နဲ့ ၂၀၁၇ ခုနှစ်အထိ စာချုပ်သက်တမ်းရှိနေပါတယ်"ဟု ပြောဆိုခဲ့သည်။**

**တိုက်စစ်မှူး သောမတ်မူလာသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် စုစုပေါင်း ၃၀၁ ပွဲ ပါဝင်ကစားထားကာ ဂိုးပေါင်း ၁၂၀ သွင်းယူထားသူဖြစ်သည်။**

မြန်မာ့အလင်း
၁၅-၅-၂၀၁၅ (သောကြာနေ့)

တစ်ရာသီလုံး ရင်ခုန်လှိုက်မောဖွယ်ရာ ရသတွေပေးစွမ်းနိုင်တဲ့ ပရီမီယာလိဂ်ပြိုင်ပွဲကြီးဟာ မကြာခင် ပြီးဆုံးတော့မယ်ဖြစ်ပါတယ်။ တစ်ရာသီလုံးနီးပါး အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာရှိနေခဲ့တဲ့ ချယ်လ်ဆီးအသင်းကလည်း ပရီမီယာလိဂ်ချန်ပီယံဆုကို ရရှိသွားခဲ့ပြီ။ ကျန်တဲ့ ထိပ်ဆုံးလေးသင်းနေရာတွေအတွက်ကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကျူပီအာ၊ ဘန်လေအသင်းတို့ဟာ တန်းဆင်းရဖို့ဟာလည်း သေချာသွားပြီဖြစ်တယ်။ အဲဒီလိုပဲ လိဂ်ချန်ပီယံရှစ်အသင်းတွေဖြစ်တဲ့ ဘုန်းမောက်နဲ့ ဝက်ဖို့ဒ်အသင်းတို့ကလည်း ပရီမီယာလိဂ်ကို တန်းတက်ရောက်ရှိဖို့အတွက် သေချာသွားပြီဖြစ်ပြီး နောက်ဆုံးတစ်သင်းကတော့ **play-off** ဆက်လက်ကစားနေတုန်းဖြစ်ပါတယ်။

# စည်းလုံးမှု၊ ကြိုးစားမှုနဲ့အတူ ထိပ်ဆုံးသို့ ထိုးဖောက်လာခဲ့သည့် ဘုန်းမောက်



လက်ရှိပရီမီယာလိဂ်ကို တန်းတက်ရောက်ရှိလာတော့မယ့် အသင်းထဲမှာ စိတ်ဝင်စားဖို့ အကောင်းဆုံးအသင်းကတော့ ဘုန်းမောက်အသင်းလို့ ဆိုရမှာပါ။ တကယ်တော့ ဘုန်းမောက်အသင်းဟာ အင်္ဂလန်တောင်ပိုင်းကမ်းခြေမှာရှိတဲ့ အပန်းဖြေမြို့ဖြစ်တဲ့ ဘုန်းမောက်မြို့အခြေစိုက် အသင်းလေးဖြစ်ပါတယ်။ အသင်းရဲ့ နာမည်ပြောင်ဟာ ချယ်ရီဖြစ်တာကြောင့် ပရီမီယာလိဂ်အသင်းတွေထဲမှာတော့ အသီး နာမည်ရှိတဲ့ ပထမဦးဆုံးအသင်းလို့လည်း ဆိုနိုင်ပါတယ်။

ဘုန်းမောက်အသင်းဟာ ယခုနှစ်မှာတော့ အသင်းရဲ့စည်းလုံးမှုကြောင့် လာမယ့်ရာသီမှာတော့ ဥရောပရဲ့ ထိပ်တန်းလိဂ်ဖြစ်တဲ့ ပရီမီယာလိဂ်မှာ ပါဝင်ကစားခွင့်ရမယ့်အဆင့် ၂၀ထဲမှာပါဝင်လာမယ့် အသင်းတစ်သင်းအဖြစ်ကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ တကယ်တော့ဘုန်းမောက်အသင်းအနေနဲ့ ဒီအဆင့်ကို တက်လှမ်းနိုင်ဖို့ဟာ လွယ်ကူတဲ့ အခြေအနေမျိုးတွေကနေ ရောက်ရှိလာတာတော့ မဟုတ်ပါဘူး။

ဘုန်းမောက်အသင်းရဲ့ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်ကာလကို ကြည့်မယ်ဆိုရင် အဆိုးရွားဆုံး အခြေအနေတွေရှိနေတာကို တွေ့ရမှာပါ။ ဘဏ္ဍာငွေ အကျပ်အတည်းတွေနဲ့အတူ အောက်ဆုံးအဆင့်မှာ ရပ်တည်နိုင်ဖို့ကိုတောင် အနိုင်နိုင် ကြိုးစားခဲ့ရတဲ့အသင်းလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီအချိန်တုန်းက အင်္ဂလန်ကလပ်အသင်းအဖွဲ့ဝင် ၉၂ သင်းကို အဆင့်လိုက်စီလိုက်တဲ့အခါ အဆင့် ၉၁ နေရာမှာ ရှိနေခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဘုန်းမောက်အသင်းဟာအသင်းရဲ့ ကစားသမားဟောင်းဖြစ်တဲ့ အဲဒစ်ဟိုဝီရဲ့ လက်အောက်မှာတော့ အကောင်းဆုံး ပြန်လည်ဦးမော့လာနိုင်ခဲ့ပါတယ်။

ဟိုဝီဟာ ဘုန်းမောက်အသင်းအသင်းမှာ ၂၀၀၇ ခုနှစ်အထိ ကစားနေခဲ့တဲ့သူဖြစ်ပြီး အသက် ၂၉ နှစ်အရွယ်မှာ ဒဏ်ရာပြဿနာတွေကြောင့် ကစားသမားဘဝကို စွန့်လွှတ်ပြီး မန်နေဂျာလောကကို ဝင်ရောက်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဟိုဝီက ကနဦးအစက ဘုန်းမောက်အသင်း မန်နေဂျာ ဂျင်မီကွင်းရဲ့ လက်အောက်မှာ လူငယ်ကစားသမားနည်းပြအဖြစ် လုပ်ကိုင်နေခြင်းဖြစ်ပေမယ့် အသင်းရဲ့ မန်နေဂျာ ဂျင်မီကွင်းကို ထုတ်ပယ်ခဲ့ပြီးနောက်ပိုင်း ၂၀၀၈ ခုနှစ် ဒီဇင်ဘာမှ အသင်းရဲ့ ယာယီ မန်နေဂျာအဖြစ် စတင်လုပ်ကိုင်ခဲ့သူလည်းဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဟိုဝီဟာ အသင်းရဲ့ အမြဲတမ်း မန်နေဂျာအဖြစ် ခန့်အပ်ခံခဲ့ရပြီး အသင်းကိုတော့ ပွဲ ၁၀၀ ပြည့်အထိ ကိုင်တွယ်ခဲ့ပါတယ်။

ဒါပေမယ့် ဟိုဝီဟာ ၂၀၁၁ ခုနှစ်မှာတော့ ဘန်လေအသင်းကို ပြောင်းရွှေ့ပြီး နည်းပြအဖြစ် တစ်ရာသီခန့် ကိုင်တွယ်ခဲ့ပါသေးတယ်။ ရာသီကုန်မှာ ဟိုဝီဟာ ဘန်လေအသင်းကို လိဂ်ချန်ပီယံရှစ်မှာ အဆင့် ၁၃ ဝင်ရောက်နိုင်ဖို့ စွမ်းဆောင်ပေးခဲ့ပြီး ရာသီကုန်မှာတော့ သူ့ရဲ့ ကိုယ်ပိုင်အကြောင်း တရားတွေကြောင့် အသင်းကနေ ထွက်ခွာခဲ့ပါတော့တယ်။ အဲဒီနောက်ပိုင်းမှာ သူဟာ အသင်းဟောင်း ဘုန်းမောက်အသင်းကို ပြန်ရောက်ရှိလာခဲ့ပြီးအသင်းကို ရလဒ်ကောင်းတွေ ရရှိအောင် စွမ်းဆောင်ခဲ့ပြီး လိဂ်ဝမ်းကနေ ချန်ပီယံနဲ့ လိဂ်ချန်ပီယံရှစ်အထိ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်အသင်းရဲ့ အောက်ခြေကနေ အထက်ကို တက်ရောက်နိုင်ခဲ့ခြင်းဟာ မန်နေဂျာ ဟိုဝီရဲ့ အခန်းကဏ္ဍဟာ အဓိက ကျတယ်ဆိုတာကတော့ ဘယ်လိုမှ ငြင်းပယ်လို့ရမှာ မဟုတ်ပါဘူး။

ဒါပေမယ့် တစ်ချိန်ကဘဏ္ဍာရေး ပြဿနာတွေနဲ့ ရုန်းကန်နေရတဲ့ ဘုန်းမောက်လို့အသင်းမျိုး အခုလို ရပ်တည်နိုင်တာဟာ အသင်းရဲ့ ပိုင်ရှင်သစ် ရုရှားသူဌေး မာရှင်ဒီမင်ကလည်း ပံ့ပိုးကူညီမှုတွေကြောင့်လို့လည်း ပြောရမှာပါ။ ဒါကြောင့်လည်း ပိုင်ရှင်မာရှင်ဒီမင်က အသင်းအနေနဲ့ အခုလို ပရီမီယာလိဂ်ကို တန်းတက်ဖို့အတွက် ကြိုးစားရာမှာ သူ့အနေနဲ့ အကြွေးပေါင် ၂၁ဒသမ ၅သန်းအထိ ရှိခဲ့တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် လာမယ့်ရာသီမှာ ဘုန်းမောက်အသင်းဟာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိသွားခဲ့တဲ့အတွက် အနည်းဆုံး ပေါင်သန်း ၁၃၀ အကျိုးအမြတ်ရရှိတော့မှာဖြစ်ပါတယ်။

ဘုန်းမောက်အသင်းလို့ အောက်ဆုံးအဆင့်ကနေ ထိပ်တန်းအဆင့်အထိ တက်ရောက်လာနိုင်ခဲ့တာကတော့ အသင်းရဲ့ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှု၊ မန်နေဂျာရဲ့ နည်းစနစ်ပိုင်း ကောင်းမွန်မှုတွေနဲ့ အသင်းပိုင်ရှင်ရဲ့ ကူညီအားပေးမှုတွေကြောင့်လို့ ဆိုရမှာလည်းဖြစ်ပါတယ်။ ဒီ့အပြင်အခုလို အောင်မြင်မှုရရှိလာခဲ့တာဟာ ဘုန်းမောက်အသင်းဟာ 'စည်းလုံးညီညာ အောင်ကြောင်းဖြာ'ဆိုတဲ့ အသင်းရဲ့ ဆောင်ပုဒ်အတိုင်း ကျင့်သုံးခဲ့လို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ရာသီမှာ ပရီမီယာလိဂ်မှာ တွေ့မြင်ရတော့မယ့် ဘုန်းမောက်အသင်းရဲ့ ရှေ့ရေးကို လှမ်းမျှော်တွေးရင်း. . . . . ။

ပိုင်ရှင်မာရှင်ဒီမင်က အသင်းအနေနဲ့ အခုလို ပရီမီယာလိဂ်ကို တန်းတက်ဖို့အတွက် ကြိုးစားရမှာ၊ သူ့အနေနဲ့ အကြွေးပေါင် ၂၁ဒသမ ၅သန်းအထိ ရှိခဲ့တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် လာမယ့်ရာသီမှာ ဘုန်းမောက်အသင်းဟာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိသွားခဲ့တဲ့အတွက် အနည်းဆုံး ပေါင်သန်း ၁၃၀ အကျိုးအမြတ်ရရှိတော့မှာဖြစ်ပါတယ်။

အောင်က

# မန်ယူတွင် ရော်နယ်ဒိုကဲ့သို့ အောင်မြင်ရန် ဒီပေး ရည်မှန်းထား



လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလအတွင်း မန်ယူအသင်းသို့ ပြောင်းရွှေ့လာရန် စီစဉ်ထားသူ ဟော်လန်ကလပ် အိုင့်ဟိုဗင်အသင်း တောင်ပံတိုက်စစ်ကစားသမား မန်ဖစ်ဒီပေးက မန်ယူအသင်းတွင် ခရစ္စတီယာနိုရော်နယ်ဒိုကဲ့သို့ အောင်မြင်မှုရရှိရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းသည် ဟော်လန်ကစားသမား ဒီပေး(၂၁နှစ်)အား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိထားပြီးဖြစ်သည်။ တောင်ပံကစားသမား ဒီပေးသည် မေလ ၁၀ ရက်တွင် အိုင့်ဟိုဗင်အသင်းက ဟာရေကဲလ်အသင်းအား ၂-၀ ဖြင့် အနိုင်ရရှိခဲ့သော ဟော်လန်ပထမတန်းပွဲစဉ်၌ ၃၅ ကိုက်အကွာမှ ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းယူနိုင်ခဲ့သူဖြစ်သည်။

"ကျွန်တော်ဟာ တစ်နေ့နေ့မှာ ကမ္ဘာ့အကောင်းဆုံးကစားသမားတွေအနက်က တစ်ဦးဖြစ်လာနိုင်တယ်လို့ မျှော်လင့်ထားပါတယ်။ ခရစ္စတီယာနို ရော်နယ်ဒိုက ကျွန်တော်စောင့်ကြည့်ခဲ့ရတဲ့ ကစားသမားပါ။ ထိပ်တန်းကစားသမားတွေအားလုံးရဲ့ ကစားပုံတွေကိုလည်း ကျွန်တော့်ကြည့်ရှုလေ့လာပြီး သူတို့ဆီက သင်ယူမှုတွေပြုလုပ်နေပါတယ်။ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာဖို့ ကျွန်တော် ကြိုးစားသွားမှာဖြစ်သလို လေ့ကျင့်ရေးအစီအစဉ်တိုင်းမှာလည်း အကောင်းဆုံး ကြိုးစားလုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု တောင်ပံကစားသမား ဒီပေးက ပြောသွားသည်။

တောင်ပံကစားသမား ဒီပေးက သူသည် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း ဟော်လန်လက်ရွေးစင်အသင်းတွင် လက်တွဲခဲ့ဖူးသူ မန်ယူမန်နေဂျာ လူးဝစ်ဗန်ဟားလ်ကြောင့် မန်ယူကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

"ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့ဖို့ အလွန်ကို နီးစပ်ခဲ့ပါတယ်။ ကျွန်တော့်ကို မန်ယူအသင်းက စိတ်ဝင်စားတယ်ဆိုတာကို သိပေမယ့် အစောပိုင်းမှာ မန်ယူဆီက တရားဝင် ဆက်သွယ်မှုမရခဲ့ပါဘူး။ ဒါပေမယ့် နောက်ဆုံးမှာတော့ မန်ယူက ကျွန်တော့်ကို ဆက်သွယ်လာခဲ့ပြီး မန်ယူမန်နေဂျာနဲ့ စကားပြောဖြစ်ခဲ့ပါတယ်။ မန်ယူမှာကစားခွင့်ရမယ့်အတွက် အလွန်ဂုဏ်ယူမိပါတယ်။ ကျွန်တော်ဟာ အသက် ၁၂ နှစ်အရွယ်ကတည်းက မန်ယူမှာကစားချင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် အမြဲပြောနေခဲ့တာပါ။ အခု တော့ ကျွန်တော့် အိပ်မက်က အမှန်တကယ်ဖြစ်လာပါပြီ"ဟု ဒီပေးက ဆက်လက်ပြောဆိုခဲ့သည်။ တောင်ပံကစားသမား ဒီပေးသည် ယခုနှစ်ဘောလုံးရာသီတွင် အိုင့်ဟိုဗင်အသင်းအတွက် စုစုပေါင်း ၃၉ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၈ ဂိုး သွင်းယူထားသူဖြစ်သည်။